http://www.dhammadownload.com

## မြန်မာ သီရိလင်္ကာ သာသနာဆက်သွယ်ရေး

ပုဂံခေတ်၊ အင်းဝခေတ်နှင့် ဟံသာဝတီခေတ်မှသည်

ကုန်းဘောင်ခေတ်ရှေ့ပိုင်းနှင့် နောက်ပိုင်း....

သီရိလင်္ကာနိုင်ငံမှ ဆရာတော်ကြီးများ မြန်မာနိုင်ငံသို့

ကြွရောက်လာကြခြင်းသည်လည်းကောင်း....

မြန်မာနိုင်ငံမှ ဆရာတော်ကြီးများ သီရိလင်္ကာနိုင်ငံသို့

ကြွရောက်ခြင်းသည်လည်းကောင်း....

# မြန်မာ သီရိလင်္ကာ သာသနာဆက်သွယ်ရေး



ပါရဂူ

ပုဂံစာအုပ်တိုက်

http://www.dhammadownload.com

ပုဂံစာအုပ် အမှတ် ၃၀၂

# မြန်မာ သီရိလင်္ကာ
# သာသနာ ဆက်သွယ်ရေး

ပါရဂူ

ပုဂံ

http://www.dhammadownload.com

၂၀၀၆
## ပုဂံစာအုပ်တိုက်မှ ထုတ်ဝေပြီး စာအုပ်များ

---

၃၀၀။ သံစဉ်သံလှိုင်း စိတ်ခိုင်းစေရာ [ဝင့်ပြုံးမြင့်]
၃၀၁။ အခု ဘာဖတ်နေသလဲနှင့် အခြားဖတ်စရာ တများ [ချစ်ဦးညို]

## ဆက်လက်ထွက်ရှိမည့်စာအုပ်များ

---

၃၀၃။ တောများ။ တောင်များ။ မြစ်များ။ နှုးညံ့ဆစ်ခြေလျှောများ [နေဝင်းမြင့်]

တမူခွင့်ပြုချက်အမှတ် - ၄၀၁၃၈၃၀၅၁၂

၃၀၄။ တပန်းပွင့်ကြွေအလွမ်းပြေ [လယ်တွင်းသား စောချစ်]

တမူခွင့်ပြုချက်အမှတ် - ၅၀၁၆၆၅၀၅၁၂

၃၀၅။ မြန်မာဝတ္ထုတိုဆရာများ (၂) [တာရေးဆရာစုံ]

တမူခွင့်ပြုချက်အမှတ် - ၅၀၁၆၅၃၀၅၁၂

၃၀၆။ ပျို့ကဗျာခက်ဆစ်အဘိဓာန် [ပါရဂူ]

တမူခွင့်ပြုချက်အမှတ် - ၄၀၁၀၁၃၀၅၁၂

၃၀၇။ ၂၁ ရာစု ပုဂံစာတမ်းများ [စာရေးဆရာစုံ]

တမူခွင့်ပြုချက်အမှတ် - ၅၀၁၇၂၈၀၅၁၂

http://www.dhammadownload.com

မြန်မာ သိရိလင်္ကာ သာသနာ ဆက်သွယ်ရေး

ပါရှု

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၃၂၀၇၀၃၀၅၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၃၂၀၇၀၃၀၅၀၃ |
| အုပ်ရေ | – | ၁၀၀၀ |
| ပုံနှိပ်ခြင်း | – | ပထမအကြိမ်၊ ၂၀၀၆ |

ဒေါ်နီနီနိုင် (၀၇၁၃၅)၊ သီရိမေ ရောင်စုံပုံနှိပ်တိုက်
အမှတ် ၁၉၊ လမ်း ၉၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ရန်ကုန်မြို့ တွင် ရိုက်နှိပ်သည်။

ဒေါ်နိုင်နိုင်ဦး (၀၄၁၃၈)၊ ပုဂံစာအုပ်တိုက်
အမှတ် ၈၀၉ (A)၊ ဒေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်
တာမွေမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေဖြန့်ချိသည်။
ဖုန်း – ၀၉ ၅၁၁၀၀၃၈

တန်ဖိုး
( ၅၀၀ ကျပ်)

http://www.dhammadownload.com

# မာတိကာ


| | |
|---|---|
| ၁။ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပေးပို့သော သမိုင်းဝင် သဝဏ်လွှာများ | ၇ |
| ၂။ ပုဂံခေတ် | ၂၄ |
| ၃။ အင်းဝခေတ်နှင့် ဟံသာဝတီခေတ် | ၃၃ |
| ၄။ ကုန်းဘောင်ခေတ်ရှေ့ပိုင်း | ၄၁ |
| ၅။ ကုန်းဘောင်ခေတ်နောက်ပိုင်း | ၄၉ |
| ၆။ ရွှေကျင်ဆရာတော်၏ သီရိလင်္ကာနိုင်ငံခရီး | ၆၀ |
| ၇။ သီဟိုဠ်ရောက် ဒွါရဂိုဏ်းချုပ်ဆရာတော် | ၆၈ |
| ၈။ သီဟိုဠ်ရောက် ဝဇီရာ ရာမ ဆရာတော် | ၇၄ |
| ၉။ နှစ်နိုင်ငံ၏ ပညာသင်ကြားမှုဆက်သွယ်ရေး | ၈၀ |
| ၁၀။ နှစ်နိုင်ငံ စာပေကျမ်းဂန်များ၏ခရီး | ၈၇ |
| ၁၁။ ဆင္ဂသင်္ဂါယနာနှင့် သီရိလင်္ကာနိုင်ငံ | ၉၇ |


ပုဂံစာအုပ်တိုက်

http://www.dhammadownload.com

## တစ်နိုင်ငံနှင့် တစ်နိုင်ငံ ပေးပို့သော
## သမိုင်းဝင် သဝဏ်လွှာများ

ရှေးခေတ်က သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံ အပြန်အလှန် ပေးပို့ကြသည့် သမိုင်းဝင် 'သန္ဒေသကထာ သဝဏ်လွှာ' သို့မဟုတ် ပေးစာများရှိသည်။ သဝဏ်လွှာများကို ပါဠိဘာသာဖြင့် ရေးသားကြသည်။ ထိုသဝဏ်လွှာများသည် သီရိလင်္ကာ နှင့် မြန်မာ သာသနာဆက်သွယ်ရေးသမိုင်းကို မီးမောင်းထိုးပြနေကြသည်။ ယင်းသဝဏ်လွှာများအနက် 'သီရိမဟာဓမ္မဒီပေ ရတနာပုဏ္ဏပုရ ဝရေ သီရိပဝရ ဝိဇယာ နန္တယ သပဏ္ဍိက မဟာဓမ္မရာဇာဓိ ရာဇသာနမတ္ထု' အစရှိသော သဝဏ်လွှာသည် ထင်ရှားသည့် သဝဏ်လွှာတစ်စောင်ဖြစ်သည်။ ထိုသဝဏ်လွှာသည် သာသနာနှစ် ၂၄၀၂၊ မြန်မာနှစ် ၁၂၂၀ နှစ်၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ ဗုဒ္ဓဟူးနေ့၌ သီဟိုဠ်ကျွန်းသားတချို့က မြန်မာနိုင်ငံ ပဋ္ဌမသင်္ဂါယနာတင် မင်းတုန်းဘုရင်ထံ ဘာသာရေးကိစ္စနှင့် စပ်လျဉ်း၍ မိုင်းခိုင်းမြို့စား အတွင်းဝန် 'မင်းလှသီရိဇေယျသူ' မှ တစ်ဆင့် ပေးပို့သော သဝဏ်လွှာဖြစ်သည်။ ထိုသဝဏ်လွှာ၏ ဆိုလိုရင်း အနက်အဓိပ္ပာယ်အချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

ပုဂ်ံစာအုပ်တိုက်

http://www.dhammadownload.com



"ယခုအခါ သီဟိုဠ်ကျွန်း၌ ဘုရားရှင်ကို ကြည်ညို မြတ်နိုးသော မင်းများ မရှိခြင်းကြောင့် အယူကွဲ မင်း၊ မှူးမတ် စသည်တို့သည် ငွေရင်းများစွာ မြှုပ်နှံ၍ ကျောင်းများကို ဆောက်လုပ်တည်ထောင်ပြီးလျှင် အတတ်ပညာ အမျိုးမျိုးနှင့် မိစ္ဆာအယူများကို သီဟိုဠ်ကျွန်းတစ်ခွင်၌ ပြန့်အောင် ကြိုးစားနေကြပါသည်။ ထို့ကြောင့် ယခုအခါ သီဟိုဠ်ကျွန်း၌နေကြကုန်သော မြန်မာ့အနွယ်ဝင် ကောဏ္ဍ၊ လီသဒ၊ ပေါ်သေကာ၊ အဘာယ၊ သေကရ၊ ဂုဏရတန အမည်ရှိသော ဥပါသကာကျွန်တော်မျိုးတို့သည် ကိုလမ္ဗိုမြို့မှ တောင်ဘက် ခြောက်ဂါဝုတ်အဝေးတွင်ရှိသော ကဏ္ဍဂင်္ဂါမြစ်အနီး ဝသကဒဝ အရပ်၌ စေတီ၊ ဘုရားကျောင်း၊ တရားဟောဇရပ်၊ ဥပုသ်သိမ် စသည်တို့ဖြင့် တန်ဆာဆင်အပ်သော တိုက်တာအသစ် ဆောက်လုပ်ရန် ဆုံးဖြတ်လျက် ထိုအဆောက်အဦများအနက် ရှေးဦးစွာ အလျား အတောင်ရှစ်ဆယ်၊ အနံ အတောင်ခြောက်ဆယ် ပမာဏရှိသော အင်္ဂတေ တံတိုင်း စသည်တို့ဖြင့် တန်ဆာဆင်အပ်သော ဓမ္မာရုံကြီးကို ဆောက်လုပ်နေကြသည်မှာ ငါးနှစ်မျှ ရှိပါပြီ။ ထိုဓမ္မာရုံကြီး ဆောက်လုပ်ပြီးစီးသောအခါ၌ အရှင်မင်းတရားကြီး၏ အမည်တော်ဖြင့် ပိဋကတ်သုံးပုံနှင့် အဋ္ဌကထာကျမ်းများကိုလည်းကောင်း၊ သဒ္ဒါဗျာကရဏ်း ကျမ်းတို့ကိုလည်းကောင်း၊ ဘုရားဆင်းတုတော်များကို လည်းကောင်း ပူဇော်လိုကြပါသည်။

"သီဟိုဠ်ကျွန်း ပထမ ဝိဇယဗာဟုမင်း လက်ထက်က သီဟိုဠ်ကျွန်း သာသနာ ထွန်းကားစေခြင်းအလို့ငှာ ထိုအချိန်က နန်းတက်နေသော ယိုးဒယား (ထိုင်း) ဘုရင်ထံ သဝဏ်လွှာ ပါးသည်ရှိသော် လိုအပ်သော ရွှေငွေရတနာ့ကျမ်းစာအုပ်များနှင့် ပရိက္ခရာတို့ကို ပို့ပြီး ကျေးဇူးတော်ပြုပုံ သည် သီဟိုဠ်ရာဇဝင်ကျမ်းများ၌ အထင်အရှားပါရှိပါသည်။ ထိုနည်းတူစွာ အရှင်မင်းမြတ်၏ ကျေးဇူးတော်ဖြင့်လည်းကောင်း၊ မှူးမတ်အပေါင်းတို့၏

http://www.dhammadownload.com



အားပေး ထောက်ပံ့ချက်ဖြင့်လည်းကောင်း အားနည်းနေသော သီဟိုဠ်သာသနာကို အားဖြည့်ပေးပြီးလျှင် ကုသိုလ်ကောင်းမှုတို့ကို ပွားစည်းစေလိုပါသည်"

ရွှေကျင်ဆရာတော်ကြီး သီရိလင်္ကာနိုင်ငံ ကြွစဉ်က စွယ်တော်ထိန်းနာယကမထေရ်ကြီးများထံ စွယ်တော်ကြေတ်ဖွင့်ရန် တောင်းပန်လျှောက်ထားသော 'အရောစယာမိဝေါ အာယသ္မန္တာ လင်္ကာဒီပိကာ သုကတပုညာဒါဌာဓာတုဝရ ပါလကာ' အစချီသော သန္ဒေသကထာသဝဏ်လွှာသည်လည်း သီရိလင်္ကာ မြန်မာ သာသနာဆက်သွယ်ရေးသမိုင်း၌ မှတ်တမ်းတစ်ခုအဖြစ်တည်ရှိနေပေသည်။ ထိုသန္ဒေသကထာ၏ လိုရင်းအတိုချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

"ရှေးအခါက တပည့်တော်သည် မြန်မာနိုင်ငံ ရတနာပုံ နေပြည်တော်မန္တလေးတောင် ဂူလိုဏ်၌ မင်းဆရာအဖြစ် နေထိုင်၍ မိုးနိုလာကြသူ တပည့်များအား တရားဟောကြားဆုံးမ၍ စွမ်းအားရှိသမျှ ဂိုဏ်းသံဃာကို စာပေပို့ချနေပါသည်။ ထို့နောက် တပည့်တော်သည် နေပြည်တော်၌ ဂါမဝါသီနေရခြင်းကို ရှက်ကြောက်စက်ဆုပ်သည်ဖြစ်၍ ဂါမဝါသီနေထိုင်ခြင်းကို ပယ်စွန့်ပြီးလျှင် နေပြည်တော်နှင့် တစ်ယူဇနာ၊ နှစ်ယူဇနာအဝေး၌ ရှိသောတောတွင်း၌ နှစ် နှစ် အရညဝါသီအဖြစ် နေထိုင်ခဲ့ပါသည်။ ယခုအခါ နေပြည်တော်နှင့် တစ်ဆယ်ယူဇနာဝေးသော နွားလံတောင် မဥ္ဇူသကကျောင်း၌ နေထိုင်လာခဲ့သည်မှာ နှစ်နှစ်ရှိခဲ့ပါပြီ။

ရွှေကျင်ဆရာတော်ကြီးသည် သူ၏ သန္ဒေသကထာ၌ ယင်းသို့သူ့ကိုယ်သူ မိတ်ဆက်စကားဆိုပြီးလျှင် စွယ်တော်ကို ဖူးမြော်လိုသောဆန္ဒကြီးမားပုံ၊ စွယ်တော်ဖူးမြော်ရန် သီဟိုဠ်သို့လာရန် အကြိမ်ကြိမ် ကြိုးစားအားထုတ်သော်လည်း ထမြောက် အောင်မြင်ခြင်း မရှိခဲ့ပုံ၊ ထို့နောက်

http://www.dhammadownload.com



အားမလျှော့ဘဲ ဆက်လက်ကြိုးစားခဲ့ရာ အကြံ ထမြောက်ပြီး သီဟိုဠ်သို့ ဆိုက်ရောက်လာပုံ၊ သီဟိုဠ်၌ မည်သို့မည်ပုံ နေထိုင်သွားလာရပုံတို့ကို ရေးသားပြီးလျှင် သူ၏ ခရီးစဉ်အကြောင်းတို့ကို ရေးပြထားတော်မူသည်။ ထို့နောက် ဤသို့ ဆက်လက်ရေးသားထားတော်မူသည်။

"အရှင်ဘုရားတို့သည် ဘုန်းတန်ခိုး ကြီးမြင့်တော်မူကြပါ၏။ အကြောင်းသော်ကား အရှင်ဘုရားတို့သည် ဇမ္ဗူဒီပါကျွန်း၊ သီဟိုဠ်ကျွန်း၌ တစ်ပါးသူတို့ တစ်သက်တွင် တစ်ခါမျှ ကိုယ်တိုင်ဖူးမြင်၍ ကိုင်ယူပူဇော်ခြင်းငှာ ရခဲလှစွာသော ဘုရားရှင်၏ စွယ်တော်မြတ်ကို နေ့စဉ်နေ့တိုင်း အထူးထူးသော ပူဇော်ဖွယ်တို့ဖြင့် ပူဇော်ခြင်းငှာလည်းကောင်း၊ အကြိမ်ကြိမ် အဖန်ဖန် ကိုယ်တိုင် ဖူးမြင် ယူကိုင်၍ ဦးထိပ်၌တင်ကာ ရှိခိုးခြင်းငှာ လည်းကောင်း အခွင့်ရတော်မူကြကုန်၏။

"တပည့်တော်တို့သည်ကား အလွန် ဘုန်းကံ နည်းကြပါ၏။ အကြောင်းကိုဆိုသော် အရှင်ဘုရားတို့ ပူဇော်မြတ်နိုးအပ်သော စွယ်တော်ဓာတ်မြတ်ကို ဖူးမြင်ကိုင်ယူကာ ဦးထိပ်၌တင်ထားလျက် ပူဇော်ခြင်းငှာ ယနေ့အထိ တစ်ကြိမ်မျှ အခွင့်မရဖူးကြပါကုန်။ ထို့ကြောင့် တပည့်တော်သည် နှစ်ရက် သုံးရက်မျှ ဘုရားရှင်၏ စွယ်တော်မြတ်ကို ကိုယ်တိုင် ဖူးမြင် ကိုင်ယူ၍ လက်ဝါးအပြင်၌လည်းကောင်း၊ ဦးခေါင်းထက်၌လည်းကောင်း ကောင်းစွာတင်ပြီးလျှင် နံ့သာရေတို့ဖြင့် လိမ်းကျံကာ ထီးဖြူ ဗိတာန်တံခွန်၊ ကြက်လျှာ စသည်တို့ဖြင့် လည်းကောင်း၊ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့်လည်းကောင်း ပူဇော်ခွင့်ရရန်အလို့ငှာ တောင်းပန်လျှောက်ထားပါ၏။

"ဘုရားရှင်တို့၏ စွယ်တော်ဓာတ်မြတ်သည် အလွန် အံ့ဩဖွယ် ကောင်းသော ဂုဏ်အပေါင်းကို ဆောင်လျက် အလိုရှိအပ်သော အကျိုးထူး အကျိုးမြတ်ကို ပေးစွမ်းနိုင်ပါ၏။ စွယ်တော်မြတ်သည် အရောင်ပေါင်း

http://www.dhammadownload.com



များစွာတို့ဖြင့် ထွန်းလင်းတောက်ပသော နေနတ်သားသည် နေဝိမာန် အတွင်းမှ ထွက်ဘိသကဲ့သို့ ရွှေ ငွေ စသော ရတနာတို့ဖြင့် ဆန်းကြယ်စွာ တောက်ပသော လှူပေါင်းများစွာတို့၏ နှစ်သိမ့်ခြင်းကို ဖြစ်စေတတ်သော စွယ်တော်ကြုတ်အတွင်းမှ တစ်ခဏမျှ ထွက်ကြွတော်မူ၍ သက်တော် ထင်ရှားရှိသော ရှင်တော်ဘုရားကဲ့သို့ ဖြူသော ရောင်ခြည်တော်တို့ကို ထိုမှ ဤမှ လွှတ်တော်မူလျက် အတန်ငယ် ဒေသစာရီကြွပြီးသော် တပည့်တော် တို့၏ ဦးခေါင်းထက်၌ ကောင်းစွာရပ်တည်ကာ မွှေးကြိုင်သော နံ့သာရေ တို့ဖြင့် လိမ်းသပ်လျက် ဘုရားရှင်၏ တင့်တယ်ခြင်းဖြင့် တင့်တယ်တော် မူကာ ပရိသတ်အလယ်၌ ကိုယ်တော်၏ ဖြူသောရောင်ခြည်တော်တို့ဖြင့် တင့်တယ်လျက် လူအပေါင်းကို တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက် သာဓု ခေါ်စေပြီးလျှင် ကြည်ညိုနှစ်သိမ့်စေဘိသကဲ့သို့ ထိုနည်းတူစွာ ပြုလုပ် ဆောင်ရွက်တော်မူကြပါကုန်။ ယင်းကဲ့သို့ အခွင့်ပေးပါက တပည့်တော် တို့သည် အရှင်ဘုရားတို့၏ ဤမျှများပြားသော ကျေးဇူးတရားကို ဆင်ခြင်ကာ ဝမ်းမြောက်ဝမ်းသာ အသက်ထက်ဆုံး ကျေးဇူးတင်မဆုံး ရှိနေရပါလိမ့်မည်။ အရှင်ဘုရားတို့၏ ဂုဏ်ကျေးဇူးကို မမေ့မလျော့ဘဲ အရှင်ဘုရားတို့ အလိုရှိအပ်သည့် သာသနာရေးကိစ္စများကို အရှင်ဘုရား တို့၏ သီဟိုဠ်ကျွန်း၌ လည်းကောင်း၊ တပည့်တော်တို့၏ ဇမ္ဗူဒိပ်ကျွန်း၌ လည်းကောင်း ပြုလုပ်ဆောင်ရွက်ကြပါမည်"

မြန်မာသက္ကရာဇ် ၁၂၆၀ ပြည့်နှစ် (သာသနာနှစ် ၂၄၄၂) တပို့တွဲ လဆန်း ၁၀ ရက်နေ့၌ သီရိလင်္ကာနိုင်ငံ သီရိသုမင်္ဂလ အမည်ရှိသော နာယကမထေရ်သည် မြန်မာနိုင်ငံ မန္တလေးမြို့ သမုတိပခန်းသာသနာပိုင် ဆရာတော်ထံ 'အပရိယန္တာ နန္တဂုဏ ဂဏာဓာရ ပသတ္တ ဝရတာရ ဇမ္ဗူဒီပါ ပရန္တက ဇနပဒ အကုဋ္ဌဘူတေ မန္တလေး မဟာနဂရေ' အစရှိသော

http://www.dhammadownload.com



သန္ဒေသကထာ သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့လေသည်။

ထိုသဝဏ်လွှာ၌ သီရိလင်္ကာမြန်မာ သာသနာ ဆက်သွယ်ရေးသမိုင်း၏ အကွက်တစ်ကွက် ထင်ဟပ်နေပေသည်။ ထိုသဝဏ်လွှာ၏ အနက်အဓိပ္ပာယ် အကျဉ်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

"သီဟိုဠ်ကျွန်း ဂါဠူမြို့အနီး ပနသထလရွာ သုဒဿနာ ရာမ ကျောင်းတိုက်ကြီးကို အုပ်ချုပ်နေသော ငါးဆယ့်သုံးဝါရ အမရပူရဂိုဏ်းချုပ် တပည့်တော် သီရိသဒ္ဓမ္မဝံသပါလ သီရိ သုမင်္ဂလ နာယကမထေရ် လျှောက်ထားပါသည်။ တပည့်တော်တို့သည် သီဟိုဠ်ကျွန်း အမရပူရဂိုဏ်း အနွယ်ဝင်များ ဖြစ်ကြပါကုန်၏။ အရှင်ဘုရားတို့၏ မြန်မာနိုင်ငံမှာ အမရပူရမြို့တော် ထွန်းကားစဉ် 'ဉာဏာဘိဝံသဓမ္မသေနာပတိ မဟာ ဓမ္မရာဇာဓိရာဇဂုရု' အမည် ရှိတော်မူသော သာသနာပိုင်ဆရာတော်ကြီး လက်ထက်၌ ထိုသာသနာပိုင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်း ခံလာကြသော တပည့်တော်တို့၏ ဆရာစဉ်ဆက်အနွယ်သည် ယခု ထက်တိုင် မပျက်မစီးဘဲ ဆက်လက်တည်ရှိနေပါသည်။ သို့သော်လည်း ယခုအခါတွင် တပည့်တော်တို့၏ ဂိုဏ်းအနွယ်သည် အားနည်းသကဲ့သို့ ဖြစ်နေပါသည်။

"ယခု သီဟိုဠ်ကျွန်းမှ မြန်မာနိုင်ငံကြွလာသော 'သီရိသဒ္ဓမ္မာဓာရ' မထေရ်သည် မဟာတိတ္တမြို့ အမရပူရဂိုဏ်းချုပ် 'သီရိသဒ္ဓမ္မာရာမ' မထေရ် မြတ်၏ တပည့်ဖြစ်ပါသည်။ ယခုအခါ ထိုမထေရ်သည် မဟာတိတ္တမြို့၌ တပည့်တော်တို့၏ဂိုဏ်းချုပ် စာချဆရာတော်ဖြစ်ပါသည်။ တပည့်တော် သည် ထိုမထေရ်၏ ကမ္မဝါစာဆရာဖြစ်၍ အမျိုးတူ အနွယ်တူ ဖြစ်ပါသည်။ တပည့်တော်၏ ဆွေမျိုးရင်းချာလည်း ဖြစ်ပါသည်။ ထိုရဟန်းတော်သည် ယခုအခါ အသက်အန္တရာယ်ကို ပမာဏမထားဘဲ သီဟိုဠ် သာသနာ

http://www.dhammadownload.com



ထွန်းကားရေးအတွက် ပင်လယ်သမုဒ္ဒရာကို ဖြတ်ပြီးလျှင် မြန်မာနိုင်ငံသို့ လာပါသည်။

"ထို့ကြောင့် အရှင်ဘုရားတို့သည် ထိုရဟန်းတော်အားလည်းကောင်း၊ သီဟိုဠ်ကျွန်းရှိ မြန်မာဂိုဏ်းသား တပည့်တော်များအားလည်းကောင်း၊ သီဟိုဠ်သာသနာအားလည်းကောင်း ငဲ့ညှာထောက်ထားပြီးလျှင် ထိုရဟန်းတော် လိုလားတောင့်တသည့် သာသနာတော်ရေးကိစ္စများကို ပြုလုပ်ဆောင်ရွက်ပေးစေလိုပါသည်။ ထိုရဟန်းတော် မြန်မာနိုင်ငံ၌ရှိနေစဉ်အတွင်း အစစ အရာရာ တာဝန်ယူ၍ စောင့်ရှောက်တော်မူပါဘုရား"

သီဟိုဠ်ကျွန်းနေ သီရိသုမင်္ဂလ နာယက မဟာထေရ် ပေးပို့သော သဝဏ်လွှာကို ပြန်ကြားသည့်အနေဖြင့် သာသနာပိုင်ဆရာတော်၏ ကိုယ်စား မိုင်းခိုင်းဆရာတော်က သီရိသုမင်္ဂလ နာယက မဟာထေရ်ထံ 'ဒီပသေဋ္ဌဒီပုဂ္ဂတသန်္ဒေလင်္ကာဒီပေ' အစရှိသော သဝဏ်လွှာ ပြန်ကြားလွှာကို ပေးပို့ခဲ့လေသည်။ ထိုသဝဏ်လွှာ၏ လိုရင်းအဓိပ္ပာယ် အချုပ်မှာ အောက်ပါအတိုင်းဖြစ်သည်။

"သီဟိုဠ်ကျွန်း ဂါဠုမြို့အနီး ပနသထလရွာ သုဒဿနာ ရာမ ကျောင်းတိုက်၏ အရှင် အမရပူရဂိုဏ်းချုပ် သီရိသဒ္ဓမ္မ ဝံသပါလ သီရိ သုမင်္ဂလနှင့် ကိုလမ္ဗိုမြို့ တေယသေခရာ ရာမကျောင်းတိုက် အရှင် အမရပူရ ဂိုဏ်းချုပ် သီရိသဒ္ဓမ္မဝံသိ က သီဝက မထေရ်မြတ်နှစ်ပါးတို့ပို့သော သဝဏ်လွှာ နှစ်စောင်ကိုလည်းကောင်း၊ သီဝကမထေရ်ပေးပို့သော ဘုရားရှင် ဓာတ်တော် ကိန်းဝပ်ရာ စေတီတော်နှစ်ဆူ၊ ဆင်စွယ်ဖြင့်ပြုလုပ်ထားသော စွယ်တော်ပုံ၊ ဓာတ်တော်ကြုတ်စေတီတို့ကိုလည်းကောင်း၊ တပည့်တော် အတွက် လှူဒါန်းသော တိစီဝရိတ်သင်္ကန်းနှင့် မျက်နှာသုတ်ပဝါတို့ကို လည်းကောင်း သာသနာနှစ် ၂၄၄၃ ခု၊ ကဆုန်လပြည့်ကျော် ကိုးရက်နေ့၌

http://www.dhammadownload.com



တပည့်တော် လက်ခံရရှိပါသည်။ မြန်မာနိုင်ငံသို့ ရောက်လာသော သီရိသဒ္ဓမ္မာစာရနှင့် သူ၏ တပည့်ရဟန်းတော်သည် ပင်လယ်သမုဒ္ဒရာကို ကူးမြောက်ပြီး ရန်ကုန်မြို့သို့ ရောက်လာသောအခါ ကျောက်ရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားကြသည်ဖြစ်၍ တပည့်တော်များထံသို့ပင် ရောက်မလာနိုင်တော့ပါ။

"အသက်အန္တရာယ်ကို ပမာဏမထားဘဲ ကြီးစွာသော လုံ့လဖြင့် သီရိသဒ္ဓမ္မာစာရ မြန်မာနိုင်ငံသို့ ကြွလာသည့် သတင်းကို လည်းကောင်း၊ အရှင်ဘုရားများ၏ သန္ဒေသကထာအရ ထိုမထေရ်၏ ဂုဏ်အရည်အချင်းကို လည်းကောင်း၊ မန္တလေးမြို့သို့ မရောက်ဘဲ ရန်ကုန်မြို့၌ ထိုမထေရ် ကျောက်ရောဂါဖြင့် ပျံလွန်တော်မူသွားသည့် သတင်းကိုလည်းကောင်း ကြားသိရသည်ဖြစ်၍ တပည့်တော် အမှူးရှိသော ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့် အခြားသံဃာတော်အပေါင်းသည် ကရုဏာစိတ် ဖြစ်ပွားကြပြီးလျှင် သံဝေဂတရား ရရှိကြပါသည်။ ရတနာအမျိုးမျိုး အပြည့် တင်လာသော ရွှေသင်္ဘောကြီးတစ်စင်း ပင်လယ်သမုဒ္ဒရာကို ကူးမြောက် ခဲ့ပြီး ကမ်းကပ်လျှင်ကပ်ခြင်း ကျောက်တောင်ကမ်းပါးကြီး ပြိုကျလွှမ်းမိုး သွားသဖြင့် လုံးဝမမြင်ရတော့ဘဲ ပျောက်ကွယ်နစ်မြုပ်သွားသကဲ့သို့ပင် တပည့်တော်များ စံစားကြရပါသည်။ ထို့အတူပင် အရှင်ဘုရားများလည်း သံဝေဂတရား ရရှိလိမ့်မည်ဟု မျှော်လင့်ပါသည်။ သို့သော်လည်း သီဟိုဠ်ကျွန်း အမရပူရဂိုဏ်းနှင့် သာသနာတော်ကြီးပွားတိုးတက်ရေးကိုမူ ဆက်လက် ဆောင်ရွက်ရန် ထက်သန်သော ဆန္ဒ တပည့်တော်တို့ ရှိကြပါသည်။

သီရိလင်္ကာနိုင်ငံ၌ သာသနာရေးနှင့်စပ်လျဉ်း၍ အငြင်းအခုံ အရှုပ် အရှင်း တစ်စုံတစ်ရာ ဖြစ်သည့်အခါမျိုးများ၌ သီရိလင်္ကာနိုင်ငံမှ ရဟန်း သံဃာတော်များနှင့် လူ ဒါယကာ ဒါယိကာမ များသည် မြန်မာနိုင်ငံရှိ

http://www.dhammadownload.com



ဆရာတော်ကြီးများထံ စာသဝဏ်လွှာ ပေးပို့ပြီးလျှင် အဆုံးအဖြတ်ကို ရယူလေ့ရှိကြသည်။ တစ်ချိန်တွင် သီရိလင်္ကာနိုင်ငံ၌ ရဟန်းဘောင်မှ ထွက်သွားသော ရဟန်းလူထွက်တစ်ယောက်သည် သာသနာတော်နှင့် သာသနာ့ဝန်ထမ်း ရဟန်းတော်များကို ဝေဖန်ပုတ်ခတ်နေလေသည်။ ထိုအရေးအခင်းနှင့်စပ်လျဉ်း၍ သီရိလင်္ကာနိုင်ငံ၊ ပါဏဒူရမြို့ သဒ္ဓမ္မောဒယ ကျောင်းတိုက်မှ ဥပသေနမထေရ်သည် မြန်မာနိုင်ငံ မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးထံ ပါဠိဘာသာဖြင့် စာသဝဏ်လွှာ ပေးပို့ဆက်ကပ်လျက် ဆရာတော်ကြီး၏ အဆုံးအဖြတ်ကို မေးမြန်းစုံစမ်းသည်။ ဝိသုဒ္ဓါရုံဆရာတော်ကြီးက မြန်မာနှစ် ၁၂၆၂ တွင် ဥပသေနမထေရ်ထံ ပါဠိဘာသာဖြင့် သန္ဒေသကထာ ရေးပြီး ပြန်ကြားခဲ့သည်။ ထိုသန္ဒေသကထာ၏ လိုရင်းအကျဉ်းချုပ်မှာ ဤသို့ဖြစ်သည်။

"သာသနာနှင့် သာသနာ့ဝန်ထမ်းများကို ဝေဖန်ပုတ်ခတ်နေသော သဒ္ဓါတရား နည်းပါးလှသည့် ထိုရဟန်းလူထွက်သည် မကြာမီပင် အယူမှားသော မိစ္ဆာဒိဋ္ဌိဖြစ်လတ္တံ့။ ထိုရဟန်းလူထွက်၏ ငြင်းခုံချက်သည် ခိုင်ခံ့မှုမရှိသောကြောင့်လည်းကောင်း၊ အလေးမထားထိုက်သောကြောင့်လည်းကောင်း၊ လက်မခံထိုက်သောကြောင့်လည်းကောင်း သီဟိုဠ် ရဟန်းသံဃာတော်များအနေဖြင့် စစ်ဆေးပြီး အဆုံးအဖြတ် ပေးနေစရာမလိုပေ။ ထိုပုဂ္ဂိုလ်၏ အယူအဆသည် မကြာမီ ပျောက်ကွယ်သွားပေလိမ့်မည်။

"ထိုရဟန်းလူထွက်သည် အဋ္ဌကထာကြီးကိုပင် အလေးမပြုဘဲ ပစ်ပယ်သည်ဆိုပါလျှင် ထိုရဟန်းလူထွက်နှင့် ဖက်ပြိုင်လျက် ငြင်းခုံမှုကို မပြုထိုက်ချေ။ ထိုရဟန်းလူထွက်ကို အဝေးမှသာ ရှောင်ကြဉ်ထိုက်သည်။ ဥပမာအားဖြင့် လောက၌ ခွေးရူးကို အဝေးမှ ရှောင်ကြဉ်ကြကုန်သကဲ့သို့တည်း။

## ပုဂံစာအုပ်တိုက်

http://www.dhammadownload.com



တစ်ချိန်တွင် သီရိလင်္ကာနိုင်ငံ၌ ရဟန်းသံဃာတော်များ တရားဟောသည့် တရားပွဲများတွင် ကုလားထိုင်၊ ခုံ စသည်တို့တွင်ထိုင်၍ တရားနာအပ် မနာအပ်နှင့် စပ်လျဉ်းပြီး ဝိဝါဒ ဖြစ်ကြသည်။ ထိုပြဿနာနှင့် စပ်လျဉ်း၍ သီရိလင်္ကာနိုင်ငံ မေဓာနန္ဒအရှင်မြတ်က ဝဇီရာ ရာမ ဆရာတော်ကြီးထံ အဆုံးအဖြတ်ပေးပါရန် ပါဠိဘာသာ စာသဝဏ်လွှာ ဆက်ကပ်ပြီး ပန်ကြားလျှောက်ထားသည်။ ၁၂၆၆ ခုနှစ်တွင် မေဓာနန္ဒအရှင် လျှောက်ထားချက်ကို ဝဇီရာ ရာမဆရာတော်ကြီးက ဝိနိစ္ဆယ သာသနသကထာ ပေးပို့လျက် အဆုံးအဖြတ် ပေးခဲ့လေသည်။ ထိုသန္ဒေသကထာ၏ မြန်မာပြန်အကျဉ်းမှာ ဤသို့ဖြစ်သည်။

"တရားဟောရဟန်းတော်တို့ရှေ့မှောက်၌ ခြေထောက်တပ်ထားသည့် ခုံ၊ တန်းလျား၊ ကုလားထိုင် စသည်တို့၌ ထိုင်ပြီး တရားနာသောသူတို့သည် ကုသိုလ်ဖြစ်သလော၊ အကုသိုလ်ဖြစ်သလောဟူသော အမေးနှင့် စပ်လျဉ်း၍ ပြန်ကြားဖြေဆိုလိုက်ပါသည်။

မရိုသေသောစိတ်ရှိလျှင် အကုသိုလ်သာဖြစ်၏။ ကုသိုလ် မဖြစ်နိုင်။ ဤအရာ၌ စိတ်သည်သာ ပဓာနဖြစ်၏။

ရိုသေသောစိတ် ရှိစေကာမူ ထိုသို့သဘောရှိသော နေရာတို့၌ထိုင်၍ တရားနာခြင်းသည် မလျှောက်ပတ်။ တရားတော်၌ မရိုသေမှုမည်သည်ကား တရားနာရန် ဖိတ်ကြားကြွေးကြော်အပ်သည်ရှိသော် မရိုမသေသွားခြင်း၊ မရိုမသေနာခြင်း၊ မရိုမသေထိုင်ခြင်း စသည်များသာလျှင်ဖြစ်၏။ တရားဟောပုဂ္ဂိုလ်၏ နေရာအောက်နိမ့်သော တစ်ထွာတစ်တောင်မျှ ခြေထောက်တပ်ထားသည့် ကုလားထိုင် စသည်တို့၌ထိုင်ရခြင်း အမှုအရာသက်သက်မျှသာလျှင် ဓမ္မအဂါရဝဖြစ်သည် မဟုတ်ချေ။

ထို့ကြောင့် ပရိဝါအဋ္ဌကထာ၌

ပုဂံစာအုပ်တိုက်

http://www.dhammadownload.com



'အကြင်သူသည် စွမ်းနိုင်ပါလျက် တရားနာ မသွား၊ အသံကို မရွတ်ဆို၊ တရားကို မဟောကြား၊ တရားပွဲကို ဖျက်ဆီး၍ ထွက်သွား၏။ ပုံ့ပုံ့လွှင့်လွှင့် မငြိမ်မသက် မရိုမသေ ထိုင်နေ၏။ ထိုသူသည် တရားတော်၌ ကြည်ညိုမှု မရှိ' ဟု ဆိုထားသည်။

"သာရတ္ထဒီပနီ ဋီကာဝင် သမထက္ခန္ဓက အဖွင့်၌ 'အကြင်သူသည် တရားနာရန် ကြွေးကြော်ဖိတ်ကြားအပ်သည်ရှိသော် ရိုသေစွာ မသွား။ ရိုသေစွာ တရားကို မနာ၊ အိပ်၍သော်လည်းနေ၏။ စကား ပရမ်းပတာ ပြောဍသော်လည်း နေ၏။ ရိုသေစွာ မနာယူ။ သူတစ်ပါးကိုလည်း မဟော ပြောစေ။ အဘယ်ကြောင့် တရားတော်၌ မရိုမသေပြုသနည်းဟု သူတစ်ပါး တို့ ပြောဆိုအပ်သည်ရှိသော် ဆိတ်ဆိတ်နေ၏။ ဘာတရားလဲဟု ဆို၏။ ဤအမှုအရာများသည် တရား၌ မရိုမသေမည်၏' ဟု ဆိုထားသည်။

"တစ်ထွာတစ်တောင်မျှ ခြေထောက်တပ်အပ်သော ကုလားထိုင် စသည်တို့၌ ထိုင်နေခြင်းသာ အကယ်၍ တရားတော်၌ မရိုမသေဖြစ်ငြားအံ့၊ ထိုကဲ့သို့သော နေရာအထူးကို ပိုင်းခြားမှတ်သား၍ ဆိုခဲ့သည် ဖြစ်ရာ၏။ 'မရိုမသေ ထိုင်နေ၏' ဟု အဋ္ဌကထာ ဋီကာတို့၌ ဆိုထား၏။ ထို့ကြောင့် ပြဆိုခဲ့သောအတိုင်း မရိုမသေသွားခြင်း၊မရိုမသေနာခြင်း၊မရိုမသေထိုင်နေခြင်း စသော အမှုအရာများသာလျှင် တရားတော်၌ မရိုမသေမှုမည်၏။ တစ်ထွာ တစ်တောင်မျှ အခြေတပ်သော ကုလားထိုင် စသည်တို့၌ ထိုင်နေခြင်း အမှုအရာသည်လည်း ထိုနည်းအတိုင်းပင် တရားတော်၌ မရိုမသေမှုမည်၏ ဟူ၍ ဤအရာ၌ ဆုံးဖြတ်အပ်၏။

"စင်စစ်မှုကား တရားတော်၌ အတိုင်းထက်အလွန် ရိုသေခြင်းဖြင့် အပြစ်ကင်းစင်သောကြောင့်လည်းကောင်း၊ ရှေးအစဉ်အဆက် လာခဲ့သော တရားနှင့်လျော်သော မိမိတို့အမျိုးအလေ့အကျင့်ကို စောင့်ရှောက်ထိုက်

http://www.dhammadownload.com



သောကြောင့်လည်းကောင်း၊ တရားဟောပုဂ္ဂိုလ်၏ရှေ့မှောက်တွင် ထိုကဲ့သို့သော နေရာဋ္ဌာနတို့၌ ထိုင်နေ၍ သင် သီဟိုဠ်သားတို့သည် တရားမနာသင့်ပေ။ ရှေးရိုးစဉ်လာဖြစ်သော မိမိတို့အမျိုးအလေ့အကျင့်ဖြင့် သာလျှင် တရားနာထိုက်၏ဟူ၍ ယုံမှားမရှိ မှတ်သားအပ်၏။ ယခု ဖြစ်ပေါ်လာသော-များသောအားဖြင့် အယူတစ်မျိုးရှိကြသော ဥရောပတိုက်သားတို့၏ အမျိုးဓလေ့စရိုက်ဖြင့် တရားနာခြင်းငှာ မထိုက်ဟု မှတ်သားအပ်၏။

"စင်စစ်မှာမူ ထိုသို့သဘောရှိကုန်သော ကုလားထိုင် စသော နေရာတို့၌ထိုင်နေ၍ တရားနာခြင်းသည် ရှေးသီဟိုဠ်ကျွန်းသားတို့၏ အလေ့အကျင့် မဟုတ်ချေ။ ယခုအချိန်ကား ဥရောပတိုက်သားတို့၏ အလေ့အကျင့်ကို သင့်လျော်လျောက်ပတ်သည်ဟု မှတ်ထင်နှစ်သက်နည်းယူကြပြီးလျှင် ထိုဥရောပတိုက်သားတို့၏ အလေ့အကျင့်ကို လိုက်စား နည်းယူကြကုန်လျက် တရားဟောဓမ္မကထိက ရဟန်းတို့၏ရှေ့ မျက်မှောက်၌ ထိုသို့သဘောရှိကုန်သော တစ်ထွာတစ်တောင်မျှအခြေတပ်ထားသော ကုလားထိုင် စသော နေရာတို့၌ ထိုင်နေကာ တရားနာကြကုန်၏ဟူ၍ ထင်မိပေ၏။

"ငါတို့မြန်မာနိုင်ငံ၌ကား ထိုဆိုအပ်ခဲ့ပြီးသော တစ်ထွာတစ်တောင်မျှအောက်ခြေတပ်ထားသည့် ကုလားထိုင် စသော နေရာတို့၌ ထိုင်နေကာ တရားနာပုံကို ဘယ်နေရာ ဘယ်အရပ်ဋ္ဌာန၌မျှ မမြင်ဖူးပေ။ စင်စစ်သော်ကား ဖြောင့်မှန်သောအယူရှိကြကုန်သော သမ္မာဒိဋ္ဌိပုဂ္ဂိုလ်တို့မည်သည် သူတော်ကောင်းတရား၌ အလွန်မြတ်နိုးကုန်သော၊ သူတော်ကောင်းတရား၌ အလွန်ရိုသေကုန်သော၊ သူတော်ကောင်းတရား၌ အလွန်အလေးအမြတ်ပြုကုန်သော သူတို့သာလျှင် ဖြစ်တတ်ပေသည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ပင်သော်လည်း သူတော်ကောင်းတို့၏တရားကို အလွန်ပင် အလေးအမြတ် ပြုတော်မူကြကုန်၏။ ထို့ကြောင့် မြတ်စွာဘုရားက

http://www.dhammadownload.com



'ဓမ္မဉ္စော သဏ္ဍာနံ့ကတ္တာ ဂရုံကတ္တာ' စသော စကားကို မိန့်ကြားတော်မူခဲ့၏။ ငါတို့ကဲ့သို့သော သူတို့၌ အဘယ်မှာ ဆိုဖွယ်ရာ ရှိပါတော့အံ့နည်း။

"မြန်မာနိုင်ငံ၌ စစ်ကိုင်းမြို့၏ မြောက်မျက်နှာ ခြောက်ကောသ အတိုင်းအရှည်ရှိသော အရပ်ရတနာ့ဘူမိချောင်၌ နေထိုင်လျက်ရှိသော ငါသည် ယခုအခါ အိုမင်းအားလျော့ခဲ့ပြီး ခြေဖောရောင်ခြင်း၊ လက်ဖောရောင်ခြင်းတည်းဟူသော ရောဂါနှစ်ခု အစဉ်မပြတ် နှိပ်စက်ခြင်း ခံနေရ၏။ ထို့ကြောင့် ဤတရား အဆုံးအဖြတ်ကို ငါ၏ သဒ္ဓိဝိဟာရိကတပည့် စက္ကပါလထေရ်ကို ငါ့အလိုအတိုင်း ရေးသားစေ၍ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည်မှ သာသနာနှစ် ၂၄၅၁ ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် ၁၃ ရက် နေ့၌ ပေးပို့လိုက်သည်။"

သီရိလင်္ကာနိုင်ငံ ဗေရုဝဠရွာသား 'ပေါင်ဋီသိသော့ပြနာနန္ဒ' အမည်ရှိ ဥပါသကာတစ်ဦးကလည်း ပြဿနာတစ်ရပ်နှင့်စပ်လျဉ်း၍ လယ်တီဆရာတော်ကြီးထံ လျှောက်ထားလွှာ ပို့ဖူးသည်။ ပါဠိဘာသာဖြင့် ရေးထားသော ထိုလျှောက်ကြားလွှာ၏ အနက်အဓိပ္ပာယ်မှာ ဤသို့ဖြစ်သည်။

"မြန်မာနိုင်ငံ၌လည်းကောင်း၊ သီဟိုဠ်ကျွန်း၌လည်းကောင်း ပျံ့နှံ့ကျော်စောသော ဂုဏ်သတင်းသံ ရှိပေသော အဋ္ဌကထာနှင့်တကွ ပိဋကတ်သုံးပုံကို ဆောင်တော်မူသော လယ်တီကျောင်းတိုက်၌ သီတင်းသုံးတော်မူလေ့ရှိသော ဆရာတော်မြတ်ကြီး၏ ခြေတော်ကို ရှိခိုး၍ ရိုသေစွာ လျှောက်ထားပါသည်။ ယခုအခါ သီဟိုဠ်ကျွန်း ဘုရားကျောင်းတို့၌ တပည့်တော်တို့၏ ဂေါတမဘုရားရုပ်ပွားတော်ကို အလယ်ဗဟို၌ ကြီးမားစွာ ထုလုပ်ထား၍ ဒီပင်္ကရာ အစရှိသော နှစ်ကျိပ်လေးဆူရှိသော ဘုရားရှင်တို့၏ ဆင်းတုတော်တို့ကိုကား တိုက်နံရံတို့၌ သေးငယ်သော အခြင်းအရာအားဖြင့် ပြုလုပ်ထားကြကုန်၏။ ပန်းချီဆေးရေး မျှကိုသာ ပြုလုပ်ထားကြကုန်၏။

http://www.dhammadownload.com



"ထို့ပြင် ဂေါတမဘုရားရှင်၏ ရုပ်တုတော်သည် တိုက်ခန်းအတွင်း၌ တည်ရှိတော်မူ၏။ အခြားသော ဘုရားရှင်တို့၏ ရုပ်တုတော်တို့သည်ကား အတွင်းတိုက်ခန်းမကြီး၏ အပြင်ဘက်၌လည်းကောင်း၊ ဒုတိယတိုက်ခန်း၌သော်လည်းကောင်း၊ အတွင်းတိုက်ခန်းမကြီး၏ အထက်ဝန်းကျင်နံရံတို့၌သော်လည်းကောင်း တည်ရှိတော်မူကြကုန်၏။ ဤကဲ့သို့ ပြုလုပ်ခြင်း၊ ပြုလုပ်စေခြင်းသည် ဒီပင်္ကရာ အစရှိသော ဘုရားတို့၌ မရှိမသေ ဖြစ်သည်ဟု အချို့သော သူတို့က ပြောဆိုကြပါသည်။ အချို့သော သူတို့သည်ကား ဤအရာမျိုး၌ မရှိမသေမှု မဖြစ်နိုင်ဟု ပြောဆိုကြပါသည်။ ဤလျှောက်ထားခဲ့သော ဝါဒနှစ်မျိုး၏ တရားနှင့် သင့်လျော်သော အရှင်ဘုရား၏ အဆုံးအဖြတ်ကို အလိုရှိကြပါသည် အရှင်ဘုရား။ တပည့်တော်တို့အား သနားပါသဖြင့် အကျဉ်းချုပ် အဆုံးအဖြတ်ပေးတော်မူပါဟူ၍ ရှိသေစွာတောင်းပန်ပါသည်ဘုရား"

၁၂၇၃ ခုနှစ်၊ ရန်ကုန်မြို့၊ ပုဇွန်တောင် ညောင်ကုန်း ကျောင်းတိုက်၌ ဝါကပ် သီတင်းသုံးနေစဉ် လယ်တီဆရာတော်ကြီးသည် ထိုသီဟိုဠ် ဥပသကာ၏ လျှောက်ထားချက်ကို ပါဠိဘာသာဖြင့်ပင် ဝိနိစ္ဆယ သန္ဒေသကထာ ပြန်ကြားပေးပို့လိုက်သည်။ ယင်း ဝိနိစ္ဆယသန္ဒေသကထာ၏ အနက်အဓိပ္ပာယ်မှာ ဤသို့ဖြစ်သည်။

"အကြင်အရပ်၌ ထေရ်ကြီး ထေရ်ငယ်ဖြစ်ကြကုန်သော ရဟန်းတော်တို့သည် တပေါင်းတစည်းတည်း စည်းဝေးနေကြ၏။ ထိုအစည်းအဝေး၌ အကြင်သူသည် ရှိခိုးခြင်းကိုသော်လည်းပြု၏။ တစ်စုံတစ်ခုသော ပရိက္ခရာကိုသော်လည်း လှူဒါန်းပါ၏။ ထိုသူသည် အကယ်၍ တတ်နိုင်ပါမူကား မဟာထေရ်မြတ်ကြီးတို့၌ ပိုမိုသာလွန်စွာ ရှိခိုးခြင်း၊ လှူဒါန်းခြင်းအမှုကိုပြု၏။ အစည်းအဝေး၌ ရှိရှိသမျှသော ရဟန်းတို့အား ရှိခိုးလှူဒါန်းခြင်းအမှုကို

http://www.dhammadownload.com



မပြုနိုင်ပါလျှင် မဟာထေရ်မြတ်ကြီးတို့အားသာ ရှိခိုးလှူဒါန်းမှုကို ပြုပေလိမ့်မည်။ ဤကဲ့သို့ ပြုလုပ်ခြင်းသည် သက်ကြီးဝါကြီးမထေရ်ကြီးတို့ကို အလေးအမြတ်ပြုလေ့ရှိကုန်သော သူတို့၏ ပကတိသဘော အလေ့အကျင့် ဖြစ်ပေသည်။ ထိုကဲ့သို့မပြုဘဲ ဆိုခဲ့ပြီးသည်နှင့် ဆန့်ကျင်ဘက် ပြုလုပ်ခဲ့ပါလျှင် မဟာထေရ်မြတ်ကြီးတို့၌ အရိုအသေမပြုသည်မည်ယေ၏။ ထိုဥပမာ စကားရပ်၌ ရှေး၌ ပွင့်တော်မူကြပြီးကုန်သော ဒီပင်္ကရာ အစရှိသော ဘုရားရှင်တို့၏ရုပ်ပွားတော်တို့ကို သက်ဝါကြီးရင့်သော မထေရ်ကြီးတို့ကဲ့သို့ မှတ်အပ်ကုန်၏။ ထိုရုပ်ပွားတော်တို့တွင် ငါတို့ ဂေါတမဘုရား ရုပ်ပွားတော်သည် အလုံးစုံတို့အောက် အငယ်ဆုံး ဖြစ်တော်မူ၏။ ထိုအလုံးစုံတို့အောက် အငယ်ဆုံးဖြစ်သော ရုပ်ပွားတော်၌ ပိုမိုသာလွန်စွာ ပြုလုပ်ခဲ့ပါလျှင် ဒီပင်္ကရာ စသော ဘုရားရှင်တို့၌ လည်းကောင်း၊ ထိုဘုရားရှင်တို့၏ ရုပ်ပွားတော်တို့၌ လည်းကောင်း ရိုသေမှုကို မပြုသည်မည်လေ၏။ ဤသည်ကား အချို့သော သူတို့၏ ဆိုလိုရင်း အဓိပ္ပာယ်တည်း။

"ထိုမှတစ်ပါး အချို့သော သူတို့သည်ကား ဤကဲ့သို့သော အရာမျိုး၌ မရိုမသေမှု မဖြစ်နိုင်ဟု ပြောဆိုကြပါသည်" ဟူ၍ သင်၏ လျှောက်ထားချက်၌ပါသော အချို့သောသူတို့၏ ဆိုလိုရင်း အဓိပ္ပာယ်ကား ဤသို့တည်း။ ဘုရားရှင်တို့၏ အနန္တ ဂုဏ်တော်တို့သည် သီလ စသော ဂုဏ်တော်၊ ကျေးဇူးပြုခြင်း ဂုဏ်တော်ဟူ၍ နှစ်မျိုးရှိကုန်၏။ ထိုနှစ်မျိုးတို့တွင် 'သတ္တိမေ ဗုဒ္ဓါ ဘဂဝန္တော အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အနန္တဂုဏာ' စသည်ဖြင့် ဆိုအပ်သော အရာတို့၌ သီလ စသော ဂုဏ်တော်တို့ကို သိမှတ်အပ်၏။ ဗုဒ္ဓဂုဏော အနန္တော၊ ဓမ္မဂုဏော အနန္တော၊ သံဃဂုဏော အနန္တော၊ မာတာပိတုဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တော စသည်ဖြင့် ဆိုအပ်သော အရာတို့၌ ကျေးဇူးပြုခြင်း ဂုဏ်တို့ကို သိမှတ်အပ်၏။ ထိုစကား မှန်၏။

http://www.dhammadownload.com



'မာတာပိတုဂုဏော အနန္တော' ဆိုရာ၌ သီလ စသော ဂုဏ်ကို အလိုမရှိအပ်။ စင်စစ်သော်ကား မိဘတို့က သားတို့၌ ကျေးဇူးပြုမှု ဂုဏ်ကျေးဇူးကိုသာ အလို ရှိအပ်၏။ ထိုကျေးဇူးပြုမှုဂုဏ်သည်လည်း မိမိ၊ မိမိတို့၏ သားသမီး နှင့်သာ ဆက်ဆံ၏။ တစ်ပါးသော ပုဂ္ဂိုလ်များနှင့်ကား မဆက်ဆံချေ။

"ထိုအနန္တဂုဏ်နှစ်မျိုးတို့တွင် အလုံးစုံသောဘုရားရှင်တို့၏ သီလ စသော ဂုဏ်တို့သည် သဒ္ဓါတရားနှင့် ပြည့်စုံသော နတ် လူ အလုံးစုံတို့နှင့် အကုန် ဆက်ဆံကြကုန်၏။ ကျေးဇူးပြုမှု ဂုဏ်တော်သည်ကား ကိုယ်တော် ကိုယ်တော်မြတ်တို့၏ ဆိုင်ရာ သာသနာတော်အတွင်း၌ ကြုံကြိုက်ကြ ကုန်သော တပည့်သာဝက တို့နှင့်သာ သက်ဆိုင်ကုန်၏။ ဥပမာအားဖြင့် မိဘတို့၏ ဂုဏ်ကျေးဇူးသည် မိမိတို့၏ သားသမီးတို့နှင့် သက်ဆိုင်လေဘိ သကဲ့သို့တည်း။

"ထိုသံဃအစည်းအဝေး၌ များစွာကုန်သော ပုဂ္ဂိုလ်တို့၏ အလယ် တွင် မိမိ၏ဆရာသည် မထေရ်ငယ်လေးဖြစ်၍နေ၏။ ထိုမထေရ်ငယ်၏ တပည့်သည် ဆရာက ကျေးဇူးပြုခဲ့သော အနန္တဂုဏ်ကို အာရုံပြု၍ ထိုမထေရ် ငယ်၌ အတိုင်းထက်အလွန်ပြုလုပ်ကာ ရှိခိုးသော်လည်းကောင်း၊ ထိုထို ပူဇော်သကာကို ပြုလုပ်သော်လည်းကောင်း၊ ကိုယ့်မိဘမှတစ်ပါး သက်ကြီး ရွယ်ရင့်တို့အပေါ်၌ မရိုမသေ ပြုသည်ဟု မဆိုထိုက်။ ထိုနည်းအတိုင်းပင် တစ်ခုသော နေရာဌာန၌ ဒီပင်္ကရာ အစရှိကုန်သော နှစ်ကျိပ်ငါးဆူ ကုန်သော ရုပ်ပွားတော်တို့၏ အလယ်၌ ငါတို့ဘုရားရှင်၏ အနန္တ ကျေးဇူးဂုဏ်ကို အာရုံပြု၍ ထိုဂေါတမဘုရား၏ ရုပ်ပွားတော်မြတ်၌ သာလွန်ပိုမိုစွာ ရှိခိုး ပူဇော်မှုကို မပြုသည်ရှိသော် ဒီပင်္ကရာ စသော ဘုရားရှင်တို့၌ မရိုမသေ ပြုသည်ဟု မဆိုထိုက်။

"ရှိခိုးပူဇော်ထိုက်သော ပုဂ္ဂိုလ်ပေါင်းများစွာတို့အလယ်၌ မိမိအား

http://www.dhammadownload.com



ကျေးဇူးပြုဖူးပေသော ပုဂ္ဂိုလ်အပေါ်၌ ကတညုတ ကတဝေဒီ မင်္ဂလာကို ပွားများသော သဘောအားဖြင့် သာလွန်ပိုမိုစွာ ပူဇော်မှုကို ပြုခြင်းသည် လူတို့၏ ပကတိအလေ့အကျင့် သဲဘော ရိုးကြီး ဖြစ်ပေသည်။

ယင်းသန္ဒေသကထာစာလွှာများကိုကြည့်ပါက ယင်းသန္ဒေသကထာ စာလွှာများသည်လည်း သီရိလင်္ကာ မြန်မာ သာသနာ ဆက်သွယ်ရေး သမိုင်း၌ တစ်ခန်းတစ်ကဏ္ဍ ဖြစ်နေသည်ကို တွေ့မြင်သိရှိရပေသည်။

❖

http://www.dhammadownload.com

# ပုဂံခေတ်

ပင်မမြစ်ကြီးတစ်စင်းရှိသည်။ ထိုပင်မမြစ်ကြီးမှ မြစ်လက်တက် မြစ်နှစ်မြွာ ဖြစ်သွားပြီးလျှင် လမ်းနှစ်သွယ်သို့ ဖြာစီးဆင်းသွားသည်။ သို့သော် ထိုမြစ်လက်တက် မြစ်နှစ်မြွာသည် တစ်ခုသော အချိန်အခါ၌ တစ်ခုသော နေရာတွင် ပြန်လည်ပေါင်းဆုံသွားသည်။ ဇမ္ဗူဒိပ်ကျွန်းမှ သာသနာတော်မြစ်မကြီးသည် မြစ်နှစ်မြွာဖြစ်ပြီးလျှင် စီးဆင်းသွားသည်။ သာသနာမြစ်တစ်မြွာကို လမ်းဖောက်ပေးသူမှာ ရှင်မဟာမဟိန္ဒဖြစ်သည်။ ထိုသာသနာမြစ်တစ်မြွာမှာ ဇမ္ဗူဒိပ်ကျွန်းမှ သီဟိုဠ်သို့ စီးဆင်းသွားသည်။ အခြားသာသနာမြစ်တစ်မြွာကမူ တခြားလမ်းခွဲတစ်ခုသို့ စီးဆင်းသွားပြီးလျှင် သုဝဏ္ဏဘူမိမြန်မာနိုင်ငံသို့ ရောက်လာသည်။ ထိုမြစ်လက်တက်ကို လမ်းဖောက်ပေးသူမှာ သောဏမထေရ်နှင့် ဥတ္တရမထေရ်တို့ ဖြစ်ကြသည်။ ထိုသာသနာမြစ်နှစ်မြွာသည် တစ်ခုသောအချိန်ကာလ၌ တစ်ခုသောနေရာတွင် ပြန်လည်ဆုံစည်းသွားကြသည်။

## ပုဂံစာအုပ်တိုက်

http://www.dhammadownload.com



ပုဂံပြည် အနော်ရထာမင်းကြီးနှင့် လင်္ကာဒီပ ပထမဝိဇယဗာဟု မင်းကြီးတို့၏လက်ထက်၌ သောဏမထေရ်နှင့် ဥတ္တရမထေရ်တို့ ပျိုးကြဲခဲ့သော မြန်မာနိုင်ငံ သာသနာတော်သည် ရှင်မဟာမဟိန္ဒ အုတ်မြစ်ချခဲ့သော လင်္ကာဒီပသီဟိုဠ်ကျွန်း သာသနာနှင့် သွားရောက်ပေါင်းဆုံသည်။

ဝိဇယဗာဟုဘုရင်မင်းကြီး ထီးနန်းမစိုးစံခင် လင်္ကာဒီပ သီဟိုဠ်ကျွန်း၌ ဗုဒ္ဓဘာသာဝင်မဟုတ်သူ ပြည်ပရန်သူများ၏ အန္တရာယ်ကြောင့် သာသနာတော်၏ အခြေအနေ နိမ့်ကျဆုတ်ယုတ်သွားသည်ဖြစ်၍ သံဃကိစ္စ ဆောင်ရွက်ရန် ဝိနည်းဒေသနာတော်အရ ရဟန်းသံဃာဦးရေ ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် မရှိတော့ပေ။ ယင်းအခြေအနေ၌ ပထမဝိဇယဗာဟု မင်းကြီးသည် မြန်မာနိုင်ငံမှ သူ၏ အကြည်တော် ဘုရင် အနော်ရထာထံ သာသနာရေးအကူအညီ လှမ်းတောင်းသည်။ အနော်ရထာမင်းကြီးသည် ပထမတစ်ကြိမ် ဝိဇယဗာဟုမင်းကြီး နိုင်ငံရေးအကူအညီ တောင်းစဉ်ကလည်း ပေးခဲ့သည်။ ယခု သာသနာရေးအကူအညီ တောင်းပြန်သောအခါတွင်လည်း ဝမ်းမြောက်ဝမ်းသာ ပေးခဲ့သည်။

အနော်ရထာမင်းကြီးသည် ရဟန်းသံဃာတော်များနှင့် ပိဋကတ်သုံးပုံ ကျမ်းစာများကိုလည်းကောင်း၊ ဆင်ဖြူတော်တစ်စီးကိုလည်းကောင်း၊ ဝိဇယဗာဟုဘုရင်ထံပို့လိုက်သည်။ ရာမညမှရောက်လာသော ရဟန်း သံဃာတော်များဖြင့် သီဟိုဠ်ကျွန်း သာသနာသည် ပြန်လည် အသက်ဆက်သွားသည်။ မြန်မာ ရဟန်းသံဃာတော်များသည် လင်္ကာဒီပ၌ ဥပသမ္ပဒကံ စသော သံဃကိစ္စများကို ပြုလုပ်ဆောင်ရွက်ပြီးလျှင် ရဟန်းသစ် သံဃာသစ်များကို အမြောက်အများ မွေးထုတ်ပေးခဲ့သည်။

မဟာဝိဇယဗာဟု မင်းကြီးကလည်း အနော်ရထာမင်းကြီး၏ တောင်းဆိုချက်အရ မြတ်စွာဘုရား၏ စွယ်တော်ပွားကို အနော်ရထာ

http://www.dhammadownload.com



မင်းကြီးထံ ဓမ္မလက်ဆောင်ပဏ္ဏာအဖြစ် ပြန်လည်ပို့လိုက်လေသည်။ ထိုစွယ်တော်များကို ရတနာကြုတ်တွင် ထည့်ပြီးလျှင် မြန်မာနိုင်ငံသို့ လှေသင်္ဘောဖြင့် ပင့်ဆောင်လာသည်။ စွယ်တော်ပင့်ဆောင်လာသော လှေသင်္ဘောသည် ပင်လယ်ကိုဖြတ်လျက် ဧရာဝတီမြစ်ထဲ ဝင်လာပြီးလျှင် ပုဂံပြည် လောကနန္ဒာဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်။ ဘုရင်မင်းကြီးနှင့် ပြည်သူအများသည် စွယ်တော်ကို ဆီးကြို့ဖူးမြော်ကြသည်။

အနော်ရထာမင်းကြီးသည် လည်ပင်း ရေထိသည့်အထိ မြစ်ထဲဆင်းပြီးလျှင် စွယ်တော်ကြုတ်ကို ဦးထိပ်ပေါ်တင်လျက် ကိုးကွယ်မည့်နေရာသို့ ပရိသတ်ကြီးနှင့်အတူ ပင့်ဆောင်သွားသည်။

အနော်ရထာမင်းကြီး မြစ်ထဲ လည်ပင်း ရေထိသည်အထိဆင်းလျက် စွယ်တော်ကြုတ်ကို ပင့်ဆောင်လာပုံမှာ သဃ်မိတ္တာထေရီ ဗောဓိကိုင်းကို သီဟိုဠ်ကျွန်းသို့ ပင့်ဆောင်သည့်အခါ သူ၏ခမည်းတော် အသောကမင်းတရားကြီး လိုက်ပို့ပုံကို ပြန်လည်သတိရစေသည်။ တာမရလိပ္ပတိ သင်္ဘောဆိပ်မှ ဘိက္ခုနီသဃ်မိတ္တာ ဗောဓိကိုင်းကို သီဟိုဠ်သို့ လှေသင်္ဘောဖြင့် ပင့်ဆောင်သွားစဉ်ကလည်း အသောကမင်းတရားကြီးသည် မြစ်ဆိပ်တွင် လည်ပင်း ရေထိသည်အထိ မြစ်ထဲဆင်းပြီး ဗောဓိကိုင်းကို လိုက်ပို့သည်။ အနော်ရထာမင်းကြီးသည် သီဟိုဠ်မှ ပင့်လာသော စွယ်တော်ကို သူတည်သော ရွှေစည်းခုံ၊ လောကနန္ဒာ၊ တူရွင်းတောင်စေတီ၊ တန့်ကြည်တောင်စေတီတို့တွင် ဌာပနာထားလိုက်သည်။

ပုဂံပြည်တွင် ဘုရင်နရပတိစည်သူ စိုးမိုးအုပ်ချုပ်နေသော အချိန်ကာလဖြစ်သည်။ အနော်ရထာမင်းကြီးလက်ထက်ကစပြီး ထွန်းကားပြန့်ပွားလာခဲ့သော ပုဂံပြည် ဗုဒ္ဓသာသနာသည် အလောင်းစည်သူမင်းကြီး၏ သားတော် နရသူလက်ထက်တွင် ညှိုးမှိန်အားပျော့သွားခဲ့သည်။ ဘုရင်

http://www.dhammadownload.com



နရသူသည် ရက်စက်ကြမ်းကြုတ်သည်။ ဘေးလောင်းတော် ဘိုးလောင်းတော်တို့ လက်နှင့်ရေးခဲ့သည်ကို ခြေနှင့်ဖျက်ပစ်သည်။ မိဘ ဘိုးဘွားလက်ထက်က စည်ပင်ပြန့်ပွားလာခဲ့သော ဗုဒ္ဓသာသနာတော်ကို ညှိုးနွမ်းစေခဲ့သည်။ ဘုန်းကြီးရဟန်းတို့ကို ဘေးသင့်စေခဲ့သည်။

နရပတိစည်သူမင်းကြီး နန်းတက်သောအခါတွင်ကား နရသူလက်ထက်က ညှိုးနွမ်းသွားခဲ့သော သာသနာသည် အညွန့်ပြန်လူလာသည်။ ငုပ်လျှိုးနေသော ဘုန်းကြီး ရဟန်းများသည် ဦးခေါင်းပြန်ဖော်ရဲလာကြသည်။ ထိုအချိန်၌ ရဟန်း သံဃာ လောက၌ ထင်ပေါ်ကျော်ကြားသော မထေရ်တစ်ပါးရှိသည်။ ဘွဲ့အမည်ကား ရှင်ဥတ္တရာဇီဝ။ ရှင်ဥတ္တရာဇီဝသည် မွန်လူမျိုး ဖြစ်သည်။ မင်းဆရာ ပံ့သကူမထေရ် ပျံလွန်တော်မူသောအခါ ပံ့သကူမထေရ်၏ နေရာတွင် ရာဇဂုရုဖြစ်လာသော မထေရ် ဖြစ်သည်။ ဥတ္တရာဇီဝမထေရ်သည် တစ်ချိန်တွင် သီဟိုဠ်ကျွန်းသို့ ဓမ္မစရီး ကြွရောက်လိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည်။

ထိုအချိန်၌ မြန်မာနှင့် သီဟိုဠ်၏ သာသနာရေး ဆက်သွယ်မှုသည် အတော်ပင် ခိုင်မာနေပြီ။ အနော်ရထာ မတိုင်မီကပင် မြန်မာနှင့် သီဟိုဠ်သည် သာသနာရေးဆက်သွယ်မှု ရှိနေပြီး ဖြစ်ပေလိမ့်မည်။ ထိုအချိန်က သီဟိုဠ်က မြန်မာနိုင်ငံကို 'ရာမညဒေသ' ဟု ခေါ်သည်။ စင်စစ် 'ရာမည' ဒေသမှာ မွန်နိုင်ငံကို ခေါ်သော်လည်း သီဟိုဠ်က ဆိုလိုသည့် 'ရာမညဒေသ' မှာ မြန်မာတစ်နိုင်ငံလုံးဖြစ်သည်။ အနော်ရထာမင်းကြီးလက်ထက် အနော်ရထာမင်းကြီးနှင့် သီဟိုဠ် ပထမဝိဇယဗာဟုမင်းကြီးတို့၏ သာသနာရေး ဆက်သွယ်မှုများ ရှိလာသောအခါ နှစ်နိုင်ငံ သာသနာရေး ဆက်သွယ်မှုသည် ပိုမိုခိုင်မာသွားသည်။

ဘုရင်နရသူလက်ထက်ကလည်း ရှင်အရဟံ၏ အရိုက်အရာခံ

http://www.dhammadownload.com



သာသနာပိုင်ဆရာတော် ပုံသကူမထေရ်သည် သီဟိုဠ်သို့ ကြွခဲ့ဖူးသည်။ သို့ရာတွင် ပုံသကူမထေရ်၏ ခရီးမှာ ဓမ္မခရီးသက်သက်မဟုတ်ပေ။

ပုံသကူမထေရ်သည် ဘုရင်နရသူကို မလိုလားပေ။ နရသူ အုပ်ချုပ်သည့် နိုင်ငံ၌ နေလိုသည့်စိတ်ပင် မရှိတော့ပေ။

အလောင်းစည်သူမင်းကြီး ကံကုန်သောအခါ အပါးတွင်ရှိသော သားတော် နရသူက နန်းဆက်ခံသည်။ သားကြီးဖြစ်သူ မင်းရှင်စောမှာ အဝေးရောက်နေ၍ နန်း လက်လွတ်သွားသည်။ လက်လွတ်သော ထီးနန်းကို တိုက်ခိုက်ယူရန် တပ်ချီလာသည်။ ဤတွင် နရသူက ပုံသကူမထေရ်အား 'နောင်တော်အား နန်းလွှဲအပ်ပါမည်' ဟု လျှောက်ထားပြီး စေ့စပ်ခိုင်းသည်။ ပုံသကူမထေရ်က ကြားဝင် ဖျန်ဖြေလိုက်လေသည်။

နရသူသည် သူ့နောင်တော် မင်းရှင်စောအား နန်းကိုမူ လွှဲအပ်သည်။ သို့သော် ညတွင်းချင်းပင် အဆိပ်ခတ် သတ်ပစ်လိုက်သည်။ ထိုအခါ ပုံသကူမထေရ်သည် နရသူအား "ဟယ် မင်းဆိုးမင်းညစ်၊ သင် သံသရာဘေးကို မကြောက်သလော၊ မင်းစည်းစိမ်ကိုရရင် မအိုမသေတော့ဟု သင် မှတ်သလော၊ လောကမှာ သင့်ထက် ဆိုးသွမ်းယုတ်မာသောမင်း ရှိတော့မည် မဟုတ်" ဟု ခပ်နာနာ ခပ်ဆတ်ဆတ်ပြောပြီး သီဟိုဠ်သို့ ထွက်ခွာသွားသည်။

ပုံသကူမထေရ် သီဟိုဠ်သို့သွားခြင်းမှာ နရသူအုပ်ချုပ်သည့်နိုင်ငံ၌ မနေလို၍ဖြစ်သည်။ နရသူ စိုးမိုးနေသည့် အချိန်ကာလအတွင်း မြန်မာနိုင်ငံသို့ ခြေဦးပင် ပြန်မလှည့်တော့။ သို့ရာတွင် သီဟိုဠ်သို့ ရောက်သွားသောအခါ သာသနာ့ဝန်ထမ်း ထေရ်ရဟန်းတစ်ပါးဖြစ်သည့်အားလျော်စွာ ဓမ္မခရီးလှည့်လည်ခြင်း၊ သာသနာ့အရေးအခင်းများကို လေ့လာခြင်း စသည်များကို မပြုလုပ်ဘဲ နေမည်မဟုတ်ပေ။

ပုဂံပြည်တွင် သူမလိုလားသောမင်းကွယ်လွန်ပြီး နရပတိစည်သူမင်း

http://www.dhammadownload.com



နန်းတက်သောအခါကျမှ ပုံ့သကူမထေရ် မြန်မာပြည် ပြန်ကြွလာသည်။ မြန်မာပြည် ပြန်ကြွလာချိန်၌ ပုံ့သကူမထေရ်သည် သက်တော် ၉၀ ရှိနေပြီ။ သူ သီဟိုဠ်သို့ကြွခြင်းမှာ နိုင်ငံရေးအရ ခိုလှုံခြင်းသဘော သက်ဝင်သော်လည်း မြန်မာပြည် ပြန်ကြွလာသောအခါ သီဟိုဠ်တွင် တွေ့ကြုံခဲ့သည့် သာသနာရေးအတွေ့အကြုံများဖြင့် ပုဂံပြည်သာသနာ အကျိုးရှိရာရှိကြောင်း မလုပ်ဘဲနေမည်မဟုတ်ပေ။ သီတင်းသုံးဖော်များအား သီဟိုဠ်ကျွန်း သာသနာ အကြောင်း ဖောက်သည်မချဘဲ နေမည်မဟုတ်ပေ။ ထို့ကြောင့် ရှင်ဥတ္တရာဇီဝ သီဟိုဠ်သို့ ကြွလိုသည့်ဆန္ဒ ဖြစ်ပေါ်လာခြင်းမှာ ပုံ့သကူမထေရ်၏ အားပေး လှုံ့ဆော်မှုကြောင့် ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။

ခရစ်နှစ် ၁၁၈၀ တွင် ရှင်ဥတ္တရာဇီဝသည် ခရီး စ၍ ထွက်သည်။ ခရီးစအထွက်တွင် သင်္ဘောဆိပ်ရှိရာ ပုသိမ်သို့ လာရသည်။ ရှင်ဥတ္တရာဇီဝနှင့် အတူ ရဟန်းအချို့လည်း လိုက်ပါကြသည်။ ရှင်ဥတ္တရာဇီဝနှင့် သီဟိုဠ်သို့ လိုက်သည့် ပုဂ္ဂိုလ်များထဲတွင် ဆပ္ပဋအမည်ရှိ သာမဏေတစ်ပါးလည်း ပါသည်။ ဆပ္ပဋသည် ပုသိမ်ကျေးလက် ဆပ္ပဋရွာသား မွန်လူမျိုးဖြစ်သည်။ ဆပ္ပဋရွာသားဖြစ်သောကြောင့် အမည်လည်း ဆပ္ပဋဟုတွင်နေခြင်းဖြစ်သည်။ ပုဂံခေတ်က ဆပ္ပဋခေါ်သောရွာမှာ ယခု ပုသိမ် ငပုတော ဖြစ်သည်ဟု အဆိုရှိသည်။

ပုံ့သကူမထေရ်သည် ဥတ္တရာဇီဝမထေရ်ထက်စော၍ သီဟိုဠ်သွားသူ ဖြစ်သည်။ သို့ရာတွင် 'သီဟိုဠ်သွား ပထမ ဓမ္မခရီးသည်' ဘွဲ့ထူးကိုမူ မရရှိပေ။ သူ၏ခရီးမှာ ဓမ္မခရီးသက်သက်မဟုတ်သောကြောင့် ဖြစ်ပေလိမ့်မည်။ ယင်းဘွဲ့ထူးကိုရသူကား ဥတ္တရာဇီဝမထေရ်ဖြစ်သည်။ ဥတ္တရာဇီဝမထေရ်နှင့် ရဟန်း အဖော်များသည် သင်္ဘောကြုံစီးလိုက်သွားကြရာ သီဟိုဠ်သို့ရောက်သွားကြသည်။ သီဟိုဠ်ကျွန်းတွင် ဥတ္တရာဇီဝမထေရ်သည်

http://www.dhammadownload.com



သီဟိုဠ်ကျွန်းသား ရဟန်းများနှင့် ပုလဲနံ့ပသင့်သွားသည်။ နှစ်နိုင်ငံမှ ရဟန်းတော်များသည် ရေမြေဒေသအရ ကွဲပြားခြားနားနေကြသော်လည်း သူတို့၏ ပင်မရေသောက်မြစ်မှာ တစ်ခုတည်းဟု ယူဆကြသည်။ ပင်မ မူလမှာ မဇ္ဈိမဒေသမှ ဗုဒ္ဓသာသနာဖြစ်သည်။

ဥတ္တရာဇီဝမထေရ်နှင့် ပါသွားသော ဆပ္ပဋသာမဏေသည် အသက်အရွယ် ရောက်ပြီး ရဟန်းပြုချိန်ရောက်လာသည်ဖြစ်၍ သီဟိုဠ်ရောက် မြန်မာရဟန်းများနှင့် သီဟိုဠ်ရဟန်းများသည် ညီညီညွတ်ညွတ် စုပေါင်းပြီးလျှင် ဆပ္ပဋသာမဏေအား ပဉ္စင်းခံပေးလိုက်ကြသည်။ ဆပ္ပဋသည် 'သီဟိုဠ်သွား ဒုတိယ ဓမ္မစရီးသည်' ဟူသော ဘွဲ့အမည် ရရှိသူဖြစ်သည်။

ဥတ္တရာဇီဝနှင့် ဆပ္ပဋတို့၏ သီဟိုဠ်ခရီးကြောင့် မြန်မာသာသနာနှင့် ရဟန်းသံဃာလောကအတွက် ဂုဏ်တက်သွားသည့် အချက်တစ်ချက်ရှိသေးသည်။ ဥတ္တရာဇီဝနှင့် ဆပ္ပဋတို့သည် သီဟိုဠ်အသွားတွင် အဂ္ဂဝံသမထေရ် ရေးသားစီရင်ထားသည့် သဒ္ဒနီတိကျမ်းကို ယူဆောင်သွားကြသည်။ သီဟိုဠ် ရောက်သွားသောအခါ သီဟိုဠ် ရဟန်းပညာရှင်များက သဒ္ဒနီတိကျမ်းကို ဖတ်ရှုလေ့လာကြည့်ကြသည်။ သီဟိုဠ်သား ရဟန်းများသည် ပါဠိသဒ္ဒါနှင့်ပတ်သက်၍ ထိုမျှလောက် အဆင့်မြင့်သည့်ကျမ်းစာမျိုး မြန်မာနိုင်ငံ၌ ပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်ချက်မထားကြပေ။ သဒ္ဒနီတိကျမ်းကို တွေ့မြင်ဖတ်ရှုရသည့်အခါတွင်ကား သီဟိုဠ်သား ရဟန်းများသည် တအံ့တသြ ဖြစ်သွားကြပြီး သီဟိုဠ်ဖြစ် ပါဠိသဒ္ဒါကျမ်းများထက် သာပေသည်ဟု ဝမ်းသာအားရ ထုတ်ဖော်ချီးကျူးကြသည်။

ဥတ္တရာဇီဝမထေရ်သည် မြန်မာနိုင်ငံ ပြန်လာသောအခါတွင်ကား ဆပ္ပဋသည် ဥတ္တရာဇီဝနှင့် လိုက်မလာတော့ပေ။ သီဟိုဠ်၌ စာပေပိဋကတ်သင်ကြားလေ့လာရန် နေရစ်ခဲ့သည်။ ထိုအချိန်တွင်ကား သီဟိုဠ်ကျွန်းတွင်

http://www.dhammadownload.com



ပရက္ကမဗာဟုဘုရင်လက်ထက် သာသနာတော် တိုးတက်စည်ပင်နေချိန် ဖြစ်သည်။ ပိဋကတ်ကျမ်းစာများကိုသင်ကြားလေ့လာမှုနှင့် အဖွင့်အဋ္ဌကထာ ဋီကာကျမ်းများ ရေးသားပြုစုမှု အထွတ်အထိပ် ရောက်နေချိန်ဖြစ်သည်။ ထိုအချိန်၌ ဆပ္ပဋ သီဟိုဠ်ကျွန်း ရောက်နေခြင်းဖြစ်သည်။

သီဟိုဠ်၌ ဆယ်နှစ်ဆယ်မိုး ကြာသွားပြီးမှ ဆပ္ပဋသည် မြန်မာနိုင်ငံ ပြန်လာသည်။ မြန်မာနိုင်ငံအပြန်တွင် ဆပ္ပဋသည် သူနှင့်အတူ တာမရ လိပ္ပတိသား သီဝလိမထေရ်၊ ကမ္ဘောဇမင်း၏သားတော် တာမလိန္ဒမထေရ်၊ ကိဉ္စိပူရသား အာနန္ဒမထေရ်၊ သီဟိုဠ်ကျွန်းသား ရာဟုလမထေရ် ပေါင်း ရဟန်းလေးပါးကို ခေါ်လာခဲ့သည်။

ပုဂံပြည် ပြန်ရောက်လာသောအခါ ဆပ္ပဋမထေရ်သည် ရှင်ဆိုသွား သည်။ သူ့ဆရာရင်း ဥတ္တရာဇီဝမထေရ်သည် သူ ပုဂံပြည်သို့ မရောက်ခင် ကလေး ကပ်ပြီး ပျံလွန်တော်မူသွားသည်။ မိမိ၏ ကျေးဇူးရှင် ဆရာနှင့် ရှင်ကွဲ ကွဲနေရာမှ ဖူးတွေ့ရန် အားခဲထားသော်လည်း မဖူးတွေ့လိုက်ရဘဲ ရက်ပိုင်းကလေး တွေလွဲ လွဲပြီး သေကွဲ ကွဲရသည်ဖြစ်၍ ယူကျုံးမရ ဖြစ်သွားသည်။ ဆပ္ပဋသည် သူ၏ဆရာ သချိုင်းသို့သွားပြီး ကန်တော့လျက် "တပည့်တော်သည် ဆရာအရှင်အား ကျေးဇူးဆပ်သည့်အနေဖြင့် ဆရာအရှင် လိုလားသည့်အတိုင်း ဗုဒ္ဓသာသနာ ကြီးပွားတိုးတက်ရာတိုးတက်ကြောင်းကို ကြိုးပမ်းဆောင်ရွက်ပါမည်" ဟု အဓိဋ္ဌာန် ပြုလိုက်လေသည်။

ဆပ္ပဋမထေရ်သည် ပုဂံပြည်၌ မြန်မာရဟန်းတော်များနှင့် သံဃကိစ္စ၊ သံဃကံကို မပြုလုပ်မဆောင်ရွက်ဘဲ မိမိနှင့်ပါလာသည့် ရဟန်းလေးပါး နှင့်သာ ကံကြီးကံငယ် ပြုလုပ်ဆောင်ရွက်သည်။ ထိုမှသာမက မြန်မာနိုင်ငံ၌ သီဟိုဠ် သံဃာဂိုဏ်း သီးခြား ထူထောင်လိုက်လေသည်။

ဆပ္ပဋသည် မြန်မာနိုင်ငံ၌ သီဟိုဠ် သံဃာဂိုဏ်း စတင်တည်ထောင်သူ

http://www.dhammadownload.com



ဂိုဏ်းခေါင်းဆောင် ပုဂ္ဂိုလ်ဖြစ်သည်။ ထိုအချိန်မှစ၍ ပုဂံပြည်၌ သံဃဂိုဏ်း နှစ်ဂိုဏ်းကွဲသွားသည်။ ပထမဂိုဏ်း၏ ပင်မမှာ ရာမညတိုင်း သထုံဖြစ်ပြီး၊ ဒုတိယဂိုဏ်း၏ မြစ်ဖျားခံရာမှာ လင်္ကာဒီပ သီဟိုဠ်ကျွန်းဖြစ်သည်။ ရာမည တိုင်း သထုံမှ ရှင်အရဟံ ဆောင်ကြဉ်းလာသော ပထမဂိုဏ်းကို 'ပုရိမသံဃာ' သို့မဟုတ် 'ပုရိမဂိုဏ်း'(ရှေးဦးဂိုဏ်း) ဟူ၍လည်းကောင်း၊ သီဟိုဠ်ကျွန်းမှ ဆပ္ပဋမထေရ် ဆောင်ကြဉ်းလာခဲ့သော ဒုတိယဂိုဏ်းကို 'ပစ္ဆိမသံဃာ' သို့မဟုတ် 'ပစ္ဆိမဂိုဏ်း'(နောက်ပေါ်ဂိုဏ်း) ဟူ၍လည်းကောင်း ခေါ်ဝေါ် သမုတ်ကြသည်။

ပုဂံခေတ် စေတီပုထိုးများအနက် သီဟိုဠ်ပုံစံတည်ထားသော စေတီ တစ်ဆူမှာ နှစ်ပေါင်း ကိုးရာနီးပါးမျှ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယခု အချိန်အထိ ပုဂံခေတ်၏ သမိုင်းတစ်ကွက်ကို ဖော်ပြနေတုန်းပင်ဖြစ်သည်။ သီဟိုဠ်သွား ဒုတိယမြွခရီးသည် ဆပ္ပဋ၏ အတ္ထုပ္ပတ္တိကို ရေးစပ်သီကျုံး နေတုန်းပင်ဖြစ်သည်။ ထိုစေတီကား သီဟိုဠ်သွားခရီးသည် ရဟန်းတော် ဆပ္ပဋမထေရ်၏ အထိမ်းအမှတ်အဖြစ်ဖြင့် ကိုးကွယ်တည်ထားသော 'ဆပ္ပဋစေတီ' ဖြစ်သည်။

❖

ပုဂံစာအုပ်တိုက်

http://www.dhammadownload.com

## အင်းဝခေတ်နှင့် ဟံသာဝတီခေတ်

ပုဂံပြည်၌ နရပတိစည်သူမင်းကြီး ကွယ်လွန်သွားသောအခါ မင်းယဉ်သိခ်နန်းတောင်းများဘုရင်(၁၂၁၀–၃၄)နန်းတက်သည်။ ထိုဘုရင်ကို ထီးလိုမင်းလိုဟုလည်း ခေါ်သည်။ ထီးလိုမင်းလိုသည် ပုဂံ၌ မဟာဗောဓိဘုရားနှင့် ထီးလိုမင်းလိုဘုရားကို တည်သည်။ မဟာဗောဓိဘုရားမှာ ဗုဒ္ဓဂယာ မဟာဗောဓိစေတီ နမူနာအတိုင်း တည်ထားသည့် ဘုရားဖြစ်သည်။ ထီးလိုမင်းလိုသည် သူ၏ခမည်းတော် အလောင်းစည်သူမင်းကြီး လက်စသတ်မသွားခဲ့သော ဂေါဓော့ပလ္လင် ဘုရားကိုလည်း ပြီးအောင်တည်သည်။

ထီးလိုမင်းလို တည်သော အခြားဘုရားတစ်ဆူမှာ စေတနာကောင်းမှုတော်ဖြစ်သည်။ စေတနာကောင်းမှုတော်ကို သီဟိုဠ် (သီရိလင်္ကာ) ပုထိုးများ ပုံစံအတိုင်း တည်ထားသည်။ ယင်းမှာ သီဟိုဠ် (သီရိလင်္ကာ)နှင့် မြန်မာနိုင်ငံ သာသနာရေးဆက်သွယ်မှု၏ အစောပိုင်းက အထိမ်းအမှတ်တစ်ခုပင် ဖြစ်သည်။ ထိုမင်းလက်ထက်တွင် ပုဂံပြည်၌ ကျောက်ရှုဥမင်

http://www.dhammadownload.com



ကဲ့သို့သော သံဃာရာမကျောင်းတိုက်များ၌ ရဟန်းသံဃာ အများအပြား သီတင်းသုံးကြသည်။ ထိုရဟန်းသံဃာများထဲက သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံမှ ဆပ္ပဋ္ဌမထေရ်နှင့်အတူလိုက်ပါလာသော အာနန္ဒာမထေရ်၏ တပည့် တစ်ဦးသည် ဓမ္မဝိလာသဓမ္မသတ်အမည်ရှိ ဓမ္မသတ်ကျမ်းတစ်စောင်ကို ရေးသားသည်။

အင်းဝ၌ ကလေးကျေးတောင်ညိုမင်း နတ်ရွာစံသောအခါ မိုးညှင်း မင်းတရားကြီးသည် (၁၄၂၇–၄၀) သီရိသုဓမ္မရာဇာဘွဲ့မည်ဖြင့် နန်းတက် သည်။ မိုးညှင်းမင်းတရားကြီးလက်ထက် ၁၄၃၀ ခုနှစ်၌ လင်္ကာဒီပ သီဟိုဠ် ကျွန်းမှ သီရိသဒ္ဓမ္မလင်္ကာရနှင့် သီဟိုဠ် သီဟဠမဟာသာမိအမည်ရှိ မထေရ် နှစ်ပါးသည် မြတ်စွာဘုရား၏ သရီရဓာတ်တော်ငါးဆူကို ပင့်ဆောင်လာ ကြသည်။ ပုသိမ်မြို့အရောက်တွင် ဗညားရံက တားသော်လည်း တားမရ သည်ဖြစ်၍ ဗညားရံက ပြည်မြို့အထိ ဖောင်တော်နှင့် ပို့ပေးသည်။ ဘုရင် မင်းကြီး ကြားသိသောအခါ လှော်ကား လေးဆယ်နှင့် ပြည်မြို့အထိ သွားရောက်ပင့်ဆောင်စေခဲ့သည်။ ဘုရင်မင်းကြီးသည် မိဖုရား၊ မောင်းမမိသံ များနှင့် မှူးတော် မတ်တော်များ ခြံရံလျက် ရွှေဖောင်နှင့် ရွာသစ်ကြီးသို့ သွားရောက်ကြိုဆိုသည်။

အင်းဝ ရောက်လာသောအခါ နန်းတော်တစ်ခုလုံးနှင့် မြို့သူမြို့သား အားလုံးသည် သီဟိုဠ်ကျွန်းမှ ပင့်ဆောင်လာသော ဓာတ်တော်ကို ဖူးမြော် ကြသည်။ ဘုရင်မင်းကြီးသည် စစ်ကိုင်းအနောက်ဘက် နှစ်မိုင်ကွာလောက်၌ သီဟိုဠ်ကျွန်းမှ ပင့်ဆောင်လာသော ဓာတ်တော်များကို ဌာပနာပြီးလျှင် ရတနာစေတီအမည်ရှိ စေတီတစ်ဆူကိုတည်သည်။ နောက်ပိုင်း၌ ထိုစေတီကို ဘုရားဖြူဟူ၍လည်း ခေါ်ကြသည်။ စေတီ၏ အနောက်ဘက်တွင်လည်း ကျောက်သရေသုံးတိုက်နှင့် အုတ်ရွှေကျောင်းဆောက်လုပ်ပြီးလျှင် သီဟိုဠ်မှ

http://www.dhammadownload.com



ကြွလာသော သီရိသဒ္ဓမ္မလင်္ကာရနှင့် သီဟဠမဟာသာမိမထေရ်တို့အား လှူဒါန်းသည်။

ဘုရင်နရပတိ(၁၄၄၃-၆၉)လက်ထက်၌လည်း သီဟိုဠ်(သီရိလင်္ကာ) နှင့် မြန်မာနိုင်ငံသည် သာသနာရေးဆက်သွယ်မှုရှိခဲ့သည်။ ဘုရင်မင်းကြီးသည် သီဟိုဠ်ကျွန်းသို့ သံတမန်များ စေလွှတ်ပြီးလျှင် စွယ်တော်အတွက် ရတနာအတိပြီးသော ရွှေသပိတ် စသော လှူဖွယ်ပစ္စည်းများ လှူဒါန်းစေသည်။ သီဟိုဠ်(သီရိလင်္ကာ)ဘုရင်အတွက်လည်း လက်ဆောင်ပဏ္ဏာများ ပါးလိုက်သည်။ ဘုရင့်သံတမန်များသည် သီဟိုဠ်ကျွန်း ရောက်သွားသော အခါ စွယ်တော်အတွက် လှူဖွယ်ပစ္စည်းများကို လှူဒါန်းပြီးလျှင် ဘုရင်မင်းကြီး၏ အမိန့်အရ ဝါလုကာရာမ မည်သော သင်္ဘောဆိပ်၌ ဇရပ်တစ်ဆောင်၊ သီရိပါဒ တောင်ခြေရင်းရှိ ဂီရိမာရွာ၌ ဇရပ်တစ်ဆောင် ဆောက်လုပ်လှူဒါန်းသည်။ သီဟိုဠ် (သီရိလင်္ကာ) မင်းထံမှ မြေဝယ်ယူ၍ ထိုမြေခွန်မှရသော ငွေကြေးနှင့် ဇရပ်တွင် တည်းခိုလာသော ခရီးသည်များ၏ စားရေးသောက်ရေးအတွက်လည်း စီမံပေးခဲ့လေသည်။ (GE Harvey) တို့၏ အဆိုအရမူ သီဟိုဠ် (သီရိလင်္ကာ) နှင့် သာသနာရေးဆက်သွယ်မှုပြုသော ဘုရင်မှာ ဘုရင်နရပတိမဟုတ်ဘဲ ဘုရင်သီဟသူ (၁၄၆၉-၈၁) ဖြစ်သည်။ သီဟိုဠ် (သီရိလင်္ကာ) သို့ မြန်မာနိုင်ငံမှ သံတမန်များ လှူဖွယ်ပစ္စည်း ယူဆောင်သွားသောနှစ်မှာ ၁၄၇၅ ခုနှစ်ဟု (History of Myanmar) ၌ ဆိုထားသည်။

•

အေဒီ ၁၂၈၁ ၌ မုတ္တမတွင် ဝါရီရူ မင်းပြုသည်။ ဝါရီရူ၏ ဩဇာအာဏာသည် ပဲခူးအထိ လွှမ်းမိုးလာသည်။ ဝါရီရူအဆက်အနွယ် ရှစ်ဆက်မြောက် ဆင်ဖြူရှင် ဗညားဦးဘုရင် (၁၃၅၃-၈၅) လက်ထက် ရောက်လာသောအခါ

http://www.dhammadownload.com



ဗညားဦးသည် မုတ္တမမှ ပဲခူးသို့ ပြောင်းရွှေ့စိုးစံသည်။ ဗညားဦးလက်ထက်၌ ခင်းမယ်မှ ထောင်ပေါင်းများစွာသော လူတို့သည် ဗညားဦး၏ ပိုင်နက်ကို ဝင်ရောက်တိုက်ခိုက်လာကြသည်။ ဗညားဦးသည် ထိုကျူးကျော်လာသူများအား တိုက်ထုတ်နိုင်ခဲ့သည်။ ကျူးကျော်သူများသည် ဗညားဦး၏ ပိုင်နက်နယ်မြေတွင်းမှ ထွက်ခွာမသွားမီ သထုံခရိုင်တွင်းရှိ တိုက်ကုလား၊ စစ်တောင်း စသော နယ်မြေများကို ဖျက်ဆီးပစ်ကြသည်။ ထိုကျူးကျော်သူများ ဆုတ်ခွာသွားသောနေရာ၌ ဗညားဦးသည် စေတီတည်သည်။ ထိုစေတီတွင် ဗညားဦးသည် သီဟိုဠ်မှရရှိလာသော ဓာတ်တော်များကို ဌာပနာထားသည်။

•

သီဟိုဠ်–မြန်မာ သာသနာရေးဆက်သွယ်မှုသမိုင်း၌ သမိုင်းမှတ်တိုင် စိုက်ထူရသောခေတ်မှာ ပရာက္ကမဗာဟု၌ ဓမ္မစေတီမင်းကြီး (၁၄၇၂–၉၂) စိုးစံသော ခေတ်ဖြစ်သည်။ သီဟိုဠ်(သီရိလင်္ကာ)နှင့် မြန်မာနိုင်ငံ၌ ပြန့်ပွားထွန်းကားသော သာသနာတော်၏ပင်ရင်းမှာ မဇ္ဈိမဒေသဖြစ်သည်။ လက်ဖျားတွင် ထွန်းကားစည်ပင်နေချိန်၌ လက်ရင်းတွင် မှေးမှိန်အားလျော့နေပြီ။ လက်ဖျားများဖြစ်ကြသော မြန်မာနှင့် သီဟိုဠ် (သီရိလင်္ကာ)၌ပင် တစ်ခါတစ်ရံ အားပျော့မှေးမှိန်သွားတတ်သည်။ ထိုအခါမျိုး၌ တစ်ဦး၏အကူအညီကို တစ်ဦးက ယူရသည်။

ပုဂံပြည်တွင် အနော်ရထာမင်းကြီး ထီးနန်းစိုးစံစဉ်အခါက အနော်ရထာမင်းကြီးနှင့် ခေတ်ပြိုင် သီဟိုဠ် (သီရိလင်္ကာ)ဘုရင်မှာ ပထမဝိဇယဗာဟုဖြစ်သည်။ ပထမဝိဇယဗာဟုသည် ရန်သူများ၏ဘေးရန်ကြောင့် သီဟိုဠ် (သီရိလင်္ကာ) တွင် သာသနာ ညှိုးမှိန်သွားသည့်အခါ ထို ညှိုးမှိန်သွားသောသာသနာတော်ကို ပြန်လည်ထွန်းကားလာစေရန်အတွက် ပုဂံပြည်

http://www.dhammadownload.com



အနော်ရထာမင်းကြီးထံ သာသနာရေးအကူအညီ တောင်းခံခဲ့သည်။ အနော်ရထာမင်းကြီးကလည်း ဝမ်းပန်းတသာ ထေရ်သံဃာများကိုလွှတ်ပြီး သီဟိုဠ် (သီရိလင်္ကာ)၌ သာသနာတော် ပြန်လည်စည်ပင်လာရေးအတွက် အကူအညီပေးခဲ့သည်။

ဓမ္မစေတီမင်းကြီးလက်ထက်တွင်ကား ရာမညတိုင်း၌ သာသနာတော် သန့်ရှင်းစင်ကြယ်ရေးအတွက် သီဟိုဠ် (သီရိ လင်္ကာ) နိုင်ငံ၏ အကူအညီကို ယူရသည်။ ဓမ္မစေတီမင်းကြီးသည် သူအုပ်ချုပ်နေသော နိုင်ငံ၌ ရှိနေသော သာသနာကို ကျေနပ်အားရခြင်းမရှိပေ။ သာသနာအတွင်း၌ အုတ်ရောရော ကျောက်ရောရော ဖြစ်နေသည်ဟု မင်းကြီးက တွက်သည်။ သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံ၌ အုပ်ချုပ်ခဲ့သော သီရိသံဃပရက္ကမဗာဟုမင်း၊ ဝိဇယ ဗာဟုမင်း၊ ပရက္ကမဗာဟုမင်းတို့သည် သူတို့ခေတ်က မစင်ကြယ် မသန့်ရှင်း ဖြစ်နေသော သာသနာကို ပြန်လည်သွေးသစ်လောင်းပြီးလျှင် စင်ကြယ် သန့်ရှင်းသွားအောင် ပြုလုပ်ခဲ့ကြသည်။ ထိုနည်းတူစွာ ဓမ္မစေတီမင်းကြီး ကလည်း မစင်ကြယ် မသန့်ရှင်း ဖြစ်နေသည့် သာသနာကို သွေးသစ် လောင်းလိုသည့်ဆန္ဒ ဖြစ်ပေါ်လာသည်။

ထို့ကြောင့် ရဟန်းသံဃာများနှင့် လူတကာတို့ပါဝင်သော ကိုယ်စားလှယ် အဖွဲ့ကို နှစ်ဖွဲ့ခွဲပြီး ဘုရင်မင်းကြီးသည် သီဟိုဠ် (သီရိလင်္ကာ) သို့ စေလွှတ် လိုက်သည်။ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့တွင် မောဂ္ဂလာန်မထေရ် စသော ရဟန်းတော် တစ်ကျိပ်တစ်ပါးနှင့် ရာမအမည်ရှိ သံတမန်တစ်ဦးပါဝင်ပြီး၊ အခြားအဖွဲ့တစ်ဖွဲ့၌ မဟာသီဝလိမထေရ် စသော ရဟန်းတော် တစ်ကျိပ် တစ်ပါးနှင့် စိတြအမည်ရှိ သံတမန်တစ်ဦးပါဝင်သည်။ ထိုအချိန်က သီဟိုဠ် ကျွန်းတွင် ဆဋ္ဌမ ဘုဝနေကဗာဟုဘုရင် စိုးမိုးအုပ်ချုပ်နေသည်။ ဓမ္မစေတီ မင်းကြီးသည် ဘုဝနေကဗာဟုမင်းကြီးအတွက် အဖိုးထိုက် အဖိုးတန်

http://www.dhammadownload.com



လက်ဆောင်ပဏ္ဏာ ရွှေငွေရတနာများကိုလည်းကောင်း၊ စွယ်တော်နှင့် ခြေတော်ရာ၊ ဗောဓိပင်တို့ကို ပူဇော်ရန်အတွက် လှူဖွယ်ပစ္စည်းအမျိုးမျိုးကို လည်းကောင်း၊ သီဟိုဠ်(သီရိလင်္ကာ)ရဟန်းသံဃာတော်များအတွက် လှူဖွယ် ပစ္စည်းများကိုလည်းကောင်း ကိုယ်စားလှယ်အဖွဲ့နှင့် ပေးလှူလိုက်သည်။ သီဟိုဠ် (သီရိလင်္ကာ) ဘုရင်အား ဆက်သရန် သဝဏ်လွှာကိုလည်း ပါးလိုက်သည်။

ရာမသံတမန်ပါဝင်သောအဖွဲ့ စီးသောသင်္ဘောက တစ်ရက်ကြိုပြီး ထွက်သော်လည်း စိတြသံတမန်တို့အဖွဲ့စီးသော သင်္ဘောက စောပြီး ကိုလမ္ဗို သင်္ဘောဆိပ်သို့ ရောက်သွားသည်။ လမ်းခရီး၌ တစ်လနီးပါးလောက် ကြာသည်။ ရာမသံတမန်တို့အဖွဲ့စီးသော သင်္ဘောမှာမူ လမ်းခရီး၌ အခက်အခဲတွေ့သဖြင့် နှစ်လလောက်ကြာမှရောက်သွားသည်။ မြန်မာနိုင်ငံမှ လာသော သာသနာကိုယ်စားလှယ်အဖွဲ့အား သီဟိုဠ်ဘုရင်က ကောင်းစွာ ကြိုဆိုပြီး လိုအပ်သည်များကိုဆောင်ရွက်ပေးသည်။ မြန်မာနိုင်ငံမှရောက်လာ ကြသော ရဟန်းတော်များအား ကလျာဏီမြစ်ထဲတွင် မဟာဝိဟာရဝါသီ ဂိုဏ်းဝင် မထေရ်အရှင်များက ဥပသမ္ပဒပဉ္စင်းအဖြစ် ထပ်မံခံပေးကြသည်။ မြန်မာရဟန်းတော်များအား ဘွဲ့နာမတော်အသစ်များကိုလည်း ပေးကြသည်။

သီဟိုဠ် (သီရိလင်္ကာ) ၌ ပြုဖွယ်ကိစ္စများကို အောင်မြင်ထမြောက်စွာ ပြုလုပ်ပြီးစီးသောအခါ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံ ပြန်လာသည်။ အပြန်ခရီး၌လည်း ရာမသံတမန်တို့အဖွဲ့က စောပြီးပြန်သည်။ ပင်လယ် သမုဒ္ဒရာထဲတွင် ၁၅ ရက်မျှကြာသည်။ စိတြသံတမန်တို့အဖွဲ့ကား အပြန် ခရီး၌ အဆင်မပြေဖြစ်ခဲ့သည်။ ထိုကိုယ်စားလှယ်အဖွဲ့၏ သင်္ဘောသည် ကိုလမ္ဗိုသင်္ဘောဆိပ်၌ ကျောက်ချထားစဉ် လေမုန်တိုင်း တိုက်ခတ်သဖြင့် နစ်မြုပ်သွားသည်။ ထို့ကြောင့် သီဟိုဠ် (သီရိလင်္ကာ) ဘုရင် စီစဉ်ပေးသော

http://www.dhammadownload.com



သင်္ဘောဖြင့်ပြန်လာကြရသည်။ သို့ရာတွင် ထိုသင်္ဘောသည်လည်း ပင်လယ်ထဲတွင် သုံးရက်မြောက်နေ့၌ မုန်တိုင်းကျပြီး ကျောက်ဆောင်စွန်းနှင့်ငြိ၍ ဆက်လက်သွား၍ မရတော့ပေ။ ဒုက္ခအကြီးအကျယ် ကြုံတွေ့ကြရသော ကိုယ်စားလှယ်အဖွဲ့သည် ဖောင်ဖွဲ့ပြီး ခဲခဲယဉ်းယဉ်း အသက်ဘေးမှ လွတ်အောင် လှော်ခတ်သွားကြလေရာ အိန္ဒိယတောင်ပိုင်း နာဂပဋ္ဋန သင်္ဘောဆိပ် ရောက်သွားကြသည်။ ထိုမှတစ်ဆင့် ရရာသင်္ဘောကြုံဖြင့် ပြန်လာကြရာ မြန်မာနိုင်ငံသို့ လေးငါးခြောက်လကြာမှ တကွဲတပြားစီ ပြန်ရောက်လာကြသည်။

ကြေကွဲဝမ်းနည်းဖွယ်ကောင်းသည်မှာ မထေရ် ခြောက်ပါးနှင့် ရဟန်းငယ် လေးပါးတို့သည် သူတို့၏ သာသနာရေးခရီး၌ မြန်မာနိုင်ငံသို့ ပြန်မရောက်လာကြတော့ဘဲ ပင်လယ်ထဲတွင် အသက်စတေးသွားကြရလေသည်။

ဓမ္မစေတီမင်းကြီးသည် သီဟိုဠ်ကျွန်းမှ ဥပသမ္ပဒကံ ပဉ္စင်းအသစ်ခံလာကြသော ရဟန်းတော်များနှင့် ပဲခူးတွင် ခဏ္ဍာသိမ်တစ်သိမ် သမုတ်သည်။ ထိုသိမ်၏အမည်ကို သီဟိုဠ်ကျွန်း ကလျာဏီမြစ် ဥဒကုက္ခေပသိမ်၌ ရဟန်းခံလာကြသော ရဟန်းသံဃာတော်များ သမုတ်သောကြောင့် ကလျာဏီသိမ်ဟု မှည့်ခေါ်သည်။ ယခုထက်တိုင် ပဲခူးတွင်ရှိနေသော ကလျာဏီသိမ်မှာ ထိုသိမ်ပင်ဖြစ်သည်။

ရာမညတိုင်းရှိ ရဟန်းတော်ပေါင်းများစွာတို့သည် ကလျာဏီသိမ်၌ သီဟိုဠ်ကျွန်းမှ ပြန်ကြွလာကြသော ရဟန်းသံဃာတော် အရှင်မြတ်များထံတွင် ဥပသမ္ပဒ ပဉ္စင်းအဖြစ် အသစ်တစ်ဖန် ခံကြသည်။ ထိုရဟန်းတော်များကတစ်ဆင့် အခြား ရှင်သာမဏေများကို ရဟန်းခံပေးကြသည်။ ယင်းသို့လျှင် ဓမ္မစေတီမင်းကြီးသည် ရာမညတိုင်း၌ သာသနာတော်ကို

http://www.dhammadownload.com



စင်ကြယ်သွားအောင် ပြုပြီးလျှင် စည်းလုံးညီညွတ်သော၊ စင်ကြယ်သန့်ရှင်းသော သာသနာ့ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်အောင် ကြိုးပမ်းအားထုတ်ခဲ့သည်။ ထိုဂိုဏ်းကြီးမှာ သီဟိုဠ်ကျွန်း မဟာဝိဟာရဝါသီဂိုဏ်း၏ အစဉ်အလာကို လိုက်နာကျင့်သုံးသော သာသနာ့ဂိုဏ်းကြီးဖြစ်သည်။ ရာမညတိုင်းရှိ ထိုဂိုဏ်းဝင် ရဟန်းသံဃာများအနက် ဂဏာစရိယဂိုဏ်းချုပ် ဆရာတော်များမှာ ရှစ်ရာမျှရှိပြီး ပဉ္စင်းငယ်တို့၏ အရေအတွက်မှာမူ တစ်သောင်းလေးထောင့်နှစ်ရာ့ခြောက်ဆယ်ရှိသည်။ စုစုပေါင်း သံဃာတော်များမှာ တစ်သောင်းငါးထောင့်ခြောက်ဆယ့်ငါးပါး (၁၅၀၆၅) ရှိသည်။

သီဟိုဠ်ကျွန်းသို့ ကြွသွားသော ရဟန်းများထဲတွင် ဗုဒ္ဓဃောသအမည်ရှိ ရဟန်းတစ်ပါး ပါသည်။ ထိုရဟန်းတော်သည် ဝါရီရူမဓမ္မသတ်ကို မွန်ဘာသာမှ မြန်မာဘာသာ ပြန်ဆိုခဲ့သည်။ ဓမ္မစေတီမင်းကြီးကိုယ်တိုင်ကလည်း တရားဖြတ်ထုံးများ၌ ထင်ရှားကျော်ကြားသော ဘုရင်တစ်ပါးဖြစ်သည်။ ဓမ္မစေတီဖြတ်ထုံးဟူ၍ပင် ထင်ရှားသော ဖြတ်ထုံးများရှိသည်။

ဓမ္မစေတီမင်းကြီးသည် သီဟိုဠ်ကျွန်းသို့ သာသနာ့ကိုယ်စားလှယ်အဖွဲ့များစေလွှတ်ပုံ၊ ရာမညတိုင်း၌ စည်းလုံးညီညွတ်ပြီး စင်ကြယ်သန့်ရှင်းသော သာသနာ့ဂိုဏ်းကြီးတစ်ဂိုဏ်းဖြစ်အောင် ကြိုးပမ်းပုံများကို ကျောက်ချပ်ဆယ်ချပ်တွင် ပါဠိဘာသာဖြင့်လည်းကောင်း၊ မွန်ဘာသာဖြင့်လည်းကောင်း ရေးထိုးမှတ်တမ်းတင်ထားသောကျောက်စာများသည် ပဲခူးမြို့၊ ရွှေသာလျောင်းလမ်း၊ ကလျာဏီသိမ်တော်ကြီး၏အနီး၌ ယခုထက်တိုင် ထင်ရှားရှိနေပေသည်။

❖

http://www.dhammadownload.com

# ကုန်းဘောင်ခေတ် ရှေ့ပိုင်း

ရခိုင်ဘုရင် နရပတိကြီးသည် မြို့ဟောင်းတွင် မင်္ဂလာမာရ်အောင်ဘုရားကို ကိုးကွယ်တည်ထားသည်။ ထိုဘုရားတွင် သီဟိုဠ်ကျွန်းမှရရှိသော ပိဋကတ်သုံးပုံကို ဌာပနာထားသည်။ ရခိုင်တွင် နရပတိကြီးနောက် နန်းတက်သော ဘုရင်မှာ စန္ဒသုဓမ္မ (၁၆၅၂–၈၄) ဘုရင်ဖြစ်သည်။ ထိုဘုရင်လက်ထက်တွင် သီဟိုဠ် (သီရိလင်္ကာ) နှင့် မြန်မာနိုင်ငံ (ရခိုင်ပြည်) တို့ သာသနာရေးအရ ဆက်သွယ်မှုရှိခဲ့သည်။ ထိုဘုရင်သည် ရခိုင်ဘုရင်များအနက် ပြည်သူအများ ကြည်ညိုလေးစားခြင်းခံရသော ဘုရင်တစ်ပါးဖြစ်သည်။ ဘုရင်မင်းကြီးသည် မြို့ဟောင်းတွင် စေတီအတော်များများကို တည်ထားကိုးကွယ်သည်။ ယင်းစေတီများကား ဓိနမာရ်အောင်၊ ရတနာမာန်အောင်၊ ရွှေကြာသိမ်၊ လောကမူ စေတီများဖြစ်သည်။ စန္ဒသုဓမ္မဘုရင်သည် သီဟိုဠ်ကျွန်းသို့လည်း ရခိုင် ရဟန်းတော်များ အဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့သည်။

ပုဂံစာအုပ်တိုက်

http://www.dhammadownload.com



မြန်မာနိုင်ငံသမိုင်း၌ ယခင့်ယခင်က သီဟိုဠ် (သီရိလင်္ကာ) နှင့် မြန်မာနိုင်ငံ၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ သာသနာ့ဝန်ထမ်း ရဟန်းတော်များ အလဲအလှယ် အပေးအယူ ရှိခဲ့ဖူးသည်။ ယင်းဓလေ့သည် စန္ဒသုဓမ္မဘုရင် လက်ထက်၌ ရခိုင်ပြည်တွင်လည်း တစ်ဖန်ပြန်ပေါ်လာသည်။ ထိုအချိန်က သီဟိုဠ်ကျွန်းတွင် ဝိမလဓမ္မသူရိယဘုရင် စိုးမိုးအုပ်ချုပ်နေသည်။ သီဟိုဠ်ကျွန်းတွင် သီဟိုဠ်(သီရိလင်္ကာ)ဘုရင်များ အုပ်ချုပ်သည်ဟုဆိုရသော်လည်း သီဟိုဠ် (သီရိလင်္ကာ) ဘုရင်များသည် မလွတ်လပ်တော့ပေ။ နယ်ချဲ့တို့၏ ဩဇာလွှမ်းမိုးမှုအောက်တွင် ရှပ်ပြမ္ဘလောက်သာ ရှိတော့သည်။ ပထမ ပေါ်တူဂီတို့ ကြီးစိုးခြယ်လှယ်နေကြသည်။ ဝိမလဓမ္မသူရိယဘုရင်လက်ထက် တွင်ကား ပေါ်တူဂီတို့နေရာတွင် ဒတ်ချ်တို့ ရောက်လာကြသည်။

ဝိမလဓမ္မသူရိယဘုရင်လက်ထက်တွင် သီဟိုဠ်ကျွန်း၌ ဗုဒ္ဓသာသနာ ညှိုးမှိန်နေသည်။ ဘုရင်မင်းကြီးသည် သာသနာကို ကြည်ညိုရှင်းစွဲရှိသည် ဖြစ်၍ သီဟိုဠ်ကျွန်း၌ သာသနာ ပြန်လည်အသက်ဆက်လိုသည့်ဆန္ဒရှိသည်။ ထို့ကြောင့် ရခိုင်ဘုရင်ထံ သာသနာပြုရဟန်းတော်အဖွဲ့တစ်ဖွဲ့ စေလွှတ်ရန် တောင်းပန်လိုက်လေသည်။ ယခင် သီဟိုဠ် (သီရိလင်္ကာ) ဘုရင်များ သာသနာရေးကိစ္စကြုံလာလျှင် မြန်မာဘုရင်များထံ ချဉ်းကပ်သော်လည်း ယခုတစ်ကြိမ်၌မူ မြန်မာဘုရင်များထံ မချဉ်းကပ်ဘဲ ရခိုင်ဘုရင်ထံ ချဉ်းကပ်သည်။ ယင်းသို့ပြုလုပ်ခြင်း၌ အကြောင်းရှိသည်။ ထိုအချိန်က သီဟိုဠ်ကျွန်းတွင် ဩဇာလွှမ်းမိုးနေသော ဒတ်ချ်တို့သည် ရခိုင်ပြည်နှင့်လည်း အဆက်အသွယ်ရှိသည်။ ဒတ်ချ်တို့သည် ရခိုင်ပြည်မှ ရဟန်းတော်များ သီဟိုဠ် (သီရိလင်္ကာ) သို့ ပင့်ရေး၌ ဘုရင်အား များစွာ အကူအညီပေးကြသည်။ ဒတ်ချ်တို့၏အကူအညီဖြင့် သီဟိုဠ် (သီရိလင်္ကာ)ဘုရင် ဝိမလဓမ္မသူရိယက ရခိုင်ဘုရင်ထံ သာသနာပြုအဖွဲ့စေလွှတ်ရန် တောင်းပန်သောအခါ

http://www.dhammadownload.com



ရခိုင်ဘုရင် စန္ဒသုဓမ္မသည် ရခိုင်ရဟန်းတော် အပါးလေးဆယ် ပါဝင်သည့် သာသနာပြုအဖွဲ့တစ်ဖွဲ့ကို သီဟိုဠ် (သီရိလင်္ကာ) သို့ စေလွှတ်ခဲ့သည်။

မြန်မာနိုင်ငံသမိုင်းဘုံမိမာန်ကြီး၌ အထင်းသားရှိနေသော သီရိလင်္ကာ မြန်မာ သာသနာရေးဆက်သွယ်မှု မှန်ကူကွက်ကြီးတစ်ကွက်မှာမူ ဟံသာဝတီ ဘုရင့်နောင်ခေတ်ဖြစ်သည်။ ဘုရင့်နောင်သည် ၁၅၅၅ ခုနှစ်၌ သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့တွင်ရှိသော စွယ်တော်အတွက် ပူဇော်ဖွယ် ပစ္စည်းဝတ္ထုများကို ပေးပို့လှူဒါန်းခဲ့သည်။ စွယ်တော်တိုက်အနီး၌ မြေနေရာဝယ်ယူပြီးလျှင် စွယ်တော်ကို ထာဝရ မီးပူဇော်ရန် မီးတိုင်စိုက်ထားသည်။ မြန်မာနိုင်ငံမှ လက်မှုပညာသည်များကို စေလွှတ်ပြီးလျှင် ထိုမီးတိုင်ကို အလှအပဖြစ်အောင် ဖန်တီးပြုလုပ်ထားသည်။ ဘုရင်မင်းကြီးသည် သူ၏ဆံပင်နှင့် မိဖုရားကြီး၏ ဆံပင်ကို တံမြက်စည်း ပြုလုပ်ပြီးလျှင် စွယ်တော်ကိန်းဝပ်သည့် စေတီနှင့် စွယ်တော်တိုက်တွင် လှည်းရန် လှူဒါန်းသည်။

သီဟိုဠ် (သီရိလင်္ကာ) ဘုရင့်သမီးတော်နှင့် လက်ထပ်ရမည်ဟု ဟူးရာဗေဒင်ပညာရှင်များ၏ ဟောကိန်းအရ ဘုရင့်နောင်သည် သီဟိုဠ် (သီရိလင်္ကာ) ဘုရင်ထံ သံတမန်များကို စေလွှတ်လျက် လက်ဆောင်ပဏ္ဏာ များကို ပေးပို့ပြီးလျှင် သမီးကညာဆက်သရန် တောင်းဆိုသည်။ ကိုလမ္ဗို ဘုရင် ဓမ္မပါလတွင် သမီးတော် မထွန်းကားပေ။ သို့သော်လည်း သီဟိုဠ် (သီရိလင်္ကာ)ဘုရင်သည် မိမိသမီးအရင်းကဲ့သို့ချစ်ခင်ယုယသော အမတ်ကြီး တစ်ဦး၏သမီးကို ဘုရင့်နောင်ထံ ဆက်သလိုက်လေသည်။ ဘုရင့်နောင်က ထိုသမီးတော်ကို မိဖုရားမြှောက်ထားလိုက်လေသည်။

သီဟိုဠ်(သီရိလင်္ကာ)ဘုရင်သည် ဘုရင့်နောင်ထံ စွယ်တော်ကိုလည်း ပို့လိုက်လေသည်။ သို့သော်လည်း သီဟိုဠ် (သီရိလင်္ကာ) ဘုရင် ဓမ္မပါလ ပို့လိုက်သောစွယ်တော်မှာ စွယ်တော်အစစ်မဟုတ်ဘဲ စွယ်တော်ပွားဖြစ်သည်။

http://www.dhammadownload.com



ထို့ကြောင့် သီဟိုဠ်ကျွန်းမှ ဘုရင့်နောင်ရရှိသော သမီးကညာနှင့် စွယ်တော်မှာ အစစ်မဟုတ်ဟု ပြောစမှတ်ရှိနေသည်။ ဘုရင့်နောင်သည် သမီးတော်ကို မိဖုရားမြှောက်ပြီး စွယ်တော်ကိုမူ မဟာစေတီတွင် ဌာပနာထားလိုက်လေသည်။

မှန်နန်းရာဇဝင်၊ ဦးကုလားရာဇဝင် စသော မြန်မာဘာသာဖြင့် ရေးသားထားသည့် မြန်မာနိုင်ငံသမိုင်းစာအုပ်များ၌ကား 'သိန်းဃိမင်းက မြတ်စွာဘုရား၏ အနားရစ် လေးရစ်ရှိသော ကျောက်သပိတ်တော်ကို ဆက်လာကြောင်း၊ သပိတ်တော်ကို နဝရတ်ကိုးပါး ခြယ်လှယ်စီမံ၍ နန်းတော်တွင် ကိုးကွယ်ထားကြောင်း၊ သိန်းဃိမင်းက ချစ်မြတ်နိုးလှစွာသော သမီးကို အခြွေအရံနှင့်တကွ သင်္ဘောတွင်တင်၍ ဆက်လာကြောင်း၊ သိန်းဃိကျွန်းကို အစိုးရသော ဓမ္မပါလမင်းက ဘုရားသခင် စွယ်တော်မြတ်ကို ရွှေစေတီ၌ ဌာပနာ၍ သင်္ဘောနှစ်စင်းတွင် တစ်စင်းမှာ လက်ဆောင်တော်၊ တစ်စင်းမှာ စွယ်တော်မြတ်ကိုတင်၍ အမတ်လေးယောက် ကြပ်မတ်စေလျက် ဆက်လာကြောင်း သိန်းဃိကျွန်းဘုရင် ဆက်လိုက်သော ရာဇသံစာတွင် 'မဟာဓမ္မရာဇ်မင်းမြတ်သည် ဇမ္ဗူဒိပ်ဝယ် အပြည်ပြည်ထောင်သော မိစ္ဆာဒိဋ္ဌိတို့ကို သမ္မာဒိဋ္ဌိဖြစ်အောင် ဆုံးမတော်မူလေ့ရှိသော သာသနာ့ဒါယကာမင်းဖြစ်၍ ယခု ဘုရားရှင် စွယ်တော်စစ်ကိုကိုးကွယ်တော်မူခြင်းငှာ ဆက်လာပါစေသည်' ဟူ၍ ရေးသားပါရှိကြောင်း၊ စသည်တို့ကို ရေးသားဖော်ပြထားပေသည်။ ထို့ပြင် ဆင်ဖြူရှင်ဘုရင်မင်းကြီးကလည်း 'မင်းတကာတို့ မကိုးကွယ်ရဖူးသော စွယ်တော်စစ် ရောက်တော်မူ၍ ငါ ကိုးကွယ်တော်မူရသည်' ဟူ၍ အမိန့်ရှိကြောင်းကိုလည်း မြန်မာရာဇဝင်စာအုပ်များ၌ ရေးသားဖော်ပြထားသည်။

ဘုရင့်နောင် ကံတော်ကုန်သွားပြီးနောက် သားတော် နန္ဒဘုရင်

http://www.dhammadownload.com



လက်ထက်တွင် ဘုရင့်နောင်၏ နိုင်ငံတော် ပြိုကွဲပျက်စီးသွားသည်။ ၁၆၁၀ ခုနှစ်တွင် အနောက်ဘက်လွန်မင်းတရားသည် တောင်ငူကို သိမ်းပိုက်ပြီးလျှင် ဘုရင့်နောင်ကိုးကွယ်သည့် သီဟိုဠ်ကျွန်းမှရသော စွယ်တော်နှင့် ကျောက်သပိတ်တော်ကို အင်းဝသို့ ယူဆောင်သွားသည်။

သာလွန်မင်းတရားကြီးလက်ထက် ရောက်သောအခါ မင်းတရားကြီးသည် ဘုရင့်နောင်ကိုးကွယ်သော စွယ်တော်နှင့် ကျောက်သပိတ်တော်ကို ရာဇမဏိစူဠာ ခေါ် ကောင်းမှုတော် စေတီကြီးတွင် ဌာပနာထားလိုက်သည်ဟု ဆိုသည်။

စစ်ကိုင်းတွင် သာလွန်မင်းတရားကြီးတည်သော ကောင်းမှုတော် စေတီပုထိုးကြီးမှာ သီဟိုဠ် (သီရိလင်္ကာ) ပုံစံဖြစ်သည်။ စေတီတော်ကြီးကို ရံထားသော ကျောက်စာတိုင်များ၊ ပုထိုးငယ်များမှာလည်း အနုရာဓပူရ ရှိ စေတီပုထိုးများ၏ ပုံစံအတိုင်းဖြစ်သည်။

သီဟိုဠ် (သီရိလင်္ကာ) မြန်မာ သာသနာ ဆက်သွယ်ရေးသမိုင်း၏ အတောက်ပြောင်ဆုံးသော ကာလတစ်ခုမှာ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်ဖြစ်သည်။

မြန်မာနိုင်ငံ သမိုင်းတစ်လျှောက် သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံသည် သာသနာရေးအရ ဆက်သွယ်မှုရှိခဲ့သည်။ အပေးအယူရှိခဲ့သည်။ သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံ၌ သာသနာ ညှိုးမှိန်အားလျော့နေသည့်အခါ၌ မြန်မာနိုင်ငံမှ သာသနာပြုရဟန်းတော်များ သီဟိုဠ် (သီရိလင်္ကာ)သို့ ကြွရောက် သာသနာပြုသည့် အစဉ်အလာရှိသကဲ့သို့ မြန်မာဘုရင်များသည် မိမိတို့နိုင်ငံရှိ သာသနာတော် အခြေအနေကို အားရကျေနပ်မှု မရှိသည့်အခါမျိုး၌ သီဟိုဠ် (သီရိလင်္ကာ) ရှိ သာသနာ့ဝန်ထမ်းများထံ လှမ်းအကူအညီတောင်းရသည့် အစဉ်အလာမျိုးလည်း ရှိခဲ့သည်။ ဘိုးတော်ဘုရားလက်ထက်တွင်မူ သီဟိုဠ်

http://www.dhammadownload.com



(သီရိလင်္ကာ)သာသနာ ထွန်းကားပြန့်ပွားရေးအတွက် သီဟိုဠ်(သီရိလင်္ကာ) နိုင်ငံမှ သာသနာရေးကိုယ်စားလှယ်အဖွဲ့များ မြန်မာနိုင်ငံသို့ ရောက်ရှိလာကြသည်။ ၁၈၀၂ ခုနှစ်တွင် ရောက်လာသောအဖွဲ့မှာ သီဟိုဠ် (သီရိလင်္ကာ) မြန်မာသာသနာဆက်သွယ်ရေးသမိုင်း၌ မှတ်တိုင်တစ်တိုင်စိုက်ထူလိုက်သော အဖွဲ့ဖြစ်သည်။

သီဟိုဠ်(သီရိလင်္ကာ)ဘုရင် ကိတ္တိသီရိရာဇသီဟ (၁၇၄၈–၇၈)သည် အောက်တန်းလွှာဇာတ်နိမ့်များ ရဟန်းဘောင် မဝင်ရဟူသော ထူးခြားသော အမိန့်တစ်ရပ် ထုတ်ခဲ့လေသည်။ ထိုအမိန့်မှာ ဘုရားရှင်၏အလိုတော်နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ ဘုရားရှင်သည် လူမျိုးမရွေး၊ အဆင့်အတန်းမရွေး သာသနာတော်တွင်း ဝင်ရောက်နိုင်သည်ဟူ၍ သာသနာတော်တံခါးကို အားလုံးအတွက် ဖွင့်ပေးထားတော်မူသည်။

သီဟိုဠ်ကျွန်း၌ ရဟန်းဖြစ်ရေးအတွက် လူတန်းစား ခွဲခြားမှု ရှိသောအခါ သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံမှ သာမဏေအချို့သည် မြန်မာနိုင်ငံ ရောက်ရှိလာကြသည်။ ထိုသာမဏေများကို ဘိုးတော်ဘုရားကိုယ်တိုင် အားပေး အားမြှောက်ပြုလျက် ဆရာတော်ကြီးများထံ အပ်နှံပြီး ရဟန်းခံပေးစေခဲ့သည်။

ရဟန်းဘဝရောက်သွားကြသော ထိုသီဟိုဠ်(သီရိလင်္ကာ)သာမဏေများသည် မြန်မာရဟန်းတော်တချို့ကိုခေါ်ဆောင်ပြီး သီဟိုဠ်(သီရိလင်္ကာ)သို့ ပြန်သွားကြသည်။ မြန်မာနိုင်ငံမှ ဆရာတော်ကြီးများသည် ထိုရဟန်းတော်များအဖွဲ့နှင့် သီဟိုဠ်ဆရာတော်ကြီးများထံ သန္ဒေသကထာ စာသဝဏ်လွှာ ပါးလိုက်သည်။ မြန်မာရဟန်းတော်များနှင့် မြန်မာနိုင်ငံတွင် ရဟန်းပြုသွားကြသော သီဟိုဠ်ရဟန်းတော်များသည် သီဟိုဠ် (သီရိလင်္ကာ) ရောက်သွားကြသောအခါ တခြား သီဟိုဠ် သာမဏေများကို ရဟန်းခံပေးကြသည်။

## ပုဂံစာအုပ်တိုက်

http://www.dhammadownload.com



ထိုရဟန်းတော်များနှင့် ထိုရဟန်းတော်များမှ ဆင်းသက်လာကြသော ခေတ်အဆက်ဆက် ရဟန်းတော်များသည် 'အမရပူရနိကာယ' အမည်ဖြင့် သီဟိုဠ် (သီရိလင်္ကာ) သာသနာ့သမိုင်းတွင် ထင်ရှားကျော်ကြားလာခဲ့သည်။ မြန်မာနိုင်ငံ အမရပူရမြို့တော်မှ ဆင်းသက်လာသော အမရပူရမြို့တော်နှင့် အဆက်အသွယ်ရှိသော သာသနာဂိုဏ်းဟု အဓိပ္ပာယ်ရသည်။

သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံသည် ထိုင်း (ယိုးဒယား) နိုင်ငံနှင့်လည်း သာသနာရေးဆက်သွယ်မှုရှိခဲ့သည်။ မြန်မာနိုင်ငံမှ ရဟန်းတော်များ သီဟိုဠ် (သီရိလင်္ကာ)တွင် သာသနာပြုသကဲ့သို့ ထိုင်း(ယိုးဒယား) ရဟန်းတော်များလည်း သီဟိုဠ် (သီရိလင်္ကာ)တွင် သွားရောက် သာသနာပြုဖူးသည်။ ထိုင်းရဟန်းများမှ ဆင်းသက်လာသော ထိုင်းရဟန်းတော်များနှင့် ဆက်သွယ်မှုရှိသော သီဟိုဠ်ရဟန်းတော်များ၏ဂိုဏ်းမှာ 'သီယာမနိကာယ' (ရှမ်းဂိုဏ်း) ဟူ၍အမည်တွင်သည်။ အမရပူရနိကာယသည် သီယာမနိကာယမှ တသီးတခြား ခွဲထွက်သွားသောဂိုဏ်းဖြစ်သည်။ အမရပူရနိကာယသည် သာသနာ့ဘောင် ဝင်ရောက်ရေး၌ လူတန်းစားခွဲခြားရေးကို ကန့်ကွက်ဆန့်ကျင်သည်။

ဘိုးတော်ဘုရားလက်ထက် မြန်မာသက္ကရာဇ် ၁၁၅၁ ခု၊ ပြာသိုလပြည့်ကျော် ၁၂ ရက်နေ့တွင် မြန်မာနိုင်ငံမှ သီဟိုဠ် (သီရိလင်္ကာ) သို့ ရောက်သွားသော သီဟိုဠ်ရဟန်းများက 'သီဟဠသာသနဝံသကထာ' အမည်ရှိ ပါဠိဘာသာဖြင့် ရေးထားသော သီဟိုဠ် သာသနာ့သမိုင်းစာတမ်းတစ်စောင် မြန်မာဘုရင်မင်းကြီးနှင့် မြန်မာဆရာတော်ကြီးများထံ ပါးလိုက်လေသည်။

ယင်းကိုပြန်ကြားသည့်အနေဖြင့် မောင်းထောင်ဆရာတော်ကြီး ရေးသားသော 'ဇမ္ဗူဒီပသာသနဝံသကထာ' ခေါ် မြန်မာနိုင်ငံ သာသနာသမိုင်း ပါဠိဘာသာ စာတမ်းတစ်စောင်ကို သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံသို့

http://www.dhammadownload.com



ပြန်ပါးလိုက်လေသည်။ ထို 'ဓမ္မဒီပ သာသနဝံသကထာ' ၌ 'ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အမရပူရ ရွှေမြို့တော်တည် ရွှေနန်းသခင် ဆင်ဖြူများရှင် ဘဝရှင်မင်းတရားကြီးဘုရားသည် အမြင်တစ်ထောင် ဆောင်သော သိကြားမင်းကဲ့သို့ သာသနာရေးကို ကြည့်ရှုမြော်မြင်တော်မူသည် ဖြစ်၍ ရာပြတ်သီရိဇ္ဇနဒုတ်တို့ သင်္ဘောလွှင့်သွားသည်တွင် သိန်းဃိုကျွန်းသို့ ဝင်၍ သာသနာတော်ရေးကို ကြည့်ရှုခဲ့ရမည် အမိန့်တော်ရှိသောကြောင့် ၎င်းသို့ဝင်၍ကြည့်ရှုသည့်ကာလ သိန်းဃိုမင်းက လက်ဆောင်တော်၊ သိန်းဃို ရဟန်းသံဃာတော်တို့က သာသနာရေးအကြောင်းအရာ ဆက်စာများနှင့် သက္ကရာဇ် ၁၁၅၁ ခု၊ ပြာသိုလပြည့်ကျော် ၁၂ ရက် ရွှေပြည်တော်ကြီးသို့ ရောက်၍ ဆက်သည်တွင် အမိန့်တော်နှင့် ဉာဏာဘိဝံသဓမ္မ သေနာပတိ ဆရာတော် ပါဠိပဒစီ၍ သိန်းဃိုသို့ ပြန်ပေးသည့် သာသနဝံသကထာပါဠိ' ဟူ၍ မြန်မာဘာသာဖြင့် ရေးသားထားသည်ကို တွေ့ရှိရပေသည်။

❖

http://www.dhammadownload.com

## ကုန်းဘောင်ခေတ် နောက်ပိုင်း

မြန်မာနိုင်ငံသမိုင်း၌ ကုန်းဘောင်ဆက် ဒုတိယနောက်ဆုံးဘုရင်သည် မန္တလေး ရတနာပုံနေပြည်တော်ကြီးကို တည်ထောင်သောကြောင့် မန္တလေးရတနာပုံ ပထမမြို့တည် နန်းတည် မင်းတရားဟူ၍လည်းကောင်း၊ ပဉ္စမ သင်္ဂါယနာ တင်သောကြောင့် ပဉ္စမသင်္ဂါယနာတင် မင်းတရားဟူ၍လည်းကောင်း၊ ဆင်ဖြူတော်များကို ခံယူရရှိသောကြောင့် ဆဒ္ဒန်ဆင်မင်းသခင် ဘဝရှင် မင်းတရားဟူ၍လည်းကောင်း ငယ်စဉ်က မင်းတုန်းမြို့ကိုစားရသောကြောင့် မင်းတုန်းမင်းဟူ၍လည်းကောင်း ထင်ရှားကျော်ကြားသည်။

မင်းတုန်းမင်းသည် မြန်မာနိုင်ငံ၌ သာသနာရေးကို ထူးထူးခြားခြား အားပေးခဲ့သော ဘုရင်တစ်ပါးဖြစ်သည်။ နန်းစံနှစ် ၂၆ နှစ်အတွင်း ရတနာ သုံးပါးနှင့် စပ်လျဉ်း၍ အရပ်ရပ်ကုသိုလ်တော်အတွက် ငွေပေါင်း ၂၂ ကုဋေ ၆ သန်းကျော်မျှ ရက်ရက်ရောရောလှူဒါန်းခဲ့သည်။ အတုလမဟာဝိဟာရ ခေါ် အတုမရှိကျောင်းတော်ကြီး ဆောက်လုပ်လှူဒါန်းရာ၌ ငွေသန်းသုံးဆယ် သုံးစွဲခဲ့သည်။ ပိဋကတ်သုံးပုံကို ပဉ္စမသင်္ဂါယနာတင်ပြီးလျှင် ကျောက်ပြား

http://www.dhammadownload.com



၇၂၉ ချပ်ပေါ်၌ ကမ္မည်းအက္ခရာတင်လျက် မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားတွင် စိုက်ထူကိုးကွယ်ထားသည်။ ကျောက်ချပ်တစ်ချပ်စီသည် အမြင့် ၆ ပေလောက်ရှိပြီး ဗျက် သုံးပေလောက်ရှိသည်။ ယင်းပိဋကတ်ကျောက်ထက်အက္ခရာတင်ခြင်းအတွက် ငွေ သန်း ၁၅၀ အသုံးပြုသည်။

မင်းတုန်းမင်းကြီးသည် ရွှေတိဂုံဘုရားတွင်လည်း ထီးတော်အသစ်တင်သည်။ ထိုအချိန်က ရွှေတိဂုံစေတီတည်ရာ ရန်ကုန်မြို့သည် ဗြိတိသျှနယ်ချဲ့လက်အောက် ရောက်နေပြီ။ မင်းတုန်းမင်း၏ ကုသိုလ်တော်များသည် ပြည်တွင်း၌သာမက ပြည်ပ၌လည်းရှိလေသည်။ သံအဖွဲ့တစ်ဖွဲ့ စေလွှတ်ပြီးလျှင် ဗုဒ္ဓဂယာမဟာဗောဓိစေတီတော်ကြီးကို ပြင်ဆင်မွမ်းမံစေခဲ့သည်။ စေတီတော်ကြီးအနီး၌ ဇရပ်တစ်ဆောင်ကိုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ ယင်းဇရပ် ယခု မရှိတော့ပြီ။ ထိုမှတစ်ပါး မင်းတုန်းမင်းကြီးသည် ဘေးတော်အလောင်းမင်းတရားကြီး ဆင်တော်မူသည့် ကျောက်စီစလွယ်တော်နှင့် အလောင်းမင်းတရားကြီး၏ မိဖုရားခေါင်ကြီး ဆင်တော်မူသော ကျောက်စီရွှေသား ဘယက်တန်ဆာများကို သီဟိုဠ် (သီရိလင်္ကာ) ရှိ စွယ်တော်တွင် လှူဒါန်းပူဇော်ခဲ့သည်။

မင်းတုန်းဘုရင်လက်ထက် သာသနာပိုင်ဆရာတော်မှာ ဒုတိယ မောင်းထောင်ဆရာတော် အရှင်ဉေယျဓမ္မ ဖြစ်သည်။ ထိုဆရာတော်သည် နှစ်ကြိမ်တိုင်တိုင် သာသနာပိုင် ဖြစ်တော်မူခဲ့သည်။ ဒုတိယ မောင်းထောင်ဆရာတော်သည် သာယာဝတီမင်းလက်ထက် သဲအင်းသာသနာပိုင် ဆရာတော်ကြီး ပျံလွန်တော်မူသွားသောအခါ 'ဉေယျဓမ္မာဘိဝံသ သီရိပဝရာလင်္ကာရ ဓမ္မ သေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရု' တံဆိပ်နာမတော်ဖြင့် ပထမအကြိမ် သာသနာပိုင်ဆရာတော်ဖြစ်လာသည်။ ထို့နောက် တစ်ဖန် မင်းတုန်းမင်းကြီး ထီးနန်းစိုးစံသောအခါ၌လည်း 'ဉေယျ ဓမ္မာဘိမုနိဝရဉာဏ

http://www.dhammadownload.com



ကိတ္တိ သီရိဓမ္မပ္ပသေနာပတိ မဟာဓမ္မရာဇာဓိ ရာဇဂုရု ဘွဲ့တံဆိပ် နာမ တော်ဖြင့် ဒုတိယအကြိမ် သာသနာပိုင် ဆရာတော် ဖြစ်လာပြန်လေသည်။

မြန်မာနိုင်ငံသမိုင်း၌ ခေတ်အဆက်ဆက်တွင် သီဟိုဠ်(သီရိလင်္ကာ)နှင့် မြန်မာနိုင်ငံသည် သာသနာရေးဆက်သွယ်မှု ရှိလာခဲ့သည်။ တချို့ဘုရင်များ လက်ထက်၌ မြန်မာနိုင်ငံမှ သာသနာပြုရဟန်းတော်များ သီဟိုဠ်(သီရိလင်္ကာ) သို့သွားပြီး၊ တချို့ဘုရင်များ၏လက်ထက်၌ သီဟိုဠ်(သီရိလင်္ကာ)မှ သာသနာ့ အရှိန်အဝါသည် မြန်မာနိုင်ငံအတွင်းသို့ ချင်းနင်းဝင်ရောက်လာသည်ကို တွေ့ရသည်။ သီဟိုဠ်(သီရိလင်္ကာ)၏ သာသနာသန့်စင်ရေးအတွက် မြန်မာ နိုင်ငံ၏ အကူအညီယူရသည့်ထုံး ရှိသကဲ့သို့ပင် မြန်မာနိုင်ငံ၏သာသနာ သန့်စင်ရေးအတွက် သီဟိုဠ်(သီရိလင်္ကာ)၏ အကူအညီကို ရယူခဲ့သည်များ လည်း ရှိခဲ့ဖူးသည်။ မင်းတုန်းမင်းကြီးလက်ထက်တွင် သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံမှ ရဟန်းနှင့် သာမဏေအဖွဲ့တစ်ဖွဲ့ ရတနာပုံနေပြည်တော်သို့ ရောက်လာကြသည်။

●

သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ ကိတ္တိသီရိရာဇသီဟအမည်ရှိဘုရင် စိုးမိုး အုပ်ချုပ်စဉ်အခါက ထိုဘုရင်၏ တိုက်တွန်းတောင်းပန်ချက်အရ ထိုင်းနိုင်ငံမှ ရဟန်းတော်များသည် သီဟိုဠ်(သီရိလင်္ကာ) သို့ သွားရောက်သာသနာပြု ကြသည်။ ထိုရဟန်းတော်များ တည်ထောင်သော ဂိုဏ်းသည် လင်္ကာဒီပ၌ သီယာမ၊ သို့မဟုတ် သျှာမနိကာယဟု အမည်တွင်လေသည်။ ထိုသျှာမ (သျှမ်း) ဂိုဏ်းမှ သရဏင်္ကရမည်သော ရဟန်းတစ်ပါးသည် သေခဏ္ဍ(ကန္ဒီ)ရှိ မိမိဂိုဏ်းဂဏအပေါ်တွင် ကျေနပ်အားရခြင်းမရှိသဖြင့် မရမ္ပိကနိကာယ ခေါ် မြန်မာနိုင်ငံ ရဟန်းတော်များ၏ အနွယ်ဝင် ဂိုဏ်းဂဏ ရဟန်းတော်များထံ သွားရောက်ပြီး ရှင်သာမဏေပြုလိုက်လေသည်။ ရဟန်းအဖြစ်က သာမဏေ

http://www.dhammadownload.com



ဘဝ ပြန်ဆင်းခြင်းမှာ မိမိ၏ ဉပသမ္ပဒရဟန်းဘဝအပေါ် သက်ာမကင်းသောကြောင့် ဖြစ်သည်။

ထို့နောက် မကြာမီ သရဏင်္ကရ သာမဏေသည် သီလက္ခန္ဓနှင့် ဓမ္မဒဿီအမည်ရှိ မရမ္မိကနိကာယဂိုဏ်းဝင် ရဟန်းတော် နှစ်ပါးနှင့်လည်းကောင်း၊ ဓမ္မပါလနှင့် သုမင်္ဂလအမည်ရှိ ရှင်သာမဏေနှစ်ပါးနှင့်လည်းကောင်း၊ ကပ္ပိယကာရက ဒါယကာသုံးယောက်နှင့်လည်းကောင်း အတူတကွ ဆရာသမားများထံခွင့်ပန်ပြီး မြန်မာနိုင်ငံသို့ ခရီးထွက်လာခဲ့ကြသည်။ ထိုရဟန်းသာမဏေအဖွဲ့ သီဟိုဠ် (သီရိလင်္ကာ) မှ မြန်မာနိုင်ငံသို့ ခရီးထွက်ခွာလာသောနေ့မှာ သာသနာနှစ် ၂၄၀၄ (မြန်မာ ဗုဒ္ဓဘာသာဝင်တို့၏အလိုအရ သာသနာနှစ် ၂၄၀၅)၊ မြန်မာသက္ကရာဇ် ၁၂၂၃ ခု၊ (ခရစ်၁၈၆၁) တော်သလင်းလဆုတ် ၁၁ ရက်နေ့ဖြစ်သည်။ မန္တလေးရတနာပုံနေပြည်တော် တည်ထောင်ပြီးနောက် ၂ နှစ်အကြာတွင်ဖြစ်သည်။ ထိုနေ့တွင် ဂါလု ဆေါ် သင်္ဘောဆိပ်မှ ရွက်သင်္ဘောဖြင့် ထွက်လာခဲ့ကြသည်။ တစ်လနှင့် ရက်သတ္တတစ်ပတ်ကြာသောအခါကျမှ ဘင်္ဂလားပြည် ကလကတ္တားမြို့သို့ ဆိုက်ရောက်ကြသည်။ သီဟိုဠ်အဖွဲ့သည် ကလကတ္တား၌ ရက်ပေါင်း ၃၃ ရက်ကြာမျှ နေထိုင်ကြရသည်။ ထိုအတောအတွင်း ကုသိနာရုံမှ စန္ဒြအမည်ရှိ လူပုဂ္ဂိုလ်တစ်ဦးနှင့် သူတို့ဆုံကြသည်။ ကလကတ္တားမှ သူတို့မြန်မာနိုင်ငံသို့ ထွက်ခွာလာသောအခါ စန္ဒြလည်း လိုက်ပါလာသည်။ ကလကတ္တားမှ မီးသင်္ဘောဖြင့် လာကြရာ ခြောက်ရက်မြောက်နေ့၌ ရန်ကုန်မြို့သို့ ဆိုက်ရောက်လာကြသည်။ ထိုအချိန်က ရန်ကုန်မြို့မှာ အင်္ဂလိပ်လက်အောက် ရောက်နေပြီ။ ရန်ကုန်တွင် တစ်လခန့်နေပြီး ရန်ကုန်မှ မီးသင်္ဘောဖြင့်သွားကြရာ ၁၂ ရက် မြောက်နေ့၌ မန္တလေး ရတနာပုံနေပြည်တော်သို့ ရောက်သွားကြသည်။

http://www.dhammadownload.com



သာသနာပိုင်ဆရာတော် အရှင်ဥေယျမွေ သီတင်းသုံးသော ကျောင်းတိုက်ကြီးကား မန္တလေးမြို့ အရှေ့ပြင်၌ရှိသည်။ ထိုကျောင်းတိုက်ကြီးတွင် သာသနာပိုင်ဆရာတော်၏ အရိပ်အာဝါသကို ခိုလှုံနေကြသော ရဟန်းသံဃာများ အများအပြားရှိကြသည်။ ထိုရဟန်းသံဃာများထဲတွင် ဘုရင်မင်းကြီး ဆက်ကပ် လှူဒါန်းသော ဘွဲ့တံဆိပ်တော်ရ ရာဇဂုရုဆရာတော်များပင် အတော်များများ ပါဝင်ကြသည်။

တစ်နေ့တွင် ထိုကျောင်းတိုက်ကြီးသို့ အာဂန္တုရဟန်း သာမဏေများ ရောက်ရှိလာကြသည်။ သာသနာပိုင်ဆရာတော်ကြီးကို ဂါရဝပြုရန်နှင့် သာသနာရေးကိစ္စဆောင်ရွက်ရန် အာဂန္တုရဟန်းတော်များသည် ထိုကျောင်းတိုက်ကြီးသို့ အမြဲမပြတ် ရောက်ရှိလာကြလေ့ရှိသည်။ ထိုကျောင်းတိုက်ကြီးသို့ အာဂန္တုရဟန်းသံဃာတော်များ ရောက်ရှိလာခြင်းမှာ အဆန်းမဟုတ်ပေ။ သို့သော် ထိုနေ့က ရောက်ရှိလာကြသော ရဟန်းသာမဏေများမှာ တစ်မူထူးခြားနေသည်။ သူတို့သည် မြန်မာနိုင်ငံသားများမဟုတ်ကြ။ သူတို့ဝတ်ရုံသော သင်္ကန်းရောင်နှင့် ဝတ်ပုံ အချိုးအစားမှာလည်း မြန်မာရဟန်းများနှင့် ပုံစံမတူပေ။ ထို့ကြောင့် ကျောင်းတိုက်ရှိ အာဝါသိက ရဟန်းသံဃာတော်များမှာ အံ့အားသင့်နေကြသည်။ သို့သော် အာဂန္တု ရဟန်းသာမဏေများကို မြင်မြင်ချင်း ပုံသဏ္ဌာန်နှင့် ဟန်ပန်အချိုးအစားကို ကြည့်လျက် သီဟိုဠ် ရဟန်းသာမဏေများဖြစ်ကြောင်း သိရှိကြသည်။ ထိုနေ့က သာသနာပိုင်ဆရာတော်ကြီး၏ ကျောင်းတိုက်သို့ ရောက်ရှိလာကြသော ရဟန်းသာမဏေများမှာ သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံမှ သရဏင်္ကရ အမျိုးပြုသော ရဟန်းသာမဏေများ ဖြစ်ကြသည်။

အာဂန္တုက ရဟန်းသာမဏေများကို အာဝါသိက ရဟန်းတော်များက ခရီးဦးကြိုပြုကြသည်။ အာဂန္တုက ဝတ်ပြုကြသည်။ သာသနာပိုင်

http://www.dhammadownload.com



ဆရာတော်ကြီး၏ တပည့် ရာဇဂုရုမဟာထေရ်များက သီဟိုဠ်သား အာဂန္တု ရဟန်းသာမဏေများအား အာလာပသလ္လာပ ပြောကြသည်။ အကျိုး အကြောင်း မေးမြန်းစုံစမ်းကြည့်ကြသည်။ ဤတွင် သီဟိုဠ်သား ရဟန်း သာမဏေများက ရာဇဂုရုမထေရ်များအား သူတို့ မြန်မာနိုင်ငံသို့လာရခြင်း၏ ရည်ရွယ်ချက်ကို လျှောက်ထားပြောပြကြသည်။ သူတို့၏ ရည်ရွယ်ချက်မှာ သာသနာပိုင်ဆရာတော်ကြီး၏ ခြေတော်ရင်း၌ နေထိုင်ပြီး ဥပသမ္ပဒကံ အသစ်တစ်ဖန် ထပ်မံဆောင်ရန်နှင့် ပရိယတ္တိစာပေ သင်ကြားဆည်းပူးရန် ဖြစ်သည်။ သာသနာပိုင်ဆရာတော်ကြီး၏ တပည့် ရာဇဂုရုမဟာထေရ်များက သာသနာပိုင်ဆရာတော်ကြီးအား အကျိုးအကြောင်း လျှောက်ထားတင်ပြ ကြသည်။

သာသနာပိုင်ဆရာတော်ကြီးသည် သီဟိုဠ်သား ရဟန်းသာမဏေများ ရောက်ရှိနေသည့်အကြောင်းကို ဘုရင်မင်းကြီးထံ အကြောင်းကြားလိုက် သည်။ မင်းတုန်းမင်းကြီးသည် သီဟိုဠ်သား ရဟန်းသာမဏေများအား ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းပြီးလျှင် သာသနာပိုင်ဆရာတော်ကြီး၏ ကျောင်းတိုက်၌သာ သီတင်းသုံးစေခဲ့လေသည်။ ထို့နောက် များမကြာမီပင် မင်းတုန်းမင်းကြီးသည် သီဟိုဠ် ရဟန်းသာမဏေများအား နန်းတော်သို့ ပင့်ဖိတ်ပြီး ဖူးတွေ့သည်။ ဘုရင်မင်းကြီးသည် သီဟိုဠ် ရဟန်း သာမဏေ များအား ပရိယတ္တိ၊ ပဋိပတ္တိနှင့် ပတ်သက်၍လည်းကောင်း၊ လင်္ကာဒီပရှိ စေတီ ပုထိုးများနှင့် ပတ်သက်၍လည်းကောင်း မေးမြန်းလျှောက်ထားကြည့်သည်။ ဘုရင်မင်းကြီးသည် သာသနာရေးကို စိတ်ဝင်စားသူဖြစ်သည့်အတိုင်း သီဟိုဠ် ရဟန်းတော်များ ပြောပြသော လင်္ကာဒီပ သာသနာအကြောင်းကို စိတ်ပါ ဝင်စားစွာ နားထောင်သည်။

သီဟိုဠ်သား ရဟန်းသာမဏေများ မန္တလေးတွင် နေထိုင်လာခဲ့ကြ

http://www.dhammadownload.com



သည်မှာ လေးလမျှကြာသွားသည်။ လေးလကြာသွားသောအခါ သီဟိုဠ်သား ရဟန်းသာမဏေများက သာသနာပိုင်ဆရာတော်ကြီးအား သူတို့အထဲက ရဟန်းများကို သိက္ခာအသစ် ထပ်တင်ပေးရန်လည်းကောင်း၊ သာမဏေများကို ဥပသမ္ပဒပဉ္စင်းအဖြစ် ချီးမြှင့်ပေးရန်လည်းကောင်း ပန်ကြားလျှောက်ထားကြသည်။ သာသနာပိုင်ဆရာတော်ကြီးက သီဟိုဠ်သား ရဟန်းသာမဏေများ၏ လိုလားချက်ကို သာသနာ့ဒါယကာ ဘုရင်မင်းကြီးအား အကြောင်းကြားလိုက်သည်။ ဘုရင်မင်းကြီးသည် သီဟိုဠ်သား ရဟန်းသာမဏေတစ်ဦးစီအတွက် ပရိက္ခရာရှစ်ပါးကိုလည်းကောင်း၊ ရဟန်းသံဃာများနှင့် အပ်စပ်သည့် အခြားပစ္စည်းများကိုလည်းကောင်း ပေးလှူသည်။

သာသနာပိုင်ဆရာတော်ကြီးက ကမကထပြု၍ သီဟိုဠ်သား ရဟန်းများအား သိက္ခာအသစ်ထပ်တင်ပေးခြင်း သို့မဟုတ် ဥပသမ္ပဒကံ အသစ်ထပ်ဆောင်ပေးခြင်းနှင့် သီဟိုဠ်သား သာမဏေများအား ပဉ္စင်းခံပေးခြင်းများကို ဆောင်ရွက်ပေးသည်။

သာသနာပိုင်ဆရာတော်ကြီး၏ ကျောင်းတိုက် ဝိသုံဂါမ သိမ်ကြီးအတွင်း၌ မြန်မာသက္ကရာဇ် ၁၂၄၄ ခု၊ နယုန်လဆန်း ၅ ရက်နေ့တွင် သာသနာပိုင်ဆရာတော်ကြီးကို ဥပဇ္ဈာယ်အရာထားလျက် သာသနာပိုင်ဆရာတော် အရှင်ဥေယျဓမ္မ၊ ပုညာဘိဓဇဓမ္မာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်၊ ကေလာသာဘိဓဇ မထေရ်တို့က ပထမ ကမ္မဝါစာဆရာအဖြစ်ဖြင့်လည်းကောင်း၊ သိရိပရမာလင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်၊ ဥတ္တမာစာရ ပရမဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်၊ ကလျာဏ ဇောတ သာသနဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်တို့က ဒုတိယ ကမ္မဝါစာဆရာအဖြစ်ဖြင့်လည်းကောင်း၊ ဓိနာ့လင်္ကာရမဏိဇောတဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်၊ ပညာသာမိ သိရိကဝိဓဇ မဟာဓမ္မ

http://www.dhammadownload.com



ရာဇာဓိရာဇဂုရုဆရာတော်၊ အာစာရမ္ဘ ကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု ဆရာတော်တို့က တတိယကမ္မဝါစာဆရာအဖြစ်ဖြင့်လည်းကောင်း ဆောင်ရွက်ပြီးလျှင် သီလက္ခန္ဓအမည်ရှိ ရဟန်းအား သိက္ခာအသစ် တင်ပေးကြသည်။

ထိုနေ့၌ပင် ထိုဥပဇ္ဈာယ်ဆရာဖြင့်လည်းကောင်း၊ ထိုကမ္မဝါစာ ဆရာများဖြင့်လည်းကောင်း ဓမ္မဒဿီအမည်ရှိရဟန်းအား သိက္ခာအသစ် ထပ်တင်ပေးကြသည်။ နောက်တစ်နေ့ (နယုန်လဆန်း ၆ ရက်) တွင် သာသနာပိုင်ဆရာတော်ကြီးကိုပင် ဥပဇ္ဈာယ်အရာထားလျက် ပုညာဘိဓဇဓမ္မာလင်္ကာရမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်၊ သိရိပရမာလင်္ကာရဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်၊ ဓိနာလင်္ကာရ မဏိဇောတဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်တို့က ပထမ ကမ္မဝါစာဆရာအဖြစ်ဖြင့်လည်းကောင်း၊ ဥတ္တမာစာရပရမဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်၊ ပညာသာမိ သိရိကဝိဓဇ မဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်၊ ကလျာဏဇောတသာသနဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်တို့က ဒုတိယကမ္မဝါစာဆရာအဖြစ်ဖြင့်လည်းကောင်း၊ အာစာရမ္ဘ ကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်၊ ကိတ္တိသာရပရမသိရိဓဇမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်၊ ကေသဘဓဇထေရ်တို့က တတိယကမ္မဝါစာဆရာအဖြစ်ဖြင့်လည်းကောင်း၊ သရဏင်္ကရသာမဏေနှင့် ဓမ္မပါလသာမဏေတို့အား ဥပသမ္ပဒကံဆောင်ပေးကြသည်။ ထိုနေ့၌ပင် ထိုဥပဇ္ဈာယ်ဆရာ၊ ထိုကမ္မဝါစာ ဆရာများဖြင့်ပင် သုမင်္ဂလ သာမဏေနှင့် စန္ဒသာမဏေတို့ကို ပဉ္စင်းခံပေးကြသည်။

သာသနာပိုင်ဆရာတော်ကြီးက ပဉ္စင်းသစ်များအား ဘွဲ့အမည်သစ်ပေးသည်။ သီလက္ခန္ဓရဟန်းကို 'သဒ္ဓမ္မဝရဇောတိပါလ' ဟူ၍လည်းကောင်း၊ ဓမ္မဒဿီရဟန်းကို 'ဓမ္မဓဇဉာဏရံသီ' ဟူ၍လည်းကောင်း၊ သရဏင်္ကရရဟန်းကို 'ဣန္ဒာသဘဝရဉာဏသာမိ' ဟူ၍လည်းကောင်း၊ ဓမ္မပါလရဟန်းကို

http://www.dhammadownload.com



'ဥက္ကံသပရမသာရဓေ' ဟူ၍လည်းကောင်း၊ သုမင်္ဂလရဟန်းကို 'ဓိနဝံသဓမ္မရက္ခိတတိဿ' ဟူ၍လည်းကောင်း၊ စန္ဒြရဟန်းကို 'ပုဏ္ဏာစာရဓမ္မစာရီ' ဟူ၍လည်းကောင်း အသီးသီး ဘွဲ့သစ်အမည်သစ် မှည့်ခေါ်လိုက်လေသည်။ ယင်းသို့အားဖြင့် သီဟိုဠ်သား ရဟန်းသာမဏေများသည် ဘွဲ့အမည်သစ်ဖြင့် မြန်မာ့မြေ၊ မြန်မာ့သာသနာ၌ ရဟန်းသစ်၊ ပဉ္စင်းသစ် ဖြစ်သွားကြသည်။

သီဟိုဠ်သားရဟန်းများသည် မန္တလေးမြို့၌ သာသနာပိုင်ဆရာတော် အရှင်ဥေယျဓမ္မ၏ အရိပ်အာဝါသအောက်တွင် ကာလအတန်ကြာမျှ နေထိုင်သီတင်းသုံးကြသည်။ ထိုရဟန်းတော်များအနက် ဣန္ဒာသဘဝရ ဉာဏသာမိ ခေါ် သရဏင်္ကရ ရဟန်းသည် ဉာဏ်ပညာထက်မြက်သူ ဖြစ်သည့်အတိုင်း သာသနာပိုင်ဆရာတော်ကြီးထံ၌ ဝိနည်းနှင့် အဘိဓမ္မာကို သင်ယူရာ ထူးထူးထူးချွန်ချွန် ကျွမ်းကျင်တတ်မြောက်သွားသည်။ ထို့ပြင် ထိုရဟန်းသည် မန္တလေးမြို့၌ နေစဉ်အတွင်း မြန်မာဘာသာဖြင့် ရေးသားထားသော သာသနလင်္ကာရကျမ်းနှင့် ဝိထိလက်ရိုးကို ပါဠိဘာသာပြန်ဆိုသည်။

သီဟိုဠ်သား ရဟန်းတော်များသည် မြန်မာနိုင်ငံသို့ လာရင်းရည်ရွယ်ချက် ထမြောက်အောင်မြင်သွားပြီဖြစ်၍ ဌာနေသို့ပြန်ရန် အချိန်တန်လာပြီ။ သာသနာပိုင်ဆရာတော်ကြီးကလည်း ပြန်ခွင့်ပြုလိုက်သည်။ သာသနာပိုင်ဆရာတော်ကြီး၏ကိုယ်စား ဆရာတော်ကြီး၏တပည့် ကလျာဏဓဇာတာသာသနဓမ္မမဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော်က သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံ ဆရာတော်ကြီးများထံ သဝဏ်လွှာတစ်စောင် ရေးပေးလိုက်သည်။

သီဟိုဠ်သားရဟန်းတော်များ သီဟိုဠ် (သီရိလင်္ကာ)နိုင်ငံ ပြန်တော့မည်ဆိုသည်ကို ကြားသိရသောအခါ မင်းတုန်းမင်းကြီးသည် ရဟန်းတော်များအား ပရိက္ခရာရှစ်ပါးကို ဆက်ကပ်လှူဒါန်းသည်။ အတူပါလာသော ကပ္ပိယကာရကများအားလည်း သီဟိုဠ်သို့ ဆောင်ကြဉ်းသွားရန် ပိဋကတ်

http://www.dhammadownload.com



ကျမ်းစာများနှင့် ဗုဒ္ဓရုပ်ပွားတော်များကို လက်ဆောင်ပါးလိုက်သည်။ ထို့ပြင် ဘုရင်မင်းကြီးသည် ရန်ကုန်မြို့ရှိ အင်္ဂလိပ်ကော်မရှင်နာမင်းကြီးထံ သဝဏ်လွှာ တစ်စောင်ပါးလိုက်ပြီး သံတမန်တစ်ယောက်ကိုလည်း ရန်ကုန်အထိ ထည့်ပေး လိုက်သည်။ ရန်ကုန်မြို့ရှိ အင်္ဂလိပ်ကော်မရှင်နာမင်းကြီးက ဘုရင်မင်းကြီး၏ သဝဏ်လွှာကြောင့် သီဟိုဠ်သား ရဟန်းတော်များအား အစစ အဆင်ပြေရေး အတွက် များစွာအကူအညီပေးသည်။ သီဟိုဠ်သား ရဟန်းတော်များသည် ပဲခူးသို့သွားပြီး ကလျာဏီသိမ်တော်၌ ပဲခူးဟံသာဝတီမှ အရည်ဝါသီ ထေရ် အရှင်များဖြင့် ခိုင်မြဲသည်ထက် ခိုင်မြဲစေရန် ကြိုးအထပ်ထပ် တုပ်ဘိသကဲ့သို့ သိက္ခာတစ်ကြိမ် ထပ်ကြပြန်သည်။ ထိုကလျာဏီသိမ်တော်မှာ ဓမ္မစေတီ မင်းကြီးလက်ထက်က လင်္ကာဒီပပြန် ရဟန်းတော်များ သမုတ်သည့် သိမ် ဖြစ်သည်။

သီဟိုဠ်ရဟန်းတော်များအား အင်္ဂလိပ်ကော်မရှင်နာမင်းကြီးက အိန္ဒိယ တောင်ပိုင်းသို့သွားသော မီးသင်္ဘောပေါ် တင်ပေးလိုက်သည်။ မဒ္ဒရာမြို့ရှိ အင်္ဂလိပ်ကိုယ်စားလှယ်ထံသို့လည်း အကြောင်းကြားလိုက်သည်။ မဒ္ဒရာ မြို့ရှိ အင်္ဂလိပ် မဟာမင်းကြီးက သီဟိုဠ်ရဟန်းတော်များကို ဆီးကြိုပြီးလျှင် ရက်သတ္တနှစ်ပတ်လောက်ကြာသွားသောအခါ မဒ္ဒရာမှ သီဟိုဠ်(သီရိလင်္ကာ)သို့ သွားသော မီးသင်္ဘောပေါ် တင်ပေးလိုက်သည်။ ယင်းသို့အားဖြင့် သီဟိုဠ် ရဟန်းတော်များအဖွဲ့၏ မြန်မာနိုင်ငံခရီးစဉ်မှာ ထမြောက်အောင်မြင်သွား ပြီးလျှင် ဌာနေနိုင်ငံ သီဟိုဠ် (သီရိလင်္ကာ) သို့ ချောမောစွာ ပြန်လည်ရောက် သွားကြသည်။

ထို့နောက် ဆယ့်ကိုးနှစ်၊ အနှစ် နှစ်ဆယ်နီးပါး ကြာသွားသောအခါ မြန်မာနိုင်ငံပြန် သရဏင်္ကရ မထေရ်အား 'သာသနဝံသ ကဝိဓဇ သီရိသဒ္ဓမ္မာ စရိယယတိ သံဃပတိ ဋ္ဌနဗ္ဘာသဘာဝရ ဉာဏာသာမိ' ဘွဲ့တံဆိပ်တော်

http://www.dhammadownload.com



လှူဒါန်းပေးအပ်ပြီးလျှင် သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံ ရာမညနိကာယ ဂိုဏ်းကြီး၏ အကြီးအမှူး ဥက္ကဋ္ဌနာယကအဖြစ် တင်မြှောက်လိုက်ကြသည်။

❖

http://www.dhammadownload.com

## ရွှေကျင်ဆရာတော်၏ သီရိလင်္ကာနိုင်ငံခရီး

သီရိလင်္ကာနှင့် မြန်မာနိုင်ငံ၏ သာသနာရေးဆက်သွယ်မှုသည် ခေတ်အဆက်ဆက် မြန်မာရဟန်းသံဃာတော်များ သီရိလင်္ကာနိုင်ငံသို့ ကြွရောက်ခြင်းအားဖြင့်လည်းကောင်း၊ သီရိလင်္ကာနိုင်ငံမှ ရဟန်းသံဃာတော်များ မြန်မာနိုင်ငံသို့ ကြွရောက်ခြင်းအားဖြင့်လည်းကောင်း၊ ခိုင်မာသည်ထက်ခိုင်မာမှု ရှိလာခဲ့သည်။ ဆယ့်ကိုးရာစုနှောင်းပိုင်း၌ မြန်မာနိုင်ငံမှ ဆရာတော်တစ်ပါး သီရိလင်္ကာနိုင်ငံသို့ သွားရောက်ခြင်းသည် မြန်မာ–သီရိလင်္ကာနှစ်နိုင်ငံ၏ သာသနာရေးဆက်သွယ်မှုကို ပိုပြီးခိုင်မာလာအောင်ပြုလုပ်ရာရောက်သွားသည်။ ထိုဆရာတော်ကား မြန်မာနိုင်ငံ၌ ရွှေကျင်ဂိုဏ်းကို အာဒိကမ္မိက စတင်တည်ထောင်သော ရွှေကျင်ဆရာတော်ကြီးဖြစ်သည်။

မင်းတုန်းမင်းကြီး ကံတော်မကုန်မီ တစ်နှစ်လောက်ကဖြစ်သည်။ ရွှေကျင်ဆရာတော်ကြီးသည် သီရိလင်္ကာနိုင်ငံရှိစွယ်တော်မြတ်ကို သွားရောက်ဖူးလိုသောဆန္ဒ ပြင်းပြလျက်ရှိနေသည်။ ဆရာတော်ကြီးသည် သူ၏

http://www.dhammadownload.com



စိတ်ဆန္ဒကို ဒကာတော် ရေမြေ့ရှင် ဘုရင်မင်းကြီးအား ဖွင့်ဟပြောပြသည်။ မင်းတုန်းမင်းတရားကြီးက ပင်လယ်ရပ်ခြား ခရီးဖြစ်၍ ဆရာတော်ကြီး ပင်ပန်းဆင်းရဲမှာစိုးသည့်အတွက် ဆရာတော်ကြီးအား မကြွရန် ပိတ်ပင်တားမြစ်သည်။ သို့သော် ဆရာတော်ကြီးသည် သူ၏ စွယ်တော်မြတ်ဖူးလိုသောဆန္ဒကို ဖိနှိပ်ချိုးနှိမ်ထား၍ မရသည်ဖြစ်၍ တစ်ခုသောညအခါ၌ ဘုရင်မင်းတရားကြီးအားလည်းကောင်း၊ တပည့်တပန်း ဒါယကာ ဒါယိကာမများအားလည်းကောင်း အသိမပေး အကြောင်းမကြားဘဲ တောရကျောင်းမှ ထွက်လာခဲ့သည်။

ဆရာတော်ကြီးသည် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ ထိုအချိန်က ရန်ကုန်မြို့သည် အင်္ဂလိပ်လက်အောက် ရောက်နေပြီ။ ရန်ကုန်မြို့၌ အချိန်အတန်ကြာမျှ နေထိုင်သီတင်းသုံး၍ လိုအပ်သည်များကို စီစဉ်ပြီးသောအခါ ဆရာတော်ကြီးသည် ရွက်သင်္ဘောဖြင့် သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံသို့ ထွက်ခွာသွားသည်။ ရွက်သင်္ဘောဖြင့် သွားရသဖြင့် ခရီးမပေါက်ပေ။ တစ်လနီးပါးရှိမှ သီရိလင်္ကာနိုင်ငံ ဂါလုဆိပ်ကမ်းသို့ ရောက်သွားသည်။

ရွှေကျင်ဆရာတော်ကြီး သီရိလင်္ကာ မကြွခင် ၁၈ နှစ်ခန့်က သီရိလင်္ကာနိုင်ငံမှ သရဏင်္ကရ စသော ရဟန်းခြောက်ပါး မန္တလေးမြို့တွင် ဥပသမ္ပဒသိက္ခာအသစ်ထပ်တင်ရန်နှင့် ပညာသင်ရန် ရောက်လာကြသည်။ ထိုရဟန်းများလည်း ရွက်သင်္ဘောဖြင့်လာရ၍ သီရိလင်္ကာမှ ဘင်္ဂလားပြည်နယ် အထိပင် တစ်လကျော်ကြာသည်။

ရွှေကျင်ဆရာတော်ကြီး သီဟိုဠ်ရောက်သွားပုံ အကြောင်းကို ၁၉၅၃ ခုနှစ်က (Mudaliyar K.W.de A. Wijesinghe) ဆိုသူက သူ၏ "Rajaguru Jagara Mha Thero of Burma and his Sojoum in Ceylone"အမည်ရှိဆောင်းပါး၌ "လွန်ခဲ့သည့် ၇၅ နှစ်၊ ၁၈၇၈ ခုနှစ်၊ ဧပြီလ

http://www.dhammadownload.com



၆ ရက်နေ့တွင် မြန်မာနိုင်ငံမှ သီလ၊ သမာဓိ၊ ပညာကြီးမားသည့်အတွက် ထင်ရှားကျော်ကြားသော ဆရာတော်တစ်ပါး သီဟိုဠ် (သီရိလင်္ကာ) နိုင်ငံသို့ ဆိုက်ရောက်လာတော်မူ၏။ ထိုဆရာတော်သည် ပိဋကတ်သုံးပုံကို တစ်ဖက်ကမ်းခတ် ကျွမ်းကျင်တတ်မြောက်ပြီး မြန်မာနိုင်ငံတွင် တောခေါင်ခေါင်ရှိ ကျောက်ဂူများအတွင်း၌ သီတင်းသုံးလျက် ဝိပဿနာစခုရကို ကျင့်ကြံအားထုတ်သည်ဖြစ်၍ တရားအဆင့်အမြင့်ဆုံး ရောက်ရှိတော်မူသည့် အရှင်ဇာဂရမဟာထေရ်မြတ် ဖြစ်တော်မူ၏ " ဟူ၍ ရေးသားဖော်ပြထားသည်။

ရွှေကျင်ဆရာတော်ကြီးနှင့် ရဟန်းလေးပါး၊ ဒါယကာလေးယောက် ပါသွားသည်။ ရဟန်းလေးပါး၏ ဘွဲ့အမည်များမှာ ၁။ ဦးပညာဝံသ၊ ၂။ ဦးဝိရိယ၊ ၃။ ဦးနေမိန္ဒ၊ ၄။ ဦးသြဘာသတို့ ဖြစ်ကြသည်။ ရွှေကျင်ဆရာတော်ကြီးနှင့်အဖွဲ့ ဂါလုဆိပ်ကမ်းသို့ရောက်သွားသောအခါ ဂါလုမြို့အနီးအနားတစ်ဝိုက်ရှိ ကျေးရွာများမှ ဗုဒ္ဓဘာသာဝင်များသည် ဆရာတော်ကြီးအား ကြိုဆိုပြီးလျှင် ဆရာတော်ကြီး ယာယီသီတင်းသုံးရန်အတွက် ဒဒလ္လ၌ ယာယီစံကျောင်းတော် ဆောက်လုပ်လှူဒါန်းထားကြသည်။

ရွှေကျင်ဆရာတော်ကြီး သီရိလင်္ကာနိုင်ငံရောက်သွားစဉ်က သီရိလင်္ကာနိုင်ငံ၏အခြေအနေမှာ တိုးတက်မှုမရှိသေးပေ။ အနောက်ပိုင်းနှင့် တောင်ပိုင်းပြည်နယ်များ၌ စိုက်ပျိုးရေး မဖွံ့ဖြိုးသေးပေ။ ကြွယ်ဝချမ်းသာသူများလည်း မပေါ်များသေးပေ။ လူဦးရေသည်ပင် သုံးသန်းမရှိသေးပေ။ မီးရထားလမ်းလည်း ပနာဒုရအထိသာပေါက်သေးသည်။ ကိုလမ္ဗိုမြို့နှင့် ဂါလုအကြားတွင် သံကြိုးအဆက်အသွယ် တည်ဆောက်ပြီးခါစသာ ရှိသေးသည်။

ထိုအချိန်က ချာလ်စ်ဒီဆိုဆာရျေပီနှင့် မိုလဒါလိယာဆန်ပဆင်တို့သည် သီရိလင်္ကာနိုင်ငံတွင် လူမှုဝန်ထမ်း ကြိုးပမ်းဆောင်ရွက်နေကြသူများအနက် ထိပ်တန်းခေါင်းဆောင်နှစ်ဦးဖြစ်ကြသည်။ ပထမပုဂ္ဂိုလ်မှာ

http://www.dhammadownload.com



မိုရာတူဝါမှ ခရစ်ယာန်ခေါင်းဆောင်တစ်ယောက်ဖြစ်ပြီး ဒုတိယပုဂ္ဂိုလ်က ဝေလိတာရွာမှ ဆင်ဟာလီ အမျိုးသားထိပ်တန်း ဗုဒ္ဓဘာသာ ခေါင်းဆောင် တစ်ဦး ဖြစ်သည်။

ရွှေကျင်ဆရာတော်ကြီး သီရိလင်္ကာနိုင်ငံသို့ ရောက်လာသည်ဆိုသော သတင်းကိုကြားရသည့်အခါ မိုလဒါလိယာဆန်ပဆင်သည် ရွှေကျင်ဆရာတော် ကြီးအား သွားပင့်သည်။ ထိုဒါယကာ၏ပင့်ဖိတ်ချက်ကို လက်ခံပြီး ရွှေကျင် ဆရာတော်ကြီးသည် ဒဒလ္လမှ ဝေလိတာရွာသို့ကြွသည်။ ရွှေကျင်ဆရာ တော်ကြီး ဝေလိတာရွာသို့ကြွသည့်အခမ်းအနားမှာ ပင့်ဖိတ်သူများ၊ ပို့ဆောင် သူများနှင့် အထူးပင် စည်ကားသိုက်မြိုက်လှပေသည်။ ရွှေကျင်ဆရာတော် ကြီးသည် မိုလဒါလိယာ၏ မိဘဘိုးဘွားများပိုင် အိမ်ကြီးတစ်အိမ်၌ ခေတ္တ သီတင်းသုံးသည်။

ထိုဒေသတစ်ဝိုက်၌ အမရပူရနိကာယဂိုဏ်းဝင် ရဟန်းသံဃာတော်များ သြဇာညောင်းသဖြင့် ဗုဒ္ဓဘာသာဝင်များသည် အထူးပင် စေတနာ သဒ္ဓါ တရား ထက်သန်ကြသည်။ မြန်မာနိုင်ငံမှ အထိကရဆရာတော်ကြီးတစ်ပါး ကြွလာသည့်သတင်း ကြားသိရသောအခါ ဗုဒ္ဓဘာသာဝင် အများအပြား သည် မိုလဒါလိယာနှင့်ပူးပေါင်းပြီး ရွှေကျင်ဆရာတော်ကြီးအတွက် အစစ အရာရာ လိုလေသေးမရှိအောင် ပြုစုဆောင်ရွက်ပေးကြသည်။ သီရိလင်္ကာ နိုင်ငံ အနှံ့အပြားမှ လူများသည် ဆရာတော်ကြီး၏သတင်းကို ကြားသိသွား ကြပြီး ဆရာတော်ကြီးထံ လာရောက်ဖူးတွေ့ကြသည်။ ဆရာတော်ကြီး၏ တရားကို နာကြားကြသည်။ ဆရာတော်ကြီး ဘယ်ကြွကြွ ကြွသည့်နေရာ၌ တရားနာပရိသတ် ပြည့်ကျပ်နေသည်။

၁၈၀၁ ခုနှစ်၌ သီရိလင်္ကာနိုင်ငံတွင် အမရပူရနိကာယအမည်ဖြင့် မြန်မာနိုင်ငံ၏အနွယ် သာသနာဂိုဏ်းတစ်ဂိုဏ်း ပေါ်လာခဲ့သည်။ သျှမ်း

http://www.dhammadownload.com



နိကာယမှာ အမရပူရနိကာယ မပေါ်ခင် ၄၆ နှစ်လောက်ကပင် ရှိနေခဲ့သည်။ ရွှေကျင်ဆရာတော်ကြီး ရောက်သွားသည့်အချိန်က အမရပူရနိကာယသည် ဥဒကုက္ခေပ ရေသိမ်ဆောက်ရေးကိစ္စနှင့် ပတ်သက်သော ဝိနည်းအရ သုံးကွဲကွဲနေသည်။ ထိုအကွဲသုံးကွဲမှာ ရင်ကြားစေ့မရလောက်အောင်ပင် အငြင်းပွားနေကြသည်။ ထိုအမှုအခင်းနှင့် ပတ်သက်သော အကြောင်းအရာကို ဝေလိတာရွာမှ ဝိနယာစရိယဓမ္မာလင်္ကာရ နာယကမထေရ် ရေးသားစီရင်ထားသော 'သိမာနယဒပ္ပဏ' ကျမ်း၌ အသေးစိတ်ဖော်ပြထားသည်။ အကျဉ်းချုပ်ကိုမူ Mudaliyar Louise Corneille Wijesinghe ဆိုသူက ရေးသားထားသည်။ ထိုပုဂ္ဂိုလ်သည် ပါဠိမဟာဝံသ ဒုတိယပိုင်းကို အင်္ဂလိပ်ဘာသာ ပြန်ဆိုသူဖြစ်သည်။

ထိုသို့ အမရပူရ နိကာယဂိုဏ်းဝင် ရဟန်းသံဃာတော်များ ဝိနည်းဓမ္မကံနှင့်စပ်လျဉ်း၍ တစ်ပါးနှင့်တစ်ပါး ရင်ကြားစေ့မရလောက်အောင် စိတ်ဝမ်းကွဲနေကြသည်ကိုကြည့်ပြီး မိုလဒါလိယာသည် သာသနာကို ကြည်ညိုရှင်းစွဲရှိသည့်အတိုင်း စိတ်မချမ်းမသာ ဖြစ်နေသည်။ ထို့ကြောင့် ရွှေကျင်ဆရာတော်ကြီး ကြွလာခိုက် ဆရာတော်ကြီးကို ဦးတိုက်ပြီး ဆရာတော်ကြီး၏ အဆုံးအဖြတ်ဖြင့် ထိုအကွဲအပြဲကို ရင်ကြားပြန်စေ့သွားအောင် ကြိုးစားအားထုတ်သည်။

နှစ်စဉ်နှစ်တိုင်း ဥပသမ္ပဒပဋ္ဌင်းခံပွဲ ကျင်းပပြုလုပ်ရန်အတွက် ကပ္ပိနဝါလောဝအနီးရှိ မဒုဂင်္ဂါမြစ်ထဲတွင် မိမိတစ်ဦးတည်းက ဒါယကာအဖြစ်ခံယူလျက် ဥဒကုက္ခေပ ရေသိမ်ကြီးတစ်ဆောင်ကို ဆောက်လုပ်သည်။ ထိုရေသိမ်၌ ပထမဆုံးအကြိမ် ရပေါင်းရဟန်းခံပွဲကို ၁၈၇၈ ခုနှစ်၌ ကျင်းပသည်။ ရွှေကျင်ဆရာတော်ကြီးက ဥပဇ္ဈာယ်ဆရာတော်အဖြစ် ဆောင်ရွက်ပြီး ရဟန်းလောင်း ၂၈ ပါးကို ရဟန်းခံပေးသည်။ ထိုရဟန်းခံပွဲသို့

http://www.dhammadownload.com



ဂိုဏ်းကွဲသံဃာတော်များ အညီအညွတ် တက်ရောက်ကြသည်။

ဥပသမ္ပဒပဉ္စင်းခံပွဲသို့ နှစ်စဉ်နှစ်တိုင်း ကြွရောက်လာကြသည့် ရဟန်းသံဃာ ရာပေါင်းများစွာ ချမ်းသာစွာ နေထိုင်သီတင်းသုံးရန်အတွက် ကပ္ပိနဝါလောဝဒ္ဓ ဆွမ်းစားဆောင်၊ တစ်ထပ်ဘုရားဆောင်၊ သံဃာတော်များအဆောင်နှင့် ကုဋီများကိုလည်း ဆောက်လုပ်ထားသည်။ ထိုသိမ်ကြီးကို 'ရွှေကျင်သိမ်' ဟူ၍ အမည်ပေးထားသည်။ ရွှေကျင်ဆရာတော်ကြီးအား သီရိသဒ္ဓမ္မဝံသနိကာယဂိုဏ်းဝင် ရဟန်းသံဃာတော်များက 'သီရိသဒ္ဓမ္မဝံသပါလ' (သီရိသဒ္ဓမ္မဝံသကို အကာအကွယ် အစောင့်အရှောက်ပြုသူ) ဘွဲ့ဖြင့် ဂုဏ်ပြုကြသည်။

ရွှေကျင်ဆရာတော်ကြီး သီရိလင်္ကာနိုင်ငံသို့ ကြွရောက်ခြင်း၏ မူရင်းရည်ရွယ်ချက်မှာ စွယ်တော်မြတ်ကို ဖူးမြော်ကန်တော့ရန်နှင့် အနုရာဓပူရကေလန်နိယ၊ ကန္ဒီတို့၌ရှိသော ဘုရားများကို ဖူးမြော်ကန်တော့ရန်ဖြစ်သည်။ ထိုနေရာဒေသများသို့ ရွှေကျင်ဆရာတော်ကြီး ကြွရောက်ရန် မိုလဒါလီယာကစရိတ်စက အကုန်အကျခံလျက် အစီအစဉ်အားလုံးလုပ်ပေးသည်။ ရောက်ရာအရပ်၌ ဆရာတော်ကြီးအား ဖူးမြော်ရသူမှန်သမျှ ကြည်ညိုအားရ ဝမ်းသာလွန်းလှသဖြင့် ပီတိမျက်ရည်များပင် မဆည်နိုင်အောင် ဖြစ်ကြသည်။ 'ရွှေကျင်ဆရာတော်ကြီးသည် ဂိလာနပုဂ္ဂိုလ်ဖြစ်၏။ ထို့ကြောင့် ဂရုတစိုက်ပြုစုစောင့်ရှောက်မှု လိုအပ်၏။ ဂိလာနပုဂ္ဂိုလ်ဖြစ်နေရခြင်းမှာ မြန်မာနိုင်ငံ၌ကျောက်ဂူများအတွင်း အမြဲတစေ အပင်ပန်းအဆင်းရဲခံလျက် တရားဘာဝနာကျင့်ကြံအားထုတ်နေသောကြောင့်ဖြစ်၏။' ဟူ၍ A Wijesinghe ကသူ့ဆောင်းပါးတွင် ရေးသားဖော်ပြထားသည်။

ရွှေကျင်ဆရာတော်ကြီးသည် သူ၏ သီရိလင်္ကာခရီးတွင် စိတ်ဝမ်းကွဲနေကြသော အမရပူရနိကာယဂိုဏ်းဝင် ရဟန်းသံဃာတော်များအား

http://www.dhammadownload.com



ပြန်လည်စည်းလုံးညီညွတ်စေရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ အောင်မြင်မှုလည်း ရရှိသွားခဲ့သည်။ ဆရာတော်ကြီး သီရိလင်္ကာကြွခြင်းသည် မိမိအတွက်မျှသာမက သီဟိုဠ်(သီရိလင်္ကာ)သာသနာအတွက်လည်း အထူးပင် ကျေးဇူးများသည်။ ရွှေကျင်ဆရာတော်ကြီး၏ ကြိုးပမ်းချက်အရ ပြန်လည်စည်းလုံးညီညွတ်သွားကြသော အမရပူရ သီရိသဒ္ဓမ္မဝံသ နိကာယဂိုဏ်းဝင် ထေရ်အရှင်များသည် သီရိလင်္ကာနိုင်ငံ၌ သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်လာခဲ့ကြရာ နောက်ပိုင်း၌ ဂိုဏ်းဝင်သံဃာတော်ဦးရေ သုံးထောင်လောက် ဖြစ်လာခဲ့သည်။

ရွှေကျင်ဆရာတော်ကြီးသည် သီရိလင်္ကာနိုင်ငံ၌ ခုနစ်လမျှ ကြာသွားသည်။ ထိုခုနစ်လအချိန်အတွင်း တန်ခိုးကြီးဘုရားများကို ဖူးမြော်ခြင်း၊ သီရိလင်္ကာနိုင်ငံသူ နိုင်ငံသားများအား တရားရေအေး တိုက်ကျွေးခြင်းတို့ကို ကျေနပ်အားရလောက်အောင် ပြုလုပ်ဆောင်ရွက်ခဲ့သည်။ ခုနစ်လမျှ သီရိလင်္ကာနိုင်ငံ၌ နေပြီးသောအခါ မြန်မာနိုင်ငံ ပြန်ကြွလာသည်။ အပြန်ခရီးစရိတ်နှင့် အစစအရာရာ လိုအပ်ချက်များအတွက်လည်း ဒါယကာ မိုလဒါလီယာကပင် လှူဒါန်းလိုက်သည်။

သီရိလင်္ကာနိုင်ငံ၌ 'အီလူ' အမည်ရှိ ရှေးဟောင်းကဗျာဖွဲ့နည်း အမျိုးအစားတစ်ခုရှိသည်။ ရွှေကျင်ဆရာတော်ကြီး မြန်မာနိုင်ငံပြန်ကြွလာပြီး နောက်တစ်နှစ် ၁၈၇၉ တွင် သီရိလင်္ကာနိုင်ငံ၌ ရွှေကျင်ဆရာတော်ကြီးအား ဂုဏ်ပြုရေးသားဖွဲ့ဆိုထားသော ပုဒ်ရေ ၁၂၇ ပုဒ်ရှိသည့် ထောမနာ ကဗျာကျမ်းတစ်ကျမ်း ထွက်ပေါ်လာသည်။ ရေးသားဖွဲ့ဆိုသူမှာ နာမည်ကျော် သီဟိုဠ်ကဗျာဆရာကြီး အာနန္ဒရာဂျကရုဏာ၏ဆရာ မဒမ်ပေမေ့ တိလက မဟာနာယကမထေရ်ဖြစ်သည်။ ထိုကဗျာကျမ်းသည် ၁၅ ရာစုနှစ် 'အီလူ' အမျိုးအစား သီရိလင်္ကာ ဂန္ထဝင်ကဗျာ ဖြစ်လာခဲ့သည်။ နောက်ပိုင်း၌

http://www.dhammadownload.com



သီရိလင်္ကာနိုင်ငံသူ နိုင်ငံသားတို့သည် ထိုကဗျာကျမ်းကိုဖတ်ပြီး ရွှေကျင် ဆရာတော်ကြီး၏ ဂုဏ်ထူးဝိသေသတို့ကို အောက်မေ့တသ သတိရနေ ကြသည်။

ရွှေကျင်ဆရာတော်ကြီးသည် သီရိလင်္ကာနိုင်ငံမှ ပြန်ကြွလာပြီး နောက် ရန်ကုန်မြို့ ဗဟန်း ကျောင်းတော်ရာ ရွှေကျင်တိုက်၌ သီတင်းသုံး နေစဉ် 'လင်္ကာသာသနသုဒ္ဓိကထာ' အမည်ရှိ ကျမ်းစာအုပ်တစ်အုပ်ကို ပါဠိ ဘာသာဖြင့်ရေးလျက် ပုံနှိပ်ထုတ်ဝေပြီးလျှင် သီရိလင်္ကာနိုင်ငံရှိ ရဟန်းရှင်လူ များအတွက် ပို့လိုက်လေသည်။ ထိုကျမ်းစာအုပ်မှာ ဆရာတော်ကြီး၏ 'ခရီးသွားမှတ်တမ်း ' ဟု ခေါ်ဆိုလျှင် ခေါ်ဆိုနိုင်ပေသည်။ ထိုစာအုပ်၌ ဆရာတော်ကြီးသည် သီရိလင်္ကာခရီး၌ တွေ့ကြုံသိရှိခဲ့ရသည့် အကြောင်း အရာများနှင့် သီရိလင်္ကာ သာသနာ သန့်စင်ရေးတို့ကို အသေးစိတ် ရေးသား ဖော်ပြထားသည်။

သီဟိုဠ်ပညာရှင်တစ်ဦးသည် သူ၏ဆောင်းပါး၌ "ရွှေကျင်ဆရာတော် ကြီးသည် ပါဠိဘာသာဖြင့် ထူးခြားသော ကျမ်းစာတစ်စောင် ရေးသား ပြုစု ထား၏။ သီဟိုဠ်သာသနာ အကွဲအပြဲနှင့် စပ်လျဉ်း၍လည်း ရေးထား၏" ဟူ၍ သူ့အမြင်ကို ဖော်ပြထား၏။ "ဆရာတော်ကြီး၏ ဉာဏ်ပညာ ကြီးမားထက်မြက်ပုံသည် ဆရာတော်ကြီး၏ကျမ်းစာ၌ ထင်ဟပ်နေပေ၏" ဟူ၍လည်း 'လင်္ကာသာသနသုဒ္ဓိကထာ' စာအုပ်အကြောင်းကို ထည့်သွင်း ရေးသားထားသည်။

◆

http://www.dhammadownload.com

## သီဟိုဠ်ရောက် ဒွါရဂိုဏ်းချုပ်ဆရာတော်

သီရိလင်္ကာနိုင်ငံမှ ဆရာတော်ကြီးများ မြန်မာနိုင်ငံသို့ ကြွရောက်လာကြခြင်းသည်လည်းကောင်း၊ မြန်မာနိုင်ငံမှဆရာတော်ကြီးများ သီရိလင်္ကာနိုင်ငံသို့ ကြွရောက်ခြင်းသည်လည်းကောင်း သီဟိုဠ် မြန်မာ သာသနာဆက်သွယ်ရေးကို ပိုမိုခိုင်မာ အားရှိစေခဲ့သည်။ မြန်မာနိုင်ငံမှ ဒွါရဂိုဏ်းချုပ် အုတ်ဖိုဆရာတော်ကြီး သီရိလင်္ကာနိုင်ငံသို့ ကြွရောက်ခြင်းသည် သီဟိုဠ် မြန်မာသာသနာဆက်သွယ်ရေးသမိုင်း၌ မှတ်တိုင်တစ်တိုင်ဖြစ်သည်။

ရွှေကျင်ဆရာတော်ကြီး သီရိလင်္ကာနိုင်ငံသို့ ကြွရောက်ပြီးနောက် ၁၀ နှစ်လောက်အကြာတွင် မြန်မာနိုင်ငံ၌ နေတစ်ဆူ လတစ်ဆူ ထင်ရှားကျော်ကြားသော အုတ်ဖိုဆရာတော်ကြီးလည်း သီရိလင်္ကာနိုင်ငံသို့ကြွသည်။ အုတ်ဖိုဆရာတော်ကြီး သီရိလင်္ကာကြွသောနှစ်မှာ သီပေါမင်း ပါတော်မူပြီးနောက် ၂ နှစ်အကြာ ၁၈၈၇ ခုနှစ်ဖြစ်သည်။ ထူးခြားသည်မှာ မြန်မာနိုင်ငံမှ ရွှေကျင်နှင့် ဒွါရဂိုဏ်းချုပ် ဂိုဏ်းဦးဆောင်ပဏ္ဏာဓိပတိ ဆရာတော်ကြီးနှစ်ပါးလုံး သီရိလင်္ကာနိုင်ငံသို့ ကြွရောက်ကြခြင်းဖြစ်သည်။

ပုဂံစာအုပ်တိုက်

အုတ်ဖိုဆရာတော်ကြီးသည် သီရိလင်္ကာနိုင်ငံသို့မကြွမီ ၇ နှစ် အလွန်ကလည်း အိန္ဒိယနိုင်ငံမှ ဗုဒ္ဓဂယာမဟာဗောဓိသို့ ကြွတော်မူသေးသည်။ ထိုအချိန်က သီပေါမင်း ထီးနန်းစိုးစံနေသည့်ကာလဖြစ်သည်။ ဗုဒ္ဓဂယာ၌ သတ္တဋ္ဌာနကို ရည်စူး၍ 'သတ္တဋ္ဌာန ဗောဓိဝန္ဒနာဂါထာ' ကို စီကုံးရေးသားပြီးလျှင် လေးငါးရက်တိုင်တိုင် သတ္တဋ္ဌာနတို့ကို ရှိခိုးပူဇော်သည်။ ထိုအချိန်က အိန္ဒိယနိုင်ငံသို့ ကြွရောက်ခြင်းမှာ ခရီးလမ်းပန်း ပြေပြစ်ခြင်းမရှိသေးသည်ဖြစ်၍ ဆရာတော်ကြီးသည် အခက်အခဲများစွာကို ကျော်လွှားပြီး ခရီးသွားရသည်။

သီရိလင်္ကာနိုင်ငံသို့ ကြွရောက်ချိန်၌ကား ရွှေကျင်ဆရာတော်ကြီး ကြွရောက်ချိန်ကနှင့်မတူဘဲ အတော်အတန် လွယ်ကူမှုရှိလာသည်။ သို့သော်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲ ရှိသလောက် ရှိနေတုန်းပင်ဖြစ်သည်။ မြန်မာသက္ကရာဇ် ၁၂၄၉ ခု၊ တပို့တွဲလဆန်း ၂ ရက်နေ့၌ ဆရာတော်ကြီးသည် တပည့်သံဃာ နှစ်ကျိပ်ကိုးပါး၊ ဒါယကာ နှစ်ကျိပ်လေးဦးတို့နှင့် အတူတကွ ကျွန်းပတ်ကုန်တင်သင်္ဘောကြီးနှင့် လိုက်ပါသွားလေရာ ၁၅ ရက်အကြာတွင် ကိုလမ္ဘိုဆိပ်ကမ်းသို့ရောက်သွားသည်။ တပည့်သံဃာ နှစ်ကျိပ်ကိုးပါးထဲတွင် ဦးဝိစိတ္တ (အင်္ဂပူဆရာတော်)၊ ဦးဉာဏဝံသ (နွတ်ခမ်းမွေး ညောင်ချောင်းဆရာတော်) တို့လည်း ပါသွားကြသည်။

၁၉ ရာစုနှစ် နှောင်းပိုင်းတွင် ကာနယ်လ်အော့လကော့ သီရိလင်္ကာနိုင်ငံ ရောက်လာသောအခါ ဗုဒ္ဓဘာသာနှင့်ပတ်သက်သော လှုပ်ရှားမှုသည် သီရိလင်္ကာနိုင်ငံ၌ ပြန်လည်အသက်ဝင်လာသည်။ ကာနယ်လ်အော့လကော့သည် ဗုဒ္ဓဘာသာ သီယိုဆိုဖီအသင်းကြီး၏ ခေါင်းဆောင်ဖြစ်သည်။ အုတ်ဖိုဆရာတော်ကြီး သီရိလင်္ကာရောက်သွားချိန်မှာ ထိုအချိန် ထိုကာလဝန်းကျင်ဖြစ်သည်။ ဆရာတော်ကြီး ကိုလမ္ဘိုဆိပ်ကမ်းသို့ ရောက်သွားသောအခါ

http://www.dhammadownload.com



ကာနယ်လ်အော့လကော့၏ တပည့်တစ်ဦးက သူ့အိမ်သို့ပင့်၍ဆွမ်းကပ်သည်။ ထို့နောက်တွင်မှ အမရပူရနိကာယဂဏာဓိပတိ သီရိသုဘူတိမထေရ် သီတင်းသုံးသည့် ဓေယသေခရ ကျောင်းတိုက်သို့ ဆရာတော်ကြီးကို ပို့သည်။

သီရိသုဘူတိသည် အဘိဓာနပ္ပဒီပိကာသူစိကျမ်းပြုမထေရ်ဖြစ်သည်။ ဆရာတော်ကြီးသည် ထိုကျောင်းတိုက်၌ တည်းခို သီတင်းသုံးနေသည်။ အမရပူရနိကာယနှင့် သျှာမနိကာယ (သျှမ်းဂိုဏ်း) နှစ်ဂိုဏ်းသည် ထိုစဉ်က သီရိလင်္ကာနိုင်ငံတွင် ထင်ရှားသော ဂိုဏ်းကြီးများဖြစ်သည်။ ဆရာတော်ကြီးသည် သျှာမနိကာယဂဏာဓိပတိဂိုဏ်းချုပ် ဆရာတော် ဗာလာဝတာရဋီကာကျမ်းပြုဆရာတော် သီရိသုမင်္ဂလနှင့် တိုင်ပင်လျက် စွယ်တော်ကို ဖူးမြော်နိုင်ရန် သီဟိုဠ်ဘုရင်ခံမင်းကြီးထံ ခွင့်ပန်ရာ ဖူးခွင့်ရသည်ဖြစ်၍ စွယ်တော်မြတ် ကိန်းဝပ်တော်မူရာ သခ်ိန္တ (ကန္ဒီ) မြို့သို့ ပြန်ကြွသွားသည်။ ကန္ဒီမြို့ရှိ ဗုဒ္ဓဘာသာဝင်များက ဆရာတော်ကြီးကို အားတက်သရော ကြိုဆိုသည်။

ကန္ဒီမြို့ရှိ စွယ်တော်တိုက်သို့ ဆရာတော်ကြီး ရောက်သွားသောအခါ စွယ်တော်ထိန်း အမတ်ကြီးနှင့် နာယကဆရာတော်ကြီးများက စွယ်တော်တိုက်တွင်းမှ စွယ်တော်ကြုတ်ကို ထုတ်ယူကြပြီးလျှင် အပြင်ကြုတ်ကြီးကို ဖွင့်ပြီးနောက် အတွင်းကြုတ်ငယ်ကို ဖွင့်ဆဲမှာပင် ဆရာတော်ကြီးသည် စွယ်တော်ကို လက်ဖြင့်ယူပြီးလျှင် ဦးခေါင်းထက်တွင်တင်လျက် ရှိခိုးပူဇော်သည်။ စွယ်တော်ကို ဆရာတော်ကြီး လက်ဖြင့်ကိုင်ယူသည်ကို မည်သူကမှ မတားမြစ်နိုင်ဘဲ ငေးငိုင်ကြည့်ရှုနေကြသည်။ ထိုအချိန်၌ စွယ်တော်မှ ရောင်ခြည်တော်များ ဖြာထွက်ကွန့်မြူးသွားသည်ဟုဆိုသည်။

စွယ်တော်ကိုဖူးမြော်ပြီးသောအခါ ဆရာတော်ကြီးသည် အနုရာဓပူရသို့ ကြွရန် စိမံစိုင်းပြင်းသည်။ ထိုအချိန်က သီရိလင်္ကာနိုင်ငံတွင် မီးရထား

http://www.dhammadownload.com



အသွားအလာ မရှိလှသေး၍ ခရီးသွားလာရေးအတွက် အခက်အခဲ အကျပ် အတည်းများစွာရှိသည်။

သီဟိုဠ်ကျွန်းသား ရဟန်းရှင်လူများက ဆရာတော်ကြီးအား လမ်းခရီး၌ ဒုက္ခရောက်မည် စိုးရိမ်ကြ၍ အနုရာဓပူရသို့မကြွရန် အတန်တန်တားမြစ်ကြသည်။ သို့သော်လည်း အနုရာဓပူရ၌ တန်ခိုးကြီး စေတီပုထိုးများနှင့် သင်္ဃမိတ္တာထေရီ ဆောင်ကြဉ်းလာပြီး စိုက်ပျိုးထားသော ဗောဓိပင်ရှိသည်။ သီရိလင်္ကာနိုင်ငံသို့သွားသော ဗုဒ္ဓဘာသာဝင် တစ်ဦးတစ်ယောက်သည် အနုရာဓပူရသို့ မရောက်လျှင် သွားရကျိုးမနပ်ပေ။ ထို့ကြောင့် ဆရာတော်ကြီးသည် လမ်းခရီးအခက်အခဲကို ပမာဏမထားဘဲ အနုရာဓပူရသို့ ကြွဖြစ်အောင်ကြွသည်။ ကန္ဒီမှ မာတရီမြို့သို့ ရထားဖြင့်ကြွသည်။ ထိုမှတစ်ဖန် လမ်းခရီး၌ရှိသော အလောကလိုဏ်ဂူ စသည်တို့ကို ဖူးမြော်လျက် အနုရာဓပူရသို့ ငါးရက်ကြာ ခြေလျင်ခရီးကြွသည်။ ထိုအချိန်က ဆရာတော်ကြီးသည် သက်တော် ၇၀ အရွယ်ရှိနေပြီ။

အနုရာဓပူရသို့ ရောက်သောအခါ မဟာဝိဟာရ ကျောင်းတိုက်၌ တည်းခိုနေထိုင်လျက် ထူပါရာမစေတီ၊ မဟာစေတီ၊ ဟေမမာလီစေတီ၊ မရိစ္စစေတီ၊ အဘယစေတီ၊ ဇေတဝနစေတီ၊ လောဟပါသာဒပြာသာဒ်၊ ဒက္ခိဏာသာခါ မဟာဗောဓိပင် အစရှိကုန်သော ရှေးရှေးဘုရင်များ၏ ကောင်းမှုတော်များကို ဖူးမြော်သည်။ ထို့နောက် မိဿကတောင်ရှိ စေတီတော်ကို ဖူးမြော်ပြီးလျှင် ကန္ဒီမြို့သို့ ပြန်ကြွလာသည်။ ဆရာတော်ကြီးသည် မကုဋတောင်ထိပ်ရှိ ပါဒစက်တော်ရာစေတီကိုပင် ကြွရောက်ဖူးမြော်လိုက်သေးသည်။ သက်တော် ၇၁ အရွယ်ပင် ရှိနေပြီဖြစ်သော်လည်း မြင့်မားမတ်စောက်သော တောင်စခန်းကို မောပန်းခြင်းမရှိဘဲ အတက်အဆင်းပြုလုပ်သည်။

ထို့နောက် ဆရာတော်ကြီးသည် ကိုလမ္ဗိုမြို့သို့ ပြန်ကြွပြီးလျှင်

http://www.dhammadownload.com



မြန်မာနိုင်ငံသို့ ပြန်ကြွရန် မီးသင်္ဘောကို စောင့်ဆိုင်းနေသည်။ ထိုအခိုက် ဝါလုကတိတ္တမှ ဉာဏတိလက စသော ရဟန်း တစ်ကျိပ်ငါးပါးတို့က ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်များကို တွေ့မြင်သိရှိကြသည် ဖြစ်၍ မိမိတို့အား သိက္ခာအသစ် ထပ်တင်ပေးပါရန် လျှောက်ထားကြသည်။ ဆရာတော်ကြီးသည် ဝါလုကတိတ္တသို့ ခြေလျင်ကြွပြီးလျှင် ဥဒကုက္ခေပ သိမ်၌ ရဟန်းတစ်ကျိပ်ငါးပါးအား သိက္ခာသစ် ထပ်တင်ပေးသည်။

ဆရာတော်ကြီးသည် မြန်မာနိုင်ငံပြန်ခါနီး၌ ကိုလမ္ဗိုမြို့ရှိ သီရိသုမင်္ဂလ ဆရာတော်ကြီးနှင့် တစ်ဖန်ဆုံသည်။ ဆရာတော်ကြီးက သီရိသုမင်္ဂလ ဆရာတော်ကြီးအား "အရှင်ဘုရား၏ကျေးဇူး ကြီးမားလှပါပေသည်။ မြန်မာနိုင်ငံ၌ အလိုရှိသည့်အရာကို ပြောကြားပါ။ တပည့်တော်များ ဆောင်ရွက်ပေးပါမည်" ဟူ၍ လျှောက်ထားသည်။ ထိုအခါ သီရိသုမင်္ဂလ ဆရာတော်ကြီးက ဤသို့ ပြန်လည်လျှောက်ထားသည်။

"တပည့်တော်တို့နိုင်ငံ၌ အဘိဓမ္မာခုနစ်ကျမ်းသည် သင်အံလေ့လာသူ နည်း၍ ပုဒ်ပါဠ်အက္ခရာ သန့်စင်မှန်ကန်မှု မရှိလှပါ။ အရှင်ဘုရားတို့၏ နိုင်ငံ၌ နတ်ရွာစံ ပဉ္စမ သင်္ဂါယနာတင် မင်းတရားကြီးသည် ကျမ်းတတ် အကျော်အမော် ဆရာတော်တို့အား ရှေးမူဟောင်း အစောင်စောင်တို့နှင့် ညှိနှိုင်း တည်းဖြတ်စေလျက် ပုဒ်ပါဠ်အက္ခရာ တစ်လုံးတစ်ပါဒမျှ မယွင်း စေဘဲ ပိဋကတ်ပါဠိတော်များကို ကျောက်ထက်အက္ခရာ တင်ထားသည်ဟု တပည့်တော်များ သိရပါသည်။ ကျောက်ထက်အက္ခရာမတင်မီ ညှိနှိုင်း တည်းဖြတ်သော ပေမူများ ရှိပါလိမ့်ဦးမည်။ ထိုပေမူ အဘိဓမ္မာခုနစ်ကျမ်းကို တပည့်တော်များလက်ဝယ်ရောက်အောင် ပို့ဆောင်ပေးနိုင်ပါက အရှင်ဘုရား သည် သီဟိုဠ်ကျွန်းနေ ရဟန်းသံဃာများအား ချီးမြှောက်ရာ ရောက်ပါ လိမ့်မည်"

http://www.dhammadownload.com



သီရိသုမင်္ဂလ၏ ဆန္ဒကို သိရှိရသောအခါ ဆရာတော်ကြီးသည် ဝန်ခံကတိပေးလျက် မြန်မာနိုင်ငံသို့ ပြန်ကြွလာသည်။ ဆရာတော်ကြီးသည် မြန်မာနိုင်ငံ ပြန်ရောက်သောအခါ မန္တလေးသို့ တပည့်ရဟန်းတစ်ပါးကို စေလွှတ်လျက် အဘိဓမ္မာပိဋကတ် မူမှန် မူဟောင်းများကို အရှာခိုင်းသည်။ သို့သော်လည်း မြန်မာ့ထီးနန်း ပျက်သုဉ်းပြီး တိုင်းပြည်နိုင်ငံအခြေအနေ မငြိမ်မသက်ဖြစ်ပြီးစအချိန်ဖြစ်၍ သာသနာပိုင်ဆရာတော်ထံမှလည်းကောင်း၊ ပိဋကတ် အုတ်မင်း ဦးရန်ထံမှလည်းကောင်း ဆရာတော်ကြီးအလိုရှိသော အဘိဓမ္မာ ပိဋကတ် မူဟောင်းမူမှန်ကို မရရှိပေ။ သို့ရာတွင် စကြာဒေဝီ မိဖုရားခေါင်ကြီး အမြဲကိုးကွယ်ထားသော ကျောက်စာတွင်မူ ပိဋကတ်သုံးပုံ သည် မိုင်းလုံမင်းသမီးထံတွင် ရှိနေသည်ဟု ကြားသိရ၍ ထိုမင်းသမီးထံ ချဉ်းကပ်ကြည့်မှ ဆရာတော်ကြီးအလိုရှိသော ကျောက်စာမူ အဘိဓမ္မာ ခုနစ်ကျမ်းကို ရရှိသည်။

ဆရာတော်ကြီးသည် ရှားရှားပါးပါးရရှိသော ထိုမူဟောင်း အဘိဓမ္မာ ခုနစ်ကျမ်းကို သီရိလင်္ကာနိုင်ငံ သီရိသုမင်္ဂလဆရာတော်ကြီးထံ တင်ပို့လိုက် လေသည်။ ထိုအဘိဓမ္မာခုနစ်ကျမ်းကို သီရိသုမင်္ဂလဆရာတော်ကြီးထံမှ တစ်ဆင့် သီရိလင်္ကာနိုင်ငံရှိ ရဟန်းသံဃာတော်တို့က ကူးယူကြသည်။ ယင်းသို့အားဖြင့် ဆရာတော်ကြီး၏စေတနာကြောင့် မြန်မာနိုင်ငံမှ အဘိဓမ္မာ ခုနစ်ကျမ်း မူဟောင်းမူမှန်သည် သီရိလင်္ကာနိုင်ငံ၌ ပြန့်ပွားသွားသည်။ အုတ်ဖို ဆရာတော်ကြီးသည် သီရိလင်္ကာခရီးနှင့်ပတ်သက်၍ စွယ်တော်အကြောင်း၊ စွယ်တော်ဖူးမြော်ပုံအကြောင်းတို့ကို 'စွယ်တော် သျှောင်ရတု' အမည်ဖြင့် ရတုကဗျာ ရေးသားစီကုံးထားသည်။ ထိုရတုကဗျာသည် သီရိလင်္ကာ မြန်မာ သာသနာဆက်သွယ်ရေး၏ မှတ်တမ်းကဗျာတစ်ခုအဖြစ်ဖြင့် တည်ရှိနေပေသည်။

❖

ပုဂံစာအုပ်တိုက်

http://www.dhammadownload.com

## သီဟိုဠ်ရောက် ဝဇီရာ ရာမ ဆရာတော်

အုတ်ဖိုဆရာတော်ကြီးသည် သီရိလင်္ကာနိုင်ငံသို့ကြွပြီးနောက် နှစ်နှစ် သုံးနှစ် ကြာသွားသောအခါ မြန်မာနိုင်ငံမှ ထင်ရှားကျော်ကြားသော အခြား ဆရာတော်ကြီးတစ်ပါး သီရိလင်္ကာနိုင်ငံသို့ ကြွတော်မူပြန်သည်။ ထိုဆရာတော်ကား ဝဇီရာ ရာမ ဆရာတော်ကြီးဖြစ်သည်။ မင်းတုန်းမင်းကြီးတွင် တရားဝင်မိဖုရား ၄၅ ပါးရှိရာ ဝဇီရက္ခန္ဓမဟာဒေဝီခေါ် စိန်တုံးမိဖုရားကြီးသည် တစ်ပါးအပါအဝင်ဖြစ်သည်။

စိန်တုံးမိဖုရားကြီးသည် မန္တလေးမြို့တော် အရှေ့မြောက်ယွန်းယွန်းတွင် အရံကျောင်းငယ် ဆယ့်လေးကျောင်းနှင့် အတူတကွ ရွှေကျောင်းတော်ကြီးတစ်ဆောင်ကို ဆောက်လုပ်သည်။ ယင်းကျောင်းတော်ကြီး၏အမည်မှာ ကျောင်းဒါယိကာမ မိဖုရားကြီး၏ အမည်နာမအတိုင်း 'ဝဇီရာ ရာမ ကျောင်းတိုက်' ဟု တွင်သည်။ စိန်တုံးမိဖုရားကြီးသည် ထိုကျောင်းတိုက်ကြီးကို သင်္ဃာဆရာတော်ကြီးအား လှူဒါန်းသည်။ သင်္ဃာ ဆရာတော်ကြီး တစ်ရပ်တစ်ကျေး ပြောင်းရွှေ့သွားသည့်အခါ ထိုကျောင်းတိုက်ကြီးတွင်

http://www.dhammadownload.com



သင်္ဂဇာဆရာတော်ကြီး၏ တပည့် 'ပညာဘိသီရိသဒ္ဓမ္မကဝိဓဇမဟာဓမ္မရာဇာဓိရာဇဂုရု' ဘွဲ့တံဆိပ်တော်ရ အရှင်ပညာသီရိမထေရ် ဆက်ခံ သီတင်းသုံးသည်။

ထိုအချိန်က အရှင်ပညာသီရိ၏ သက်တော်မှာ သုံးဆယ့်လေးနှစ်မျှသာရှိသေးသည်။ ထိုအချိန်မှအစပြု၍ အရှင်ပညာသီရိသည် ကျောင်းတိုက်အမည်ကို အစွဲပြု၍ ဝဇိရာ ရာမဆရာတော် ဟူ၍ ထင်ရှားလာသည်။ ထို့နောက် နှစ်နှစ်အကြာတွင် ဘုရင်မင်းကြီး ဆက်ကပ်လှူဒါန်းသော 'ရာဇဂုရု' ဘွဲ့တံဆိပ်တော် လက်ခံရရှိသည်။

၁၈၇၈ ခုနှစ်တွင် မင်းတုန်းမင်းကြီး ကံတော်ကုန်သွားပြီး သားတော် သီပေါမင်း နန်းတက်သည်။ သီပေါမင်းသည် ၆ နှစ်မျှသာ နန်းစံလိုက်ရသည်။ ၁၈၈၅ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဗြိတိသျှလက်အောက် ကျရောက်သွားခဲ့သည်။

မင်းပြောင်းမင်းလွှဲအချိန်၌ မန္တလေးမြို့တော်၌ မငြိမ်မသက် ဖြစ်ခဲ့သည်။ တောကြောင်များ ထကြသည်။ သူခိုးဓားပြများ သောင်းကျန်းကြသည်။ အတုမရှိကျောင်းတော်ကြီး မီးလောင်သည်။

ထိုအချိန်၌ ဆရာတော် သံဃာတော် အတော်များများသည် မန္တလေးမြို့တော်ကြီးကို စွန့်ခွာပြီး အလျဉ်းသင့်ရာ ဌာနများသို့ ကြွကြသည်။ ထိုဆရာတော် သံဃာတော်များထဲတွင် ဝဇိရာ ရာမဆရာတော်လည်း တစ်ပါးအပါအဝင်ဖြစ်သည်။

ဝဇိရာ ရာမဆရာတော်သည် မိမိ၏ဆရာ သင်္ဂဇာဆရာတော်ကြီး ရှိရာ အောက်ပြည်အောက်ရွာ မော်လမြိုင်မြို့သို့ကြွလာသည်။ မော်လမြိုင်မြို့ ရောက်သောအခါ ကျိုက်သန်လန်စေတီတော်တည်ရှိရာတောင်၏အဆင်း၌ ကျောင်းဒါယိကာမ ဒေါ်ရွှေပွင့် ဆောက်လုပ်လှူဒါန်းသော ကြီးကျယ်

http://www.dhammadownload.com



ခမ်းနားလှသည့် ရတနာဘုံမြင့်ကျောင်းတော်ကြီး၌ သီတင်းသုံးနေထိုင်သည်။ ထိုအချိန်က ဆရာတော်၏သက်တော်မှာ ၅၈ နှစ် အရွယ်ရှိပြီ။ ဝဇီရာ ရာမ ကျောင်းတိုက်ကြီး၏ ကျောင်းအစ်မ စိန်တုံးမိဖုရားကြီးလည်း မော်လမြိုင်မြို့သို့လာပြီး သီလရှင်အဝတ်ဖြင့် နေထိုင်သည်။

၁၈၈၉ ခုနှစ်တွင် ဝဇီရာ ရာမဆရာတော်သည် စိန်တုံးမိဖုရားကြီး အပါအဝင် ဒကာ ဒကာမ တစ်ရာလောက်နှင့် ရဟန်း သံဃာတော် ၄၆ ပါး တို့ကို ဦးဆောင်ပြီးလျှင် သီရိလင်္ကာနိုင်ငံသို့ စွယ်တော်နှင့် စေတီပုထိုးများကို ဖူးမြော်ရန် ကြွသည်။ ထိုအချိန်က သီရိလင်္ကာနိုင်ငံ နေရာအနှံ့အပြား၌ ရှင်သာ့မဏေပေါင်း ၆၀ တို့သည် ဝဇီရာ ရာမဆရာတော် အမှူးပြုသော မြန်မာရဟန်းတော်များ၏ထံတွင် ဥပသမ္ပဒပဉ္စင်းအဖြစ် ခံယူကြသည်။

၁၈၉၆ ခုနှစ်တွင် ဝဇီရာ ရာမဆရာတော်သည် သီရိလင်္ကာနိုင်ငံသို့ ဒုတိယအကြိမ် ကြွပြန်သည်။ (ဝဇီရာ ရာမဆရာတော် သီရိလင်္ကာကြွသည့် ခုနှစ်များကိုဖော်ပြရာ တစ်ဦးနှင့်တစ်ဦး မတူကြပေ။ ဗုဒ္ဓဒတ္တမထေရ်က ပထမအကြိမ်(၁၈၈၉)၊ ဒုတိယအကြိမ်(၁၈၉၆)၊ တတိယအကြိမ်(၁၈၉၉)ဟု ဆိုထားသည်။ ဝိမလသာရမထေရ်က 'ဒွိသဟဿစတုဿတော၊ ဒွိစတ္တာလီသ သာသနေ'(သာသနာနှစ် ၂၄၄၂)ဟု ဆိုထားသည်။ တတိယအကြိမ်ကို ဆိုလိုဟန်ရှိသည်။ မြန်မာမှတ်တမ်းများအဆိုမှာမူ တစ်မျိုးဖြစ်နေသည်။)

ထိုအကြိမ်၌ ဆရာတော်ကြီးနှင့်အတူ လူ ဒါယကာ ဒါယိကာမ တစ်ထောင်ကျော်နှင့် ရဟန်းအပါး ၄၀၀ ပါသွားသည်။ ဝဇီရာ ရာမ ဆရာတော် ကြီးမှူးသော ဘုရားဖူးအဖွဲ့သည် စွယ်တော်အတွက် လှူရန် ရတနာခြယ်ထားသော ရွှေကြုတ်ကို ဆောင်ကြဉ်းသွားကြသည်။ ရွှေကြုတ်သည် တစ်သိန်းနှစ်သောင်းကျော် တန်သည်။ ကြုတ်၏အမြင့်မှာ ၂၈ လက်မ ရှိပြီး အချင်းမှာ ၁၇ လက်မခွဲ ရှိသည်။

ပုဂံတာအုပ်တိုက်

http://www.dhammadownload.com



ဝဇိရာ ရာမ ဘုရားဖူးအဖွဲ့ ကိုလမ္ဗိုမြို့သင်္ဘောဆိပ် ရောက်သွားသော အခါ အကောက်အရာရှိများက ကြုတ်အတွက် အကောက်ခွန် တစ်သောင်း စည်းကြပ်သည်။ ကြုတ်တွင် စီခြယ်ထားသော ရတနာများကိုကြည့်၍ ထိုမျှ စည်းကြပ်ခြင်းဖြစ်သည်။ ထိုမျှ အရေအတွက်များစွာ အကောက်ခွန် စည်း ကြပ်သည်ကို တွေ့ရသောအခါ ဘုရားဖူးအဖွဲ့သည် လုံးဝမျှော်လင့်မထား သဖြင့် အခက်အခဲ တွေ့သွားသည်။ ဤတွင် သီရိလင်္ကာနိုင်ငံသား ငွေကြေး ကြွယ်ဝချမ်းသာသူ မုဒါလိယာရှရီကျွန်ဒရဆေကာရ ဆိုသူက အကောက်ဌာန စည်းကြပ်သောအခွန်ကို ဆောင်ပြီးလျှင် ရတနာကြုတ်ကို ရွေးယူသည်။ ထို့ကြောင့် ထိုပုဂ္ဂိုလ်၏စေတနာသဒ္ဓါတရားကိုထောက်ထားလျက် ထိုပုဂ္ဂိုလ် ဆောက်လုပ်လှူဒါန်းထားသော မိုရာတုဝရှိကျောင်းတိုက်သို့ ရတနာ ကြုတ်ကို ပင့်ဆောင်သွားပြီးလျှင် ပြည်သူများဖူးမြော်ရန် ပြသထားသည်။ ထို့နောက် ကန္ဒီမြို့ စွယ်တော်တိုက်သို့ ပင့်ဆောင်သွားပြီးလျှင် တခြား လှူဖွယ်ပစ္စည်းများနှင့်အတူ အခမ်းအနားဖြင့် စွယ်တော်အား လှူဒါန်း လိုက်ကြသည်။

ရွှေကျင်ဆရာတော်ကြီးနှင့် အုတ်ဖိုဆရာတော်ကြီးတို့သည် သီရိလင်္ကာနိုင်ငံသို့ တစ်ကြိမ်တစ်ခါမျှသာ ကြွရောက်ကြသည်။ ဝဇိရာ ရာမဆရာတော်ကား ထိုသို့မဟုတ်ပေ။ တစ်ကြိမ်နှင့်လည်း အားမရ။ နှစ်ကြိမ်နှင့်လည်း အားမရ။ သုံးကြိမ်တိတိ ကြွရောက်ခဲ့သည်။

၁၈၉၉ ခုနှစ်၌ တတိယအကြိမ် ကြွပြန်သည်။ တတိယအကြိမ်၌ ဝဇိရာ ရာမဆရာတော် ကြီးမှူးသော ဘုရားဖူးအဖွဲ့သည် ရတနာရွှေကြုတ် တင်ရန် ငွေပလ္လင်ကို ဆောင်ကြဉ်းသွားကြသည်။ ထိုငွေပလ္လင်မှာ ငွေ ၂၇၀၀၀ တန်ဖိုးရှိသည်။ တတိယအကြိမ် ကြွရောက်ရာ၌ ဝဇိရာ ရာမ ဆရာတော် ကြီးအား သီရိလင်္ကာနိုင်ငံ နေရာအတော်များများမှ သိမ်သမုတ်ရန်

http://www.dhammadownload.com



ပင့်ဆောင်ကြသည်။ ထိုနေရာများသို့ ကြွရောက်ပြီး ဝဇီရာ ရာမဆရာတော် သည် သိမ်သမုတ်ပေးခဲ့သည်။ ထိုအကြောင်းကို သီဟိုဠ်ရဟန်းတော် အေပီဗုဒ္ဓဒတ္တမဟာထေရ်က သူ၏ 'A Burmese Mission to Ceylone' အမည်ရှိ ဆောင်းပါး၌

"တတိယအကြိမ် ကြွရောက်ရာ၌ သီဟိုဠ်ကျွန်း နေရာအနှံ့အပြားမှ ဝဇီရာ ရာမဆရာတော်အား သိမ်သမုတ်ရန် ပင့်ကြသည်။ ထိုနေရာများထဲက နေရာတစ်နေရာမှာ အမ်ဗာလမ်ဂိုဒါ အရှေ့ဘက် လေးမိုင်အကွာတွင်ရှိသော ဘာတာပိုလေဖြစ်သည်။ ဤစာရေးသူ (ဗုဒ္ဓဒတ္တ) သည် ထိုနှစ်တွင် ရဟန်း ဖြစ်သည်။

"ကျွန်ုပ်သည် ဝဇီရာ ရာမဆရာတော်ကြီးနှင့် သူ၏ နောက်လိုက် နောက်ပါ နာမည်ကျော် ရဟန်းသံဃာတော်များအား ဖူးခွင့်ကြုံသည်။

"ကျွန်ုပ်၏ဆရာ သိရိသဒ္ဓမ္မဝရမထေရ်သည် ထိုအဖြစ်အပျက် မတိုင်မီက မြန်မာနိုင်ငံ၌ သီတင်းသုံးခဲ့ပြီး မြန်မာရဟန်းတော်များနှင့် အကျွမ်း ဝင်ပြီးသားဖြစ်သည်။ ထို့ကြောင့် သိမ်သမုတ်သောအခါ မြန်မာရဟန်းတော် များနှင့် သီဟိုဠ်ရဟန်းတော်များ၏အကြားတွင် စကားပြန်အဖြစ် ဆောင်ရွက် ရသည်။ သို့ဖြစ်၍ ဝဇီရာ ရာမဆရာတော်ကြီးက ကျွန်ုပ်၏ဆရာအား တစ်စုံတစ်ခု ပြောလိုသည့်အခါတိုင်း ကျွန်ုပ်ကို စေလွှတ်ပြီး ကျွန်ုပ်၏ ဆရာအား ခေါ်ခိုင်းလေ့ရှိသည်"

ဟူ၍ ရေးသားထားသည်။ ဗုဒ္ဓဒတ္တသည် နောင်သောအခါ၌ ပါဠိ– အင်္ဂလိပ် အဘိဓာန်၊ အင်္ဂလိပ် – ပါဠိအဘိဓာန် စသော ကျမ်းပေါင်း များစွာကို ရေးသားသူ သီဟိုဠ်ဆရာတော်ဖြစ်လာသည်။ မြန်မာနိုင်ငံအစိုးရ ဆက်ကပ် လှူဒါန်းသော 'အဂ္ဂမဟာပဏ္ဍိတ' ဘွဲ့တံဆိပ် ရရှိသူလည်း ဖြစ်သည်။

http://www.dhammadownload.com



ဝဇိရာ ရာမဆရာတော်သည် သီရိလင်္ကာနိုင်ငံ ရဟန်းသံဃာလောက၌ မည်မျှ ခြဇာလွှမ်းမိုးမှု ရှိသနည်းဆိုလျှင် သူ၏ ထေရုပ္ပတ္တိကို ဝိမလသာရအမည်ရှိ သီဟိုဠ်မထေရ်တစ်ပါးက 'ဝဇိရာ ရာမဟာထေရစရိုက်' အမည်ဖြင့် ပါဠိဘာသာ ဂါထာသုံးရာကျော် ဖွဲ့ဆိုစီကုံးလျက် ရေးသားထားရသည့်အထိဖြစ်သည်။

❖

http://www.dhammadownload.com

## နှစ်နိုင်ငံ၏ ပညာသင်ကြားမှု ဆက်သွယ်ရေး

သီရိလင်္ကာနိုင်ငံမှ စာသင်သား ရဟန်းသာမဏေများ မြန်မာနိုင်ငံသို့ လာရောက်၍ ပညာသင်ကြားဆည်းပူးခြင်းသည်လည်းကောင်း၊ မြန်မာနိုင်ငံမှ ရဟန်းသာမဏေများ သီရိလင်္ကာနိုင်ငံသို့သွားရောက်၍ ပညာသင်ကြား ဆည်းပူးခြင်းသည်လည်းကောင်း၊ မြန်မာ သီရိလင်္ကာ သာသနာဆက်သွယ်ရေး၌ ကြီးမားသော အခန်းကဏ္ဍက ပါဝင်နေသည်။ ယင်းကဲ့သို့ နှစ်နိုင်ငံမှ စာသင်သား ရဟန်းသာမဏေများ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ သွားရောက်၍ ပညာသင်ကြား ဆည်းပူးခဲ့သည်မှာ သမိုင်းတစ်လျှောက်၌ အရေအတွက် များစွာရှိခဲ့သည်။ ယင်းကဲ့သို့သော စာသင်သား ရဟန်းသာမဏေများအနက် ပထမဦးဆုံး ဈေးဦးပေါက်သောပုဂ္ဂိုလ်မှာ ပုဂံခေတ် ဆပ္ပဋမထေရ်ဖြစ်သည်။ ဆပ္ပဋမထေရ်သည် ပုဂံခေတ် နရပတိစည်သူမင်းကြီး လက်ထက်၌ သူ၏ဆရာ ဥတ္တရာဇီဝမထေရ် သီရိလင်္ကာနိုင်ငံသို့ ကြွသွားသောအခါ လိုက်ပါသွားသည်။ ထိုအချိန်က ဆပ္ပဋသည် သာမဏေမျှသာ ရှိသေးသည်။ သီရိလင်္ကာနိုင်ငံရောက်မှ ရဟန်းခံသည်။ သီရိလင်္ကာနိုင်ငံ၌

http://www.dhammadownload.com



ဆယ်နှစ်ဆယ်မိုး ပညာသင်ကြားပြီး နောက်မှ မြန်မာနိုင်ငံ ပြန်ကြွလာသည်။

နောက်နှစ်ပေါင်း ၇၀၀ ကျော်လောက် ကြာလာသောအခါ ထိုအဖြစ်မျိုး တစ်ကြိမ် ပေါ်လာပြန်သည်။ ၁၈၈၇ ခုနှစ်လောက်တွင် ဒွါရဂိုဏ်းချုပ် အုတ်ဖို ဆရာတော်ကြီးသည် နောက်လိုက်နောက်ပါ ရဟန်းသံဃာတစ်စုနှင့် သီရိလင်္ကာနိုင်ငံသို့ ကြွသွားသည်။ အုတ်ဖိုဆရာတော်ကြီးနှင့်အတူ သီရိလင်္ကာ နိုင်ငံသို့ ကြွသွားသော ရဟန်းများထဲတွင် ဦးဉာဏဝံသအမည်ရှိ ရဟန်းငယ် တစ်ပါး ပါသွားသည်။ ထိုရဟန်းငယ်သည် ထိုစဉ်က ဆပ္ပဋ္ဌ၏ အရွယ် လောက်ပင်ရှိသေးသည်။ ဆပ္ပဋ္ဌက သာမဏေဖြစ်ပြီး ထိုရဟန်းက ရဟန်း ဖြစ်ခါစ တစ်ဝါမျှသာရှိသေးသူဖြစ်သည်။

ဥတ္တရာဇီဝမထေရ် မြန်မာနိုင်ငံ ပြန်ကြွလာသောအခါ ဆပ္ပဋ္ဌသည် သီရိလင်္ကာနိုင်ငံ၌ ကျန်နေခဲ့သည်။ ထို့အတူပင် အုတ်ဖိုဆရာတော်ကြီး မြန်မာနိုင်ငံ ပြန်ကြွလာသောအခါတွင်လည်း ဦးဉာဏဝံသသည် သီရိလင်္ကာ နိုင်ငံ၌ နေရစ်ခဲ့သည်။

သီရိလင်္ကာနိုင်ငံ၌ ဆယ်နှစ်ဆယ်မိုး ပညာသင်ကြားပြီးသည့်နောက်မှ ဆပ္ပဋ္ဌမထေရ် မြန်မာနိုင်ငံ ပြန်ကြွလာသကဲ့သို့ပင် ဦးဉာဏဝံသလည်း သီရိလင်္ကာနိုင်ငံ၌ ဆယ်နှစ်ဆယ်မိုး ပညာသင်ကြားပြီးမှ မြန်မာနိုင်ငံသို့ ပြန်ကြွလာသည်။

ဆပ္ပဋ္ဌမထေရ်သည် ကျမ်းဂန်များကို ရေးသားစီရင်သော ပညာရှင် ရဟန်းတော်ဖြစ်သည့်အပြင် ပုဂံသာသနာဝင်၌ ထင်ရှားကျော်ကြားသော မထေရ်တစ်ပါးဖြစ်သည်။

ထိုနည်းတူပင် ဦးဉာဏဝံသလည်း မြန်မာနိုင်ငံသို့ ပြန်ရောက်လာသော အခါ သဒ္ဒလိင်္ကာ၊ ဥတ္တမင်္ဂဝိနိစ္ဆယ စသော ကျမ်းဂန်များ ရေးသားပြုစုသော ထင်ရှားကျော်ကြားသည့် ဒွါရဂိုဏ်း ဆရာတော်တစ်ပါး ဖြစ်လာသည်။

http://www.dhammadownload.com



ဦးဉာဏဝံသသည် သီဟိုဠ်ပြန် ဆရာတော်ဟူ၍လည်းကောင်း၊ မြတ်စွာဘုရား၌ နှုတ်ခမ်းမွေးရှိသင့်သည်ဟူသော အယူအဆကို တင်ပြသောကြောင့် နှုတ်ခမ်းမွေးဆရာတော် ဟူ၍လည်းကောင်း ဓနုဖြူမြို့ ညောင်ချောင်းရွာ၌ သီတင်းသုံးသောကြောင့် ညောင်ချောင်းဆရာတော်ဟူ၍ လည်းကောင်း ထင်ရှားကျော်ကြားသည်။

သီရိလင်္ကာနိုင်ငံသို့သွားပြီး ပညာလေ့လာသော မြန်မာရဟန်းတော်များထဲက အခြားထင်ရှားကျော်ကြားသော ရဟန်းတော်တစ်ပါးမှာ ရွှေကျင်ဂိုဏ်း အဘယာရာမဆရာတော် ဦးအဂ္ဂဓမ္မ ဖြစ်သည်။

ဦးအဂ္ဂဓမ္မသည် မြန်မာသက္ကရာဇ် ၁၂၈၃ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံသို့ ကြွသွားသည်။ ထိုအချိန်က ဆရာတော်သည် သက်တော် ၄၂ နှစ် ရှိပြီ။ ဆရာတော်သည် သီရိလင်္ကာနိုင်ငံ၌ သုံးနှစ်တိတိ သီတင်းသုံးသည်။ ကိုလမ္ဗိုမြို့၊ ဝိသုဒ္ဓါရုံရာမ ခေါ် ဝိသုဒ္ဓါရုံတိုက်၌ နေထိုင်သီတင်းသုံးပြီး ပညာဆည်းပူးခြင်း၊ လိုအပ်သော ကျမ်းစာများကို ရှာဖွေခြင်းများကို ပြုလုပ်သည်။

သီရိလင်္ကာ၌ နေထိုင်စဉ်ကာလအတွင်း ဆရာတော်သည် မိမိကိုယ်တိုင်လည်း ပညာသင်ကြားဆည်းပူးသည်။ သီဟိုဠ် ရဟန်းတော်များအားလည်း ပါဠိကြားဘာသာဖြင့် ပဋ္ဌာန်းကျမ်းကြီးကို ပို့ချပေးသည်။

ဆရာတော် ဦးအဂ္ဂဓမ္မ ရှိနေစဉ်အတွင်း ကိုလမ္ဗို ဝိသုဒ္ဓါရုံ ကျောင်းတိုက်၌ ဝိသုံဂါမသိမ်သမုတ်သည်။ သီရိလင်္ကာ၌ ဝိသုံဂါမသိမ်သမုတ်လေ့ မရှိကြပေ။ ထို့ကြောင့် ဆရာတော် ဦးအဂ္ဂဓမ္မ ကြိုးမှူး၍ သမုတ်သော သိမ်ကို သီဟိုဠ် ရဟန်းတော်များက သံသယဖြစ်ကြသည်။ ဤတွင် ဆရာတော် ဦးအဂ္ဂဓမ္မက ဝိသုံဂါမ သိမ်သမုတ်ခြင်းသည် ဝိနည်းတော်နှင့်ညီကြောင်း ဝိနည်းအထောက်အထား ခိုင်လုံစွာဖြင့် စာအားဖြင့်လည်းကောင်း၊ နှုတ်အားဖြင့်လည်းကောင်း ရှင်းလင်းတင်ပြသည်။

http://www.dhammadownload.com



ဆရာတော်ဦးအဂ္ဂဓမ္မ သီရိလင်္ကာနိုင်ငံသို့ ကြွရောက်ခြင်း၏ အဓိက ရည်ရွယ်ချက်တစ်ခုမှာ မောဂ္ဂလာန်ပဥ္စိကာနိသျ ရေးသားရန်အတွက် လိုအပ်သော ကျမ်းစာအထောက်အထားများကို ရှာဖွေစုဆောင်းရန် ဖြစ်သည်။ ထိုအကြောင်းအရာနှင့်စပ်လျဉ်း၍ ဆရာတော်က သူ၏ 'မောဂ္ဂလာန်ပဥ္စိကာနိသျ' ၏ နိဒါန်း၌ ဤသို့ ရေးသားဖော်ပြထားသည်။

"သာသနာတော်နှစ် ၂၁၂၄ ခုနှစ်၊ မြန်မာသက္ကရာဇ် ၉၄၂ ခုနှစ်မှ ၉၅၃ ခုနှစ်အတွင်း နန်းစံသော ရာဇသီဟမည်သော သီဟိုဠ်မင်းသည် လည်းကောင်း၊ ထိုနောက်ပိုင်း တိုင်းတစ်ပါးမှ လာရောက်ကြကုန်သော ဝိဒေသိယမင်းတို့သည်လည်းကောင်း နှိပ်စက်ဖျက်ဆီးအပ်သည်ဖြစ်၍ သီဟိုဠ်ကျွန်း၌ သာသနာတော်သည် ပျက်စီးခြင်းသို့ရောက်ရလေ၏။ သင်အံပို့ချသူ၊ ကြည့်ရှုလေ့ကျက်သူ မရှိသဖြင့် ပသတ္ထ၊ ပသတ္ထတရ ဖြစ်ကုန်သော များစွာသော ကျမ်းဂန်တို့သည် ပျက်စီးခြင်းသို့ ရောက်ကုန်၍ အမည်မျှသာ ကြွင်းကျန်လေကုန်၏။

ထို့နောက် သာသနာတော် ၂၂၈၉ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၁၀၇ ခုနှစ်သို့ရောက်သောအခါ သစ်ဏ္ဍသေလမြို့၌ နန်းတက်သော ကိတ္တိသိရိရာဇသီဟမင်းလက်ထက်ဝယ် မြန်မာသက္ကရာဇ် ၁၁၁၄ ခုနှစ်၌ သျှမ်း (ယိုးဒယား) နိုင်ငံမှ သံဃာတော်များကို ပင့်ဆောင်၍ သီဟိုဠ်ကျွန်း၌ သာသနာတော်ကို အသစ်တည်ထောင်လေ၏။ ထို့နောက် သီဟိုဠ်ကျွန်း အလုံးကို အင်္ဂလိပ်မင်း အုပ်စိုး၍ တဖြည်းဖြည်း ကျမ်းဂန်တတ်မြောက်သော ပုဂ္ဂိုလ်များ ပေါ်ထွန်းလာသောအခါ အစိုးရအရာရှိများနှင့် ဗဟုသုတ လိုလားသော ရဟန်းရှင်လူတို့သည် ပိဋကတ်တိုက်ဟောင်းကြီးတို့၌ ဆွေးမြည့်နေသော ကျမ်းစာများကို စုဆောင်းရှာဖွေကြကုန်သတတ်။ ထိုအခါ မောဂ္ဂလာနပဥ္စိကာကိုလည်း ရှာဖွေကြရာ သစ်ဏ္ဍသေလမြို့ (ကင်ဒီ) အဿဂီရိကျောင်း

http://www.dhammadownload.com



ပိဋကတ်တိုက်၌ ချေးမြည့်နေသော ကျမ်းစာတစ်စောင်ကို လွန်ခဲ့သော အနှစ် ၂၀ ကျော်က ရရှိသတတ်။ သို့ပါသော်လည်း အများသူတို့အား မသိစေဘဲ သိုဝှက်သိမ်းဆည်း၍ထားသဖြင့် ကိုလမ္ဗိုမြို့ ဝိဇ္ဇာလင်္ကာရ ကျောင်းတိုက်၌သာ တစ်စောင်တည်းရှိသည်။ မောဂ္ဂလာနပဉ္စိကာသည် ကွယ်ပျောက်လေပြီဟု ထင်မှတ်သူသာများ၍ မပျောက်သေးကြောင်းကို သိသူပင် မရှိသလောက် ဖြစ်လေ၏။

"ဤပဉ္စိကာနိဿျဆရာသည် လွန်ခဲ့သော ၁၂၈၃ ခု၊ ၁၂၈၄ ခု၊ ၁၂၈၅ ခုနှစ်တို့၌ သီဟိုဠ်ကျွန်း ကိုလမ္ဗို မဟာဝိသုဒ္ဓါရုံရာမကျောင်းတိုက်၌ သီတင်းသုံးနေစဉ်အခါ မောဂ္ဂလ္လာန်သဒ္ဒါကျမ်း၏ ဗျာချာနိသျည်းကို ရေးသားရန် ကြံစည်၍ ထိုကျမ်း၏အဖွင့် သံဝဏ္ဏနာများကို အရပ်ရပ်၌ လိုက်လံရှာဖွေရာ ပဲလိယဂေါဋဝိဇ္ဇာလင်္ကာရကျောင်းတိုက်၌ သာရတ္ထဝိလာသနိဋီကာရှိကြောင်းကိုသိရသဖြင့် ထိုကျောင်းတိုက်၌ နာယက ဆရာတော် ဓမ္မာနန္ဒမထေရ်ထံ ကူးယူခွင့်ရရန် လျှောက်တောင်းရာ ကူးယူခွင့် ရသဖြင့် ပဉ္စိကာရှိကြောင်းကိုပင် သိခဲ့ရလေ၏။ သို့သော် ထိုစာကို ကူးယူခွင့် ရရန် အတန်တန် အားထုတ်ပါသော်လည်း အချည်းနှီးသာ ဖြစ်ခဲ့လေ၏။

ထို့နောက် ၁၂၉၀ ပြည့်နှစ်က တစ်ဖန် သာသနာကိစ္စနှင့် သီဟိုဠ် ကျွန်းသို့ သွားသောအခါ ဤပဉ္စိကာကို ဝိဇ္ဇာလင်္ကာရ ဓိပတိဓမ္မာနန္ဒမထေရ် သုတ်သင်ပြင်ဆင်၍ ပုံနှိပ်စေရာ တစ်ပိုင်းတစ်စ ပြီးစီးကြောင်း သိရသဖြင့် သွားရောက်တောင်းယူရာ ရခဲ့၍ မိမိတို့နိုင်ငံသို့ ယူဆောင်ခဲ့ပြီးလျှင် ဤ ကျမ်းသည် မြန်မာပြည်၌ ပညာရှိတို့၏ လက်သုံးဖြစ်၍ အဓွန့်ရှည်ကြာစွာ တည်နေခြင်းကို တောင်းတသဖြင့် ပဉ္စိကာဋီကာ၊ ပဉ္စိကာဒီပ စသော ကျမ်း၏ အခြေအရံ ကျမ်းဂန်တို့နှင့်တကွ မှီရာ ကာသိကာပဉ္စိကာ၊ ကာတန္တ ပဉ္စိကာ စသော သက္ကတ္တကျမ်းဂန်တို့ကို ကြည့်ရှုမှီငြမ်း၍ "ပပဉ္စိကာမည်သော

http://www.dhammadownload.com



ပဋ္ဌိကာဝဏ္ဏနာနိသျည်းကို ရေးသား၍ ပါဠိ သုတ်သင်ပြင်ဆင်ပြီးလျှင် မောဂ္ဂလ္လာန်နှင့် ပဋ္ဌိကာ တွဲစပ်၍ သားနားသပ်ရပ်စွာ ၁၂၉၄ ခုနှစ်က ပုံနှိပ်စေအပ်ပြီ "

ဆရာတော်ကိုယ်တိုင် ရေးသားထားသည့် အထက်ပါ 'မောဂ္ဂလ္လာန်ပဋ္ဌိကာနိသျ' နိဒါန်းကို ထောက်လျက် အဘယာရာမဆရာတော်သည် သီရိလင်္ကာနိုင်ငံ၌ ပရိယတ္တိအတွက် မည်မျှ ကြိုးပမ်းအားထုတ်ခဲ့သည်ဆိုသည်ကို သိသာနိုင်ပေသည်။

သီရိလင်္ကာနိုင်ငံ၌ ပရိယတ္တိစာပေကို သင်ကြားဆည်းပူးပြီး မိမိတို့နိုင်ငံ ပြန်ရောက်လာသောအခါ မြန်မာနိုင်ငံ သာသနာ၌ ထင်ပေါ်ကျော်ကြားသော ထိတ်ထိတ်ကြဲဆရာတော်ကြီးများ ဖြစ်လာကြသော မြန်မာရဟန်းတော်များ ရှိသကဲ့သို့ပင်၊ မြန်မာနိုင်ငံ၌ လာရောက် ပညာသင်ကြားပြီး သီရိလင်္ကာနိုင်ငံ ပြန်ရောက်သွားသောအခါ သီရိလင်္ကာသာသနာ၌ ထင်ရှားကျော်ကြားသော ဆရာတော်ကြီးများ ဖြစ်လာကြသော သီဟိုဠ်ရဟန်းတော်များလည်းရှိသည်။ ထိုရဟန်းတော်များထဲက အဓိကဆရာတော်တစ်ပါးမှာ သီရိဓမ္မထေရ်ဖြစ်သည်။

သီရိဓမ္မထေရ်သည် သာမဏေဘဝကပင် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး မြန်မာနိုင်ငံ၌ ၁၆ နှစ်တိုင်တိုင် နေထိုင်သွားခဲ့သည်။ မြန်မာနိုင်ငံရောက်လာသောအခါ ရန်ကုန်မြို့၊ ကျောင်းတော်ရာ ရွှေကျင်ဆရာတော်ကြီးထံ၌ ရဟန်းပြုလျက် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးထံ၌ ၁၆ နှစ်မျှ ပရိယတ္တိစာပေကို သင်ကြားဆည်းပူးသည်။

သီရိဓမ္မထေရ်သည် မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ ထွန်းပေါက်သော တပည့်ကြီးများထဲတွင် တစ်ပါးအပါအဝင်ဖြစ်သည်။ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီး၏ ထေရုပတ္တိကို ပါဠိဂါထာအဖွဲ့ဖြင့် ရေးသားသူမှာ

http://www.dhammadownload.com



သီရိလင်္ကာနိုင်ငံသား သီရိဓမ္မမထေရ်ဖြစ်သည်။ ယင်းထေရုပ္ပတ္တိ ဂါထာအဖွဲ့ကို လယ်တီပဏ္ဍိတက မြန်မာဘာသာဖြင့် ပြန်ဆိုရေးသားသည်။

သီရိဓမ္မမထေရ်သည် သီရိလင်္ကာနိုင်ငံ ပြန်ရောက်သွားသောအခါ ကိုလမ္ဗိုမြို့ ဝိသုဒ္ဓါရုံကျောင်းတိုက်ကြီး၏ နာယကဆရာတော်ဖြစ်လာသည်။

မြန်မာနိုင်ငံ၌ အနေကြာသော နောက်သီဟိုဠ်ပညာရှင် ရဟန်းတော်တစ်ပါးမှာ ဗုဒ္ဓဒတ္တမထေရ်ဖြစ်သည်။ ဗုဒ္ဓဒတ္တသည် သီပေါဘုရင် ဆက်ကပ်လှူဒါန်းသော သဒ္ဓမ္မပါလ သီပေါမဟာ ရာဇဂုရုဘွဲ့တံဆိပ်တော်ရ သီဟိုဠ်ဆရာတော် သီရိဓမ္မဓရမထေရ်၏တပည့်ဖြစ်သည်။ ဝဇီရာ ရာမဆရာတော်ကြီး သီရိလင်္ကာနိုင်ငံကြွစဉ်က သာမဏေဘ္မှသာရှိသေးသည်။ ဗုဒ္ဓဒတ္တသည် ဝဇီရာ ရာမဆရာတော်ကြီး၏ သီရိလင်္ကာနိုင်ငံခရီးအကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါး ရေးသားထားသည်။ ထိုဆောင်းပါး၌ ဝဇီရာ ရာမဆရာတော်ကြီး၏ သီရိလင်္ကာခရီးစဉ်အပြင် သူ မြန်မာနိုင်ငံ ရောက်ရှိလာသောအခါ တွေ့မြင်သိရှိရသည့် အချက်အလက်များကိုလည်း ရေးသားဖော်ပြထားသည်။

ဗုဒ္ဓဒတ္တမထေရ်သည် မြန်မာနိုင်ငံ၌ သီတင်းသုံးစဉ်က မော်လမြိုင်မြို့ ဝေဠုဝန္တာရကျောင်းတိုက် ဆရာတော် သာဂရဉာဏ မထေရ်ထံတွင် ပညာသင်ကြားဆည်းပူးသည်။ ဗုဒ္ဓဒတ္တမထေရ်သည် 'ပါဠိ–အင်္ဂလိပ် အဘိဓာန်'၊ 'အင်္ဂလိပ်–ပါဠိအဘိဓာန်'၊'ပါဠိ–သဒ္ဒါ'စသောကျမ်းများကိုလည်း ရေးသားသူဖြစ်သည်။ ဗုဒ္ဓဒတ္တမထေရ်အား မြန်မာနိုင်ငံအစိုးရက မြန်မာသက္ကရာဇ် ၁၃၁၅ ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ချီးမြှင့်ဆက်ကပ်သည်။

◆

http://www.dhammadownload.com

## နှစ်နိုင်ငံ စာပေကျမ်းဂန်များ၏ ခရီး

သီရိလင်္ကာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ သာသနာရေးဆက်သွယ်မှု၌ နှစ်နိုင်ငံ၏ ဗုဒ္ဓဘာသာဝင် အကြည်တော်ဘုရင်မင်းကြီးတို့၏ မဟာမိတ်သဘောအရ ပြုလုပ်သော သာသနာရေးဆက်သွယ်ခြင်းများကဲ့သို့လည်းကောင်း၊ ဗုဒ္ဓ ဓာတ်တော်နှင့် စွယ်တော်များ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကြွချီခြင်းများကဲ့သို့ လည်းကောင်း၊ သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်များ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကြွခြင်းများကဲ့သို့လည်းကောင်း၊ တစ်နိုင်ငံမှ ဗုဒ္ဓစာပေ ကျမ်းဂန်များ အခြားတစ်နိုင်ငံ၌ ထွန်းကားပြန့်ပွားခြင်းသည်လည်း ကြီးမားသော အခန်းကဏ္ဍက ပါဝင်နေပေသည်။

သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓစာပေကျမ်းဂန်များ၊ မြန်မာနိုင်ငံ၌ ထွန်းကား ပြန့်ပွားနေခြင်းကိုမူ အကျယ်ချဲ့ရေးသားဖော်ပြနေစရာ မလိုတော့ပေ။ အကျယ်ချဲ့၍ရေးသားဖော်ပြနေလျှင်လည်း ကုန်ဆုံးဖွယ်ရာရှိမည်မဟုတ်ပေ။ မြန်မာနိုင်ငံ၌ ထွန်းကားပြန့်ပွားနေသော ပါဠိဘာသာ ဗုဒ္ဓစာပေ ကျမ်းဂန်

http://www.dhammadownload.com



အတော်များများသည် အထူးအားဖြင့် ဋီကာကျမ်းများဖြစ်ပြီး ဋီကာကျမ်းများမှာ သီရိလင်္ကာဖြစ် ကျမ်းများသာ ဖြစ်ကြသည်။

သီရိလင်္ကာနိုင်ငံမှ ဗုဒ္ဓစာပေကျမ်းဂန်များ မြန်မာနိုင်ငံ၌ မည်မျှတွင်ကျယ်နေသည်ဆိုသည်ကိုကျမ်းတစ်ကျမ်းကိုသာလျှင် ဥပမာထုတ်ပြ၍ ရေးသားဖော်ပြပါမည်။ သီရိလင်္ကာနိုင်ငံမှ ရှင်အနုရုဒ္ဓါ ရေးသားပြုစုသော 'အဘိဓမ္မတ္ထသင်္ဂဟ' ခေါ် သင်္ဂြိုဟ်ကျမ်းသည် မြန်မာနိုင်ငံ၌ မည်မျှ ခေတ်စားနေသနည်း။ သင်္ဂြိုဟ်ကျမ်းသည် မြန်မာနိုင်ငံ၌ ဗုဒ္ဓအဘိဓမ္မာ စတင်သင်ကြားလိုသူများအတွက် မသင်မဖြစ်သည့် လက်သုံးကျမ်းဂန်ဖြစ်သည်။ ဗုဒ္ဓအဘိဓမ္မာပင်လယ်သမုဒ္ဒရာကြားထဲ သွားရောက်လိုသူအတွက် လှေနာဝါသဖွယ် ဖြစ်နေသည့်အတွက် သင်္ဂြိုဟ်ကျမ်းသည် မြန်မာနိုင်ငံ သာသနာရေးလောက၌ အတွင်ကျယ်ဆုံး ကျမ်းဂန်တစ်ကျမ်း ဖြစ်နေသည်။ ထိုကျမ်းကို ပါဠိဘာသာအားဖြင့်လည်းကောင်း၊ မြန်မာဘာသာအားဖြင့်လည်းကောင်း ဖွင့်ဆိုရေးသားထားသော ကျမ်းစာများကိုလည်း မြန်မာနိုင်ငံ၌ စာရင်းတင်၍ မရလောက်အောင်ပင် အရေအတွက် များပြားလှပေသည်။

ထို့ကြောင့် သီရိလင်္ကာနိုင်ငံမှ ပါဠိကျမ်းဂန်များ မြန်မာနိုင်ငံ၌ မည်သို့မည်ပုံ ထွန်းကားပြန့်ပွားနေသည် ဆိုသည့်အကြောင်းကို အကျယ်တဝင့် ရှင်းလင်းရေးသားခြင်းမပြုတော့ဘဲ မြန်မာနိုင်ငံမှ ပါဠိနှင့် ဗုဒ္ဓစာပေကျမ်းဂန်များ သီရိလင်္ကာနိုင်ငံ၌ မည်ကဲ့သို့သော နေရာမျိုး ရရှိသည်ဆိုသည့်အကြောင်းကိုသာ အဓိကထား၍ ဆွေးနွေးတင်ပြလိုပေသည်။

သီရိလင်္ကာနိုင်ငံသား ရဟန်းသံဃာတော်များ၏ အာရုံကို ပထမဦးဆုံး ဆွဲဆောင်မှုပြုသော မြန်မာနိုင်ငံဖြစ် ကျမ်းဂန်စာများထဲက ကျမ်းတစ်ကျမ်းသာ အဂ္ဂဝံသမထေရ်၏ 'သဒ္ဒနီတိ' ကျမ်းဖြစ်သည်။ သဒ္ဒနီတိကျမ်းကို ရေးသားပြုစုပြီး မကြာခင်ကာလအတောအတွင်း၌ မြန်မာနိုင်ငံ

http://www.dhammadownload.com



ဥတ္တရာဇီဝမထေရ်သည် ပုဂံပြည်မှ သီရိလင်္ကာနိုင်ငံသို့ ကြွသွားသည်။ ဥတ္တရာဇီဝမထေရ်သည် အဂ္ဂဝံသမထေရ်၏ သဒ္ဒနီတိကျမ်းကို သီရိလင်္ကာနိုင်ငံသို့ ဆောင်ကြဉ်းသွားသည်။

သီဟိုဠ်ရဟန်းသံဃာတော်များက သဒ္ဒနီတိကျမ်းကို လေ့လာကြည့်သောအခါ အထူးအံ့သြသွားကြပြီးလျှင် သဒ္ဒနီတိကျမ်းသည် ဗျာကရဏ်းနှင့်စပ်လျဉ်း၍ သီရိလင်္ကာနိုင်ငံ၌ရှိသော ကျမ်းများထက် သာပါပေသည်ဟု ထုတ်ဖော်ချီးကျူးကြသည်။

သဒ္ဒနီတိကျမ်းအပေါ် သီဟိုဠ်ရဟန်းတော်များ၏ ထင်မြင်ချက်နှင့်စပ်လျဉ်း၍ မှုကွဲတစ်ခုလည်းရှိသည်။ ဥတ္တရာဇီဝမထေရ်တို့ သီရိလင်္ကာရောက်သွားသောအခါ မြန်မာရဟန်းတော်များဖြစ်သည့် ဥတ္တရာဇီဝတို့၏နှုတ်မှ ထုတ်ဖော်ချီးကျူးသော သဒ္ဒနီတိသတင်းကို ကြားသိရသည်ဖြစ်၍ သီဟိုဠ်ရဟန်းတော်များသည် ပုဂံပြည်သို့ ကိုယ်တိုင်ကြွရောက်လာပြီးလျှင် သဒ္ဒနီတိကို လေ့လာကြည့်ကြသည်။ ထိုအခါ သီရိလင်္ကာနိုင်ငံ၌ ထိုကဲ့သို့သော သဒ္ဒနီတိကျမ်းမျိုး မရှိပါဟူ၍ ထုတ်ဖော်ဝန်ခံကြသည်။

သဒ္ဒနီတိကျမ်းပြု အဂ္ဂဝံသအား အဂ္ဂပဏ္ဍိတဟူ၍လည်း ခေါ်သည်။ ပုဂံပြည်၌ ထင်ရှားသော အဂ္ဂပဏ္ဍိတသုံးပါးရှိသည်။ အဂ္ဂဝံသသည် တတိယအဂ္ဂပဏ္ဍိတဖြစ်သည်။ ဒုတိယ အဂ္ဂပဏ္ဍိတ၏ တူတော်သည်။ ဒုတိယအဂ္ဂပဏ္ဍိတသည် ပထမ အဂ္ဂပဏ္ဍိတ၏ တပည့်ဖြစ်သည်။ နောင်သောအခါ၌ အဂ္ဂဝံသမထေရ်သည် ဘုရင်နရပတိစည်သူ (၁၁၆၇–၁၂၀၂) ၏ မင်းဆရာဖြစ်လာလေသည်။

ရာမညတိုင်း ဒလအနီးမှ သာရိပုတ္တရာသည် နရပတိစည်သူမင်းကြီးလက်ထက်၌ ပုဂံပြည်၌ သီရိလင်္ကာနိုင်ငံမှ ဆပ္ပဋမထေရ်နှင့် ပုဂံပြည်သို့ကြွလာသော အာနန္ဒာ မထေရ်ထံ၌ ပဉ္စင်းခံသည်။ နောက်ပိုင်း၌

http://www.dhammadownload.com



သာရိပုတ္တရာသည် သီဟိုဠ်ကျွန်း မဟာဝိဟာရဂိုဏ်းအနွယ်ဝင် ခေါင်းဆောင် ရဟန်းတစ်ပါးဖြစ်သည်။

ထို့နောက်တွင် သာရိပုတ္တရာသည် သူ၏ဇာတိ ဒလသို့ ပြန်ကြွလာပြီးလျှင် ရာမညတိုင်း၌ သာသနာ ပြန့်ပွားအောင် ကြိုးစားအားထုတ်သည်။ ထိုအချိန်မှစ၍ ရာမညတိုင်း၌ သီဟိုဠ်သာသနာ ပြန့်ပွားအောင် ကြိုးစားအားထုတ်သည်။ ထိုအချိန်မှစ၍ ရာမညတိုင်း၌ သီဟိုဠ်သာသနာ စတင် အမြစ်တွယ်လာသည်။ သာရိပုတ္တရာမထေရ်အား နရပတိဘုရင်က ဓမ္မဝိလာသ ဘွဲ့အမည် အပ်နှင်းပြီးလျှင် ချီးကျူးဂုဏ်ပြုသည်။

သာရိပုတ္တရာမထေရ် ရေးသားပြုစုသော ဓမ္မဝိလာသ ဓမ္မသတ်သည် မြန်မာနိုင်ငံ၌ ပါဠိ–မြန်မာ နှစ်ဘာသာဖြင့်ရှိနေသော ဗုဒ္ဓဘာသာ ဓမ္မသတ် ကျမ်းဂန်များ၏ ကနဦးဖြစ်သည်။ ဓမ္မသတ်ကျမ်းများတွင် အစောဆုံး ဖြစ်သည့် သီဟိုဠ်သာသနာ ဂိုဏ်းခေါင်းဆောင် ရေးသားသော ဓမ္မဝိလာသ ဓမ္မသတ် ကျမ်းသည် သီရိလင်္ကာ မြန်မာ သာသနာဆက်သွယ်ရေး၏ မှတ်တိုင်တစ်တိုင်ဖြစ်သည်။

ဒလ၌ ဓမ္မဝိလာသမထေရ်နှင့် သူ၏ တပည့်ရဟန်းများ မဟာဝိဟာရ ဂိုဏ်း သာသနာဖြန့်ဖြူးနေစဉ် မုတ္တမ၌လည်း အလားတူ ကြိုးပမ်းဆောင်ရွက်မှုများ ရှိနေသည်။ ပုဂံပြည်၌ သီဟိုဠ်ဂိုဏ်းနှင့် အခြားဂိုဏ်းများ ကွဲနေသကဲ့သို့ မြန်မာနိုင်ငံ မြောက်ပိုင်း၌လည်း ဂိုဏ်းနှစ်ဂိုဏ်း ကွဲနေသည်။ ဗုဒ္ဓဝံသနှင့် မဟာနာဂအမည်ရှိ မထေရ်နှစ်ပါးသည် သီရိလင်္ကာနိုင်ငံသို့ ကြွပြီးလျှင် မဟာဝိဟာရဂိုဏ်း သံဃာများထံတွင် သိက္ခာထပ်တင်ကြသည်။ ထိုရဟန်း နှစ်ပါးသည် မုတ္တမသို့ ပြန်ကြွလာသောအခါ မုတ္တမ၌ သီဟိုဠ်ဂိုဏ်း သီးခြား တည်ထောင်ကြသည်။ ၁၄ ရာစုနှစ်လောက်၌ မေဓင်္ကရအမည်ရှိ ရဟန်း တစ်ပါးသည်လည်း မုတ္တမမှ သီရိလင်္ကာသို့ကြွပြီး ပညာ သင်ကြား

http://www.dhammadownload.com



ဆည်းပူးသည်။ မုတ္တမမှ ပြန်ကြွလာသောအခါ 'လောကဒီပသာရ' အမည်ရှိ စကြဝဠာလောကအကြောင်း ဖော်ပြထားသော ကျမ်းတစ်ကျမ်း ရေးသား ပြုစုသည်။

သထုံမှ မဟာယသအမည်ရှိ မထေရ်တစ်ပါးသည် သဒ္ဒါနှင့်ပတ်သက်သော ကျမ်းနှစ်ကျမ်း ရေးသားသည်။ ကစ္စာယနဘေဒကျမ်းနှင့် ကစ္စာယနသာရကျမ်းတို့ ဖြစ်ကြသည်။ ကစ္စာယနဘေဒကို ကစ္စာယနဘေဒ ဒီပိကာ ဟူ၍လည်း ခေါ်သည်။

မဟာယသမထေရ်သည် ၁၃၇၀ ခုနှစ်၌ ပဲခူးတွင် နန်းတက်သော ဆင်ဖြူရှင် ဗညားဦးလက်ထက်က ရဟန်းတော် ဖြစ်သည်ဟု ဆိုသည်။ မဟာယသမထေရ်၏ ကစ္စာယနဘေဒနှင့် ကစ္စာယနသာရတို့သည် မြန်မာနိုင်ငံ၌သာမက သီရိလင်္ကာ၌လည်း ထင်ပေါ်ကျော်ကြားသော သဒ္ဒါကျမ်းများ ဖြစ်သည်။ ဓမ္မစေတီမင်းကြီးလက်ထက် သီရိလင်္ကာ မြန်မာ သာသနာရေး အဆက်အသွယ်အကြောင်းကိုမူ အထက်တွင် ရေးသားဖော်ပြခဲ့ပြီးပြီ။ ဝိနည်း အဋ္ဌကထာကျမ်းများ၌ပါသော ခက်ရခက်ဆစ်များကို အဓိပ္ပာယ် ဖွင့်ဆိုထားသည့် နာမည်ကျော် ဝဇီရဗုဒ္ဓိဋီကာ (ဝိနယဂဏ္ဌိ သို့မဟုတ် ဝိနယဂဏ္ဌိ ဟုလည်း ခေါ်သည်) ကျမ်းပြု သီရိလင်္ကာဆရာတော် မဟာဝဇီရဗုဒ္ဓိသည် ဓမ္မစေတီမင်းကြီးနှင့် ခေတ်ပြိုင်ဖြစ်သည်။ ကျမ်းပြုဆရာတော် မဟာဝဇီရဗုဒ္ဓိသည် သူရေးသားပြုစုသော ဝဇီရဗုဒ္ဓိဋီကာတစ်စောင်ကို ဓမ္မစေတီမင်းကြီးထံ ပို့လိုက်လေသည်။

'သဟဿဝတ္ထုပကာရဏ' (ဝတ္ထုတစ်စောင်)၌ ပါသော ဝတ္ထု အကြောင်းများနှင့် ဆက်စပ်မှုရှိသည့် 'ရသဝါဟိနီ' ဝတ္ထု၏ မူရင်းကား သီရိလင်္ကာသာသနာဝတ္ထုများဖြစ်သည်။ သီဟိုဠ်ဝတ္ထုများကို ရဋ္ဌပါလ မထေရ်က ပါဠိဘာသာပြန်သည်။ ယင်းပါဠိဘာသာပြန်ကို ဝိဒေဟမထေရ်က

http://www.dhammadownload.com



ထပ်မံဖြည့်စွက်သည်။ ထိုဝတ္ထုများနှင့် ဆက်စပ်မှုရှိသော 'သဟဿဝတ္ထုပကာရဏ'ကျမ်းမှာ မြန်မာနိုင်ငံမှ သီရိလင်္ကာသို့ ရောက်ရှိသွားသည့် ကျမ်းဖြစ်သည်ဟု ဆိုထားပြန်သည်။ 'သဟဿဝတ္ထုပကာရဏ' သည် သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့၏ စာပေအရ ကူးလူးဆက်ဆံပုံကို ဖော်ပြနေပေသည်။

မဟာနာမ မထေရ် ရေးသားသော 'မဟာဝံသ' ၏ နောက်ဆက်တွဲမှာ 'စူဠဝံသ' ဖြစ်သည်။ 'မဟာဝံသ' ကို ပထမဦးဆုံး ဆက်ရေးသော ပုဂ္ဂိုလ်မှာ ဓမ္မကိတ္တိမထေရ်ဖြစ်သည်။ မဟာဝံသ၏အဆိုအရ မဟာဝံသ၏ ဒုတိယပိုင်း 'စူဠဝံသ' ကိုရေးသော ဓမ္မကိတ္တိသည် ဒုတိယပရက္ကမ ဗာဟုဘုရင် (၁၃ ရာစု ပထမတစ်ဝက်) လက်ထက်၌ မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ရောက်သွားသော ရဟန်းတော်ဖြစ်သည်။

ရှင်အနုရုဒ္ဓါ၏ အဘိဓမ္မတ္ထသင်္ဂဟကျမ်းကို သီဟိုဠ်ကျွန်း သာရိပုတ္တရာမထေရ်၏တပည့် ရှင်သုမင်္ဂလမဟာသာမိမထေရ်က အဘိဓမ္မတ္ထဝိဘာဝနီအမည်ဖြင့် အဖွင့်ကျမ်း ရေးသားသည်။ ထိုကျမ်းသည် မြန်မာနိုင်ငံ၌ ဋီကာကျော်အမည်ဖြင့် အသိများသည်။ ဋီကာကျော်ကျမ်းကို မြန်မာနိုင်ငံမှ အရိယဝံသမထေရ်က မဏိသာရမဉ္ဇူသာအမည်ဖြင့် ထပ်ဆင့်အဖွင့်ကျမ်း တစ်ကျမ်းရေးသားသည်။ ထိုဋီကာကျော်ကျမ်းကိုပင် လယ်တီဆရာတော်က ဝေဖန်သုံးသပ်သည့်အမြင်ဖြင့် ရှုမြင်သုံးသပ်လျက် ပရမတ္ထဒီပနီအမည်ရှိ ကျမ်းကို ရေးသားသည်။ လယ်တီဆရာတော်၏ ထိုပရမတ္ထဒီပနီကျမ်းသည် သီဟိုဠ်ကျွန်းဖြစ် နာမည်ကျော်ကျမ်းတစ်ကျမ်းကို ဝေဖန်သုံးသပ်ထားသည့် ကျမ်းဖြစ်၍ သီရိလင်္ကာနိုင်ငံ၌လည်း ထင်ရှားကျော်ကြားသွားသည်။ အချို့ သီဟိုဠ်ရဟန်းတို့သည် ထိုကျမ်းနှစ်ကျမ်းကို နှိုင်းယှဉ်လေ့လာမှု ပြုလုပ်ကြသည်။

http://www.dhammadownload.com



သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် အခြားကျမ်းတစ်ကျမ်းကို အခြေခံ၍လည်း စာပေအရ ကူးလူးဆက်သွယ်မှုပြုလုပ်ကြသည်။ ထိုကျမ်းမှာ သီရိလင်္ကာနိုင်ငံ ပထမ ပရက္ကမဗာဟုဘုရင် (၁၁၅၃–အေဒီ) လက်ထက် ထွန်းကားသော မောဂ္ဂလ္လာယနမထေရ်၏ 'အဘိဓာနပ္ပဒီပိကာ' ခေါ် ပါဠိ အဘိဓာန် ကျမ်းဖြစ်သည်။ အဘိဓာနပ္ပဒီပိကာကို ပင်းယခေတ် စတုရင်္ဂဗလ အမတ်ကြီးက အဘိဓာနပ္ပဒီပိကာဋီကာအမည်ဖြင့် အဖွင့်ကျမ်း ရေးသား သည်။ ဒုတိယ ကျော်အောင်စံထားဆရာတော် ဂုဏာစာရမထေရ်က စတုရင်္ဂဗလအမတ်ကြီး၏ မာဂဓအဘိဓာန် ဋီကာပါဌ်ကို မြန်မာပြန် နိဿျ ရေးသည်။ မောဂ္ဂလ္လာနမထေရ်၏ 'အဘိဓာနပ္ပဒီပိကာ' ခေါ် မာဂဓအဘိဓာန် ကိုမူ မြန်မာနိုင်ငံ၌ ပညာရှင်အများအပြား နိဿျရေးကြသည်။

အမတ်ကြီး စတုရင်္ဂဗလ၏ မာဂဓအဘိဓာန် ဋီကာကျမ်းသည် သီရိလင်္ကာနိုင်ငံ ရောက်သွားသည်။ သီရိလင်္ကာနိုင်ငံ၌ ထိုမာဂဓအဘိဓာန် ဋီကာကျမ်းကို သုဘူတိမထေရ်က သီဟိုဠ်အက္ခရာပြောင်းလျှက် အက္ခရာ ဝလိဖြင့် 'အဘိဓာနပ္ပဒီပိကာသုစိ' အမည်ဖြင့် ပါဠိအဘိဓာန် ကျမ်းသစ် တစ်စောင် ရေးသားသည်။ ထိုကျမ်း၌ သုဘူတိမထေရ်သည် နောက်ဆက်တွဲ အဖြစ် မြန်မာနိုင်ငံမှ အရိယဝံသမထေရ်၏တပည့် သဒ္ဓမ္မကိတ္တိမထေရ် ရေးသားသော 'ဧကက္ခရကောသ' တွင် ပါရှိသည့် ပါဠိဝေါဟာရစကားလုံး များကို ထည့်သွင်းထားသည်။

ထို 'ပါဠိအဘိဓာန်စရီး' သည် မြန်မာနိုင်ငံမှ သီရိလင်္ကာသို့သွားပြီး မြန်မာနိုင်ငံ ပြန်ရောက်လာပြန်သည်။ သုဘူတိမထေရ်၏ အက္ခရာဝလိနှင့် စီစဉ်ထားသော 'အဘိဓာနပ္ပဒီပိကာသုစိ' ကျမ်း မြန်မာနိုင်ငံ ရောက်လာ သောအခါ ထိုကျမ်းကို မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံရွှေကျင်ကျောင်းတိုက်မှ စန္ဒမထေရ်နှင့် ရန်ကုန်မြို့ မဟာဒီပိကာရာမ ကျောင်းတော်ရာ ရွှေကျင်တိုက်မှ

http://www.dhammadownload.com



စမ္မောဒယမထေရ်တို့က မြန်မာအက္ခရာ ပြောင်းထားသော ထို 'အဘိဓာနပ္ပဒီပိကာသုစိ' ကျမ်းကို ရွှေကျင်ဂိုဏ်းချုပ် ဝိသုဒ္ဓါရုံဆရာတော်ကြီး၏ တိုက်တွန်းချက်အရ ဟံသာဝတီပုံနှိပ်တိုက်မှ ရိုက်နှိပ်ထုတ်ဝေသည်။ သုဘူတိမထေရ်၏ 'အဘိဓာနပ္ပဒီပိကာသုစိ' ကို ၁၈၉၃ ခုနှစ်တွင် ရိုက်နှိပ်ပြီး မြန်မာအက္ခရာ ပြောင်းထားသော 'အဘိဓာနပ္ပဒီပိကာသုစိ' ကိုမူ ၁၉၀၆ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသည်။ ပါဠိအဘိဓာန်၏ သီရိလင်္ကာ မြန်မာ အသွား အပြန်ခရီးစဉ်မှာ ထိုမျှနှင့် ရပ်မသွားသေးပေ။

၁၉၀၀ ခုနှစ်၌ သုဘူတိမထေရ်ကပင် 'အဘိဓာနပ္ပဒီပိကာ' အမည်ဖြင့် အဘိဓာန်တစ်စောင် စီစဉ်ပြန်သည်။ ထိုအဘိဓာန်သစ်၌ မောဂ္ဂလာန်၏ 'အဘိဓာနပ္ပဒီပိကာ' ဂါထာများကို အလယ်၌ထားလျှက် ထိုဂါထာ၌ပါသော ပါဠိဝေါဟာရများ၏အနက်ကို လက်ဝဲဘက်၌ သီဟိုဠ်ဘာသာဖြင့် လည်းကောင်း၊ လက်ျာဘက်၌ အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း ဖော်ပြ ထားသည်။

ထိုစာအုပ်လည်း မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး မြန်မာ့အရေခြုံ လဲလိုက်သည်။ မြန်မာနိုင်ငံသို့လာနေသော သီဟိုဠ်ရဟန်းတော် ဗုဒ္ဓဒတ္တ မထေရ်သည် သုဘူတိ၏ ယင်း 'အဘိဓာနပ္ပဒီပိကာ' ကို မြန်မာအက္ခရာ ပြောင်းပြီးလျှင် သီဟိုဠ်အနက်အဓိပ္ပာယ်၏နေရာ၌ မြန်မာအနက်အဓိပ္ပာယ်ကို ထည့်ထားသည်။ ထိုစာအုပ်ကို ၁၉၀၈ ခုနှစ်၌ 'ပြည်ကြီးမိတ်ဆွေ' ပုံနှိပ်တိုက် တွင် ရိုက်နှိပ်ထုတ်ဝေသည်။ သို့ရာတွင် ဗုဒ္ဓဒတ္တမထေရ်သည် သုဘူတိ၏ စာအုပ်ကို မြန်မာအက္ခရာနှင့် မြန်မာအနက် ပြောင်းထားခြင်း ဖြစ်သည်ဟူ၍မူ ဝန်ခံမထားပေ။ ယင်းသို့အားဖြင့် ပါဠိ အဘိဓာန်ခရီးသည် သီရိလင်္ကာနှင့် မြန်မာနိုင်ငံအကြား၌ လွန်းကူးသဖွယ် ဖြစ်နေသည်။

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်၌ သီရိလင်္ကာနှင့်

http://www.dhammadownload.com



မြန်မာနိုင်ငံတို့၏ သာသနာရေး ကူးလူးဆက်ဆံမှုသည် အထွတ်အထိပ် ရောက်ခဲ့သည်။ မြန်မာနိုင်ငံမှ သာသနာပိုင် မောင်းထောင်ဆရာတော် ဉာဏာဘိဝံသသည် သီရိလင်္ကာ သာသနာရေးလောက၌ သီဟိုဠ်ဆရာတော် ကြီးများထက်ပင် ကြည်ညိုလေးစားသူ ပေါများသည်။ သီရိလင်္ကာနိုင်ငံ၌ အမရပူရဂိုဏ်း တည်ထောင်နိုင်ခြင်းမှာ ထိုဆရာတော်ကြီး၏ ကျေးဇူး ကြောင့်ပင်ဖြစ်သည်။

အမရပူရဂိုဏ်း ရဟန်းသံဃာတော်များသည် မြန်မာနိုင်ငံဖြစ် ပါဠိ ကျမ်းဂန်ပေါင်း များစွာကို သီရိလင်္ကာနိုင်ငံသို့ ဆောင်ကြဉ်းသွားကြသည်။ 'သဒ္ဒေသကထာ' နှင့် 'သီမာဝိဝါဒ ဝိနိစ္ဆယကထာ' တို့သည် ထိုအချိန်က မြန်မာနိုင်ငံမှ သီရိလင်္ကာသို့ ရောက်သွားသော ကျမ်းစာများဖြစ်သည်။

ထိုအချိန်၌ သီရိလင်္ကာနှင့် မြန်မာရဟန်းသံဃာများသည် အဖွဲ့လိုက် အုပ်စုလိုက် တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကူးသန်းသွားလာခြင်းများလည်း ပြုလုပ် ကြသည်။ မြန်မာဘုရင်နှင့် မြန်မာဆရာတော်များထံ သီဟိုဠ်ဆရာတော်များ ပို့လိုက်သော 'သီဟဠသာသနဝံသကထာ' (သီဟိုဠ်သာသနာသမိုင်း) ရောက်လာသည်မှာလည်း ထိုအချိန်ကပင်ဖြစ်သည်။ ယင်းကို တုံ့ပြန်သည့် အနေဖြင့် မြန်မာနိုင်ငံမှ သာသနာပိုင် မောင်းထောင်ဆရာတော်ကြီးရေးသော 'ဇမ္ဗူဒီပသာသနဝံသကထာ'(မြန်မာနိုင်ငံ သာသနာပိုင်း) ကို သီရိလင်္ကာ နိုင်ငံသို့ ပြန်ပါးလိုက်သည်။

ဘကြီးတော်မင်းတရားလက်ထက်၌လည်း သီရိလင်္ကာနိုင်ငံမှ ပညာရှင် ပညာတိဿနှင့် အခြားရဟန်းတော်များပါဝင်သည့် အဖွဲ့တစ်ဖွဲ့ ရောက်လာ သည်။ ထိုအချိန်က သာသနာပိုင်ဆရာတော်မှာ ဒုတိယ မောင်းထောင် ဆရာတော် ဥေယျမေ္မမထေရ် ဖြစ်သည်။ သာသနာပိုင်ဆရာတော်ကြီးက သီဟိုဠ်ရဟန်းအဖွဲ့ကို အစစအရာရာ အကူအညီပေးသည်။ မြန်မာနိုင်ငံ

http://www.dhammadownload.com



သာသနာသမိုင်းကို ပါဠိဘာသာဖြင့်ရေးထားသော 'သာသနဝံသ' ကျမ်းကို ရေးသူမှာ ဒုတိယမောင်းထောင်ဆရာတော်ကြီး၏ တပည့် ပညာသာမိမထေရ် ဖြစ်သည်။ ထိုကျမ်းလည်း သီရိလင်္ကာနိုင်ငံ၌ မြန်မာနိုင်ငံ သာသနာသမိုင်းနှင့် စပ်လျဉ်း၍ လက်ကိုင်ထားရသော ကျမ်းဖြစ်သည်။

နောက်ပိုင်းတွင်လည်း မြန်မာနိုင်ငံမှ ကျမ်းစာများသည် သီရိလင်္ကာ နိုင်ငံ၌ ဆက်လက်နေရာရရှိနေပေသည်။ ရွှေကျင်ဆရာတော်ကြီး၏ လင်္ကာ သာသနသုဒ္ဓိကထာ သည် မြန်မာနိုင်ငံမှ သီရိလင်္ကာနိုင်ငံသို့ ရွှေကျင်ဂိုဏ်း ဆိုင်ရာ ကျမ်းစာများအနေဖြင့် ပထမဦးဆုံး ရောက်ရှိသွားသော ကျမ်းစာ ဖြစ်သည်။ နောက်ပိုင်း သီရိလင်္ကာနိုင်ငံ ကိုလမ္ဗိုမြို့၌ ရွှေကျင်ဂိုဏ်း မဟာ ဝိသုဒ္ဓါရာမကျောင်းတိုက် တည်ထောင်သောအခါ သီရိဓမ္မမထေရ် သီဟိုဠ် ဘာသာပြန်ဆိုသော ဝိသုဒ္ဓါရုံဆရာတော်ကြီး၏ 'ပရမတ္ထသရူပဘေဒနီ' ကျမ်းကို သီဟိုဠ်ရဟန်းအများအပြား လေ့လာဆည်းပူးကြသည်ဟု သိရသည်။

မြန်မာနိုင်ငံမှ ကလျာဏသာရထေရဝါဒရေးသားသော 'သုစိတ္တာလင်္ကာရ' အမည်ရှိ ပါဠိဘာသာ အဘိဓမ္မာကျမ်းတစ်ကျမ်းကိုလည်း သီဟိုဠ်အက္ခရာဖြင့် သီရိလင်္ကာနိုင်ငံတွင် ၁၉၂၇ ခုနှစ်က ပုံနှိပ်ထုတ်ဝေထားသည်။

သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့၌ The Buddhist Publication Society အမည်ရှိ ဗုဒ္ဓကျမ်းစာများကို ထုတ်ဝေဖြန့်ချိနေသည့် အသင်းအဖွဲ့ကြီးတစ်ခု ရှိသည်။ ထိုအသင်းအဖွဲ့ကြီးက ပညာရှင် ရဟန်းရှင်လူများ ရေးသားသည့် ဗုဒ္ဓကျမ်းစာများကို အင်္ဂလိပ်ဘာသာဖြင့် ကျယ်ပြန့်စွာ ထုတ်ဝေဖြန့်ချိ နေလေရာ မြန်မာနိုင်ငံမှ ရေးသားသော စာအုပ်များကိုလည်း ထုတ်ဝေ သည်ကို တွေ့ရပေသည်။ ထိုစာအုပ်များထဲတွင် လယ်တီဆရာတော်၏ ကျမ်းစာအုပ်များနှင့် အခြား မြန်မာ ဗုဒ္ဓစာပေပညာရှင်များ၏ စာအုပ်များ ပါဝင်ပေသည်။

❖

ပုဂံစာအုပ်တိုက်

http://www.dhammadownload.com

## ဆဋ္ဌသင်္ဂါယနာနှင့် သီရိလင်္ကာနိုင်ငံ

၁၉၅၁ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ပါလီမန်လွှတ်တော်၌ ပြည်ထောင်စု မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ အက်ဥပဒေကြမ်းတစ်ခု အတည်ပြု ပြဋ္ဌာန်းသည်။ ထိုအက်ဥပဒေအရ မြန်မာနိုင်ငံ၌ ပြည်ထောင်စု ဗုဒ္ဓသာသနာကောင်စီ အဖွဲ့ကြီး ပေါ်ပေါက်လာသည်။ ထိုအချိန်မှစ၍ ပြည်ထောင်စု ဗုဒ္ဓသာသနာ ကောင်စီသည် မြန်မာနိုင်ငံ၌ ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကျင်းပပြုလုပ်ရေးအတွက် အစီအစဉ်များကို ပြုလုပ်ဆောင်ရွက်လာခဲ့သည်။ ဆဋ္ဌသင်္ဂါယနာ၏ အဓိက လုပ်ငန်းတစ်ရပ်မှာ ပိဋကတ်ကျမ်းဂန်များကို တည်းဖြတ်သုတ်သင်ရန် ဖြစ်သည်။ ယင်းလုပ်ငန်းအတွက် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင် သီတင်းသုံးကြသော ဆရာတော် သံဃာတော်များ ပါဝင်သည့် ဝိသောဓက အဖွဲ့နှင့် ပဋိသောဓကအဖွဲ့ကို ဖွဲ့စည်းလိုက်သည်။

ဆဋ္ဌသင်္ဂါယနာတင်ရာ၌ ဘက်ကျခိုင်မာရေးနှင့် အားဖြည့်စေရေး အတွက် အခြား ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံများ၏ ပံ့ပိုးကူညီရေးသည်

http://www.dhammadownload.com



အဓိကလိုအပ်သော အချက်တစ်ချက် ဖြစ်လာသည်။ ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းသည့်အနေဖြင့် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာကောင်စီက အခြား ထေရဝါဒနိုင်ငံများအား အကူအညီတောင်းခံသောအခါ ထေရဝါဒဗုဒ္ဓဘာသာ နိုင်ငံ အတော်များများက လက်ကမ်းကြိုဆိုကြသည်။ ထိုနိုင်ငံများထဲတွင် သီရိလင်္ကာနိုင်ငံသည် ထိပ်တန်းနိုင်ငံ တစ်နိုင်ငံအဖြစ် ပါဝင်လာသည်။

ပုဂံခေတ်၌ အနော်ရထာမင်းကြီးသည် သထုံမှရရှိလာသော ပိဋကတ် ကျမ်းဂန်များကို သီရိလင်္ကာနိုင်ငံတွင်ရှိနေသော ပိဋကတ် ကျမ်းဂန်များနှင့် ညှိနှိုင်းတိုက်ဆိုင်ကြည့်ရန်အတွက် မှူးမတ်လေးဦး ပါဝင်သော အဖွဲ့တစ်ဖွဲ့ကို သီရိလင်္ကာနိုင်ငံသို့ စေလွှတ်ခဲ့ဖူးသည်။ ထိုနည်းတူစွာ မြန်မာနိုင်ငံတွင် တည်းဖြတ်သုတ်သင်ထားသော ပိဋကတ်ကျမ်းဂန်များကို အခြားထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများ၌ရှိနေသော ပိဋကတ်ကျမ်းဂန်များနှင့် ညှိနှိုင်းတိုက်ဆိုင် ကြည့်ရန် လိုအပ်လာသောအခါ သီရိလင်္ကာနိုင်ငံသည် ရှေ့တန်းရောက် လာသည်။

ထို့ကြောင့် ၁၉၅၃ ခုနှစ်၊ ဇန်နဝါရီလတွင် အဘိဓဇမဟာ ရဋ္ဌဂုရု ညောင်ရမ်းဆရာတော် ကြီးမှူးသော အဖွဲ့တစ်ဖွဲ့သည် သီရိလင်္ကာနိုင်ငံသို့ သွားကြသည်။ ထိုအဖွဲ့ သီရိလင်္ကာနိုင်ငံ သွားရခြင်း၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ ဝိသောဓကအဖွဲ့နှင့် ပဋိဝိသောဓကအဖွဲ့တို့ တည်းဖြတ် သုတ်သင်ထားပြီးဖြစ်သော ပိဋကတ်ကျမ်းဂန်များကို သီရိလင်္ကာနိုင်ငံရှိ ပိဋကတ်ကျမ်းဂန်များနှင့် ထပ်မံ ညှိနှိုင်းတိုက်ဆိုင်ကြည့်ရန်အတွက် သီရိလင်္ကာနိုင်ငံရှိ ရဟန်းသံဃာတော်များအား တရားဝင် လျှောက်ထား တောင်းပန်ရန်ဖြစ်သည်။

မြန်မာနိုင်ငံမှ ဗုဒ္ဓသာသနာကောင်စီ၏ကမ်းလှမ်းချက်ကို သီရိလင်္ကာ နိုင်ငံ ရဟန်းသံဃာတော်များက စေတနာအပြည့်ဖြင့် ချက်ချင်းတုံ့ပြန်ကြသည်။

http://www.dhammadownload.com



အမှန်က မြန်မာအဖွဲ့ရောက်မသွားမီ တစ်လခန့်ကပင် သီရိလင်္ကာနိုင်ငံ၌ သီရိလင်္ကာနိုင်ငံ ပြည်ထဲရေးဌာနဝန်ကြီး၏ လှုံ့ဆော်ချက်အရ မြန်မာနိုင်ငံ ဆဋ္ဌသင်္ဂါယနာတွင် သီရိလင်္ကာပါဝင်ရေးနှင့်ပတ်သက်၍ သီဟိုဠ် သံဃ နာယကထေရ် ၁၄ ပါးနှင့် တွဲဖက်အတွင်းရေးမှူးများအဖြစ်ဖြင့် ပညာရှင် လူဒါယကာ ၂ဦးပါဝင်သော အကြံပေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းထားသည်။ ထိုကော်မတီ၏ တာဝန်မှာ ဆဋ္ဌသင်္ဂါယနာတင်ပွဲ၌ သီရိလင်္ကာ ပါဝင်ရေးနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးအား အကြံဉာဏ်ပေးရန်ဖြစ်သည်။

မြန်မာအဖွဲ့ သီရိလင်္ကာနိုင်ငံရောက်သွားသောအခါ အဖွဲ့ဝင်တစ်ဦး ဖြစ်သည့် မြန်မာနိုင်ငံအစိုးရ သာသနာရေးဝန်ကြီးက ထိုအချိန်က သီရိ လင်္ကာနိုင်ငံ ဝန်ကြီးချုပ် ဆေနာ နာယကအား မြန်မာနိုင်ငံမှ တည်းဖြတ် သုတ်သင်ထားသော ပိဋကတ်ကျမ်းဂန်များကို သီဟိုဠ်ပိဋကတ်ကျမ်းဂန် များနှင့် ညှိနှိုင်းတိုက်ဆိုင်ကြည့်ရန်အတွက် ပေးအပ်လိုက်သည်။ ထို့ပြင် ထိုအခမ်းအနား၌ မြန်မာနိုင်ငံ မဟာသံဃအဖွဲ့နှင့် ဗုဒ္ဓသာသနာကောင်စီ တို့၏ သဝဏ်လွှာများကိုလည်း ဖတ်ကြားသည်။

ထို့နောက် အကြံပေးကော်မတီ၏ အကြံဉာဏ်ပေးချက်အရ ဓမ္မနှင့် ဝိနယတို့၌ ကျွမ်းကျင်တော်မူကြသော သံဃမဟာထေရ် ၁၆ ပါး ပါဝင်သော ဗဟိုအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းသည်။ ယင်းအဖွဲ့သည် ပိဋကတ်ကျမ်းဂန်များကို မြန်မာနိုင်ငံသို့မပို့မီ နောက်ဆုံးအကြိမ် သုတ်သင်တည်းဖြတ်မှုတာဝန်ကို ယူရသည့်အဖွဲ့ဖြစ်သည်။ ထိုကိစ္စကို အကောင်အထည်ဖော်ရန်အတွက် မထေရ် ၅ ပါးစီပါဝင်သော အဖွဲ့ငယ်များကိုလည်း သပ်သပ်ဖွဲ့သည်။ ယင်း အဖွဲ့များသည် တစ်ဖွဲ့စီ ပိဋကတ်ကျမ်းဂန် တစ်ကျမ်းစီကို ညှိနှိုင်းတည်းဖြတ် သည့်တာဝန်ကို ယူကြရသည်။ မြန်မာအဖွဲ့ ယူဆောင်သွားသော ပိဋကတ် ကျမ်းဂန်တစ်ကျမ်းစီကို အဖွဲ့ငယ် တစ်ဖွဲ့စီ တစ်ဖွဲ့စီ၏လက်ထဲ အပ်နှံသည်။

http://www.dhammadownload.com



ထိုအဖွဲ့ငယ်များ ညှိနှိုင်းတည်းဖြတ်ထားသော ပိဋကတ်ကျမ်းစာများကို ဗဟိုအဖွဲ့ကြီးက ထပ်မံစိစစ်သည်။ ထိုလုပ်ငန်းကိစ္စအရပ်ရပ်အတွက် ကုန်ကျစရိတ်ကို သီရိလင်္ကာအစိုးရက ထောက်ပံ့လှူဒါန်းသည်။ ထိုလုပ်ငန်းကိစ္စများအတွက် အထောက်အပံ့ဖြစ်စေရန်အတွက် **(The Burmese Tripitaka Sangayana Lanka Dayaka Sabha)** (မြန်မာသင်္ဂါယနာ သီရိလင်္ကာဒါယကာအဖွဲ့) အမည်ဖြင့် ဒါယကာအဖွဲ့ တစ်ဖွဲ့ကိုလည်း ဖွဲ့ထားသည်။

သီရိလင်္ကာနိုင်ငံရှိ ပိဋကတ်ကျမ်းဂန်များနှင့် ညှိနှိုင်းတည်းဖြတ်ပြီးသော ပိဋကတ်ကျမ်းစာများသည် အချိန်မီ မြန်မာနိုင်ငံသို့ ရောက်ရှိလာကြသည်။ ပထမအသုတ်အနေဖြင့် ဝိနည်း ပိဋကတ်ကျမ်းဂန် ရောက်ရှိလာသည်။ ထိုဝိနည်းပိဋကတ်ကို သီရိလင်္ကာမှ မြန်မာနိုင်ငံသို့ ဆောင်ကြဉ်းလာသူများမှာ ၁။ ပိဗုဒ္ဓဒတ္တမထေရ်၊ ၂။ ကောဓမ္မဝံသမထေရ်နှင့် ဒါယကာအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်ဖြစ်သော မစ္စတာအိပ်ချ်အယ်ဂလက်ဒရာနှင့် မစ္စတာ ဘီ–အိပ်ချ်ဒီလျံတို့ ဖြစ်ကြသည်။ ထိုအဖွဲ့သည် ၁၉၅၃ ခု၊ ဇူလိုင်လတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

၁၉၅၃ ခုနှစ်၊ နိုဝင်ဘာလတွင် နောက်ထပ် သီဟိုဠ် ဗုဒ္ဓဘာသာ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ ရောက်လာပြန်သည်။ ထိုအဖွဲ့အတွင် သီဟိုဠ် သံဃာဂိုဏ်းပေါင်းစုံမှ ရဟန်းသံဃာများ ပါဝင်လာကြသည်။

အမရပူရဂိုဏ်း ပဏ္ဍိတဝေလာဂေဒါ သောမာလောက မထေရ်က ခေါင်းဆောင်ပြီး ရှမ်းဂိုဏ်းမှ ဒေဝမိတြနာယကမထေရ်၊ ရွှေကျင်ဂိုဏ်းမှ ဒေဝိနဝရ ဉာဏဝံသမထေရ်တို့က အဖွဲ့ဝင်အဖြစ် ပါလာကြသည်။ ထိုကိုယ်စားလှယ်အဖွဲ့သည် သီရိလင်္ကာနိုင်ငံ၌ သီဟိုဠ်ပိဋကတ်ကျမ်းများနှင့် ညှိနှိုင်းတည်းဖြတ်ပြီးသည့် နိကာယ်ကျမ်းများကို ဆောင်ကြဉ်းလာကြသည်။

http://www.dhammadownload.com



နိုင်ငံတော် ဗုဒ္ဓသာသနာကောင်စီက အောက်ပါ သီဟိုဠ်ဆရာတော်များအား ဆဋ္ဌသင်္ဂါယနာဝန်ဆောင် ဆရာတော်များအဖြစ် ရွေးချယ်တင်မြှောက်ထားသည်။

၁။ အာနန္ဒမေတ္တေယျမထေရ်
(Ven. Anand Maitriya Thero)
– ဩဝါဒစရိယဆရာတော်

၂။ ဝေလိ ဝတ္တိယ သောရတမထေရ်
(Ven. Welivitiya Sorata Thero)
– ဩဝါဒစရိယဆရာတော်

၃။ ဟိ စေလေ ဉာဏောဒယမထေရ်
(Ven. Hisselle Granodaya Thero)
– ဩဝါဒစရိယဆရာတော်

၄။ ဒေါက်တာ ပရဝါဟိရ ဝဇိရဉာဏမထေရ်
(Dr. Parawahera Vaziragnana Thero)
– ဝန်ဆောင်ဆရာတော်

၅။ ပိုလဝတ္တေ ဗုဒ္ဓဒတ္တမထေရ်
(Ven. Polwatte Buddha datta Thero)
– ပဋိသောဓကအဖွဲ့ဝင်ဆရာတော်

ဗုဒ္ဓဒတ္တမထေရ်သည် ပဋိသောဓကဆရာတော်များအဖွဲ့ဝင် ဆရာတော်အဖြစ်ဖြင့် မြန်မာနိုင်ငံ၌ အချိန်ကြာမြင့်စွာနေထိုင်လျက် ပိဋကတ်ကျမ်းဂန်များ တည်းဖြတ်သုတ်သင်သည့်အလုပ်ကို လုပ်ခဲ့သည်။

ဆဋ္ဌသင်္ဂါယနာတင်ပွဲကို ၁၉၅၆ ခု၊ မေလ ၂၄ ရက်နေ့မှစ၍ ကမ္ဘာအေးကုန်းမြေ၌ ကျင်းပပြုလုပ်သည်။ သင်္ဂါယနာတင်ပွဲသို့ ထေရဝါဒ ဗုဒ္ဓဘာသာ

http://www.dhammadownload.com



နိုင်ငံများမှ ကိုယ်စားလှယ်များအပြင် မဟာယာနဗုဒ္ဓဘာသာနိုင်ငံများမှ ကိုယ်စားလှယ်များလည်း တက်ရောက်လာကြသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သမ္မတကြီးက သင်္ဂါယနာပွဲကို ဖွင့်လှစ်ပေးသည်။ ပထမ သန္နိပါတကို ၁၉၅၄ ခု၊ မေလ ၂၁ ရက်မှ ဇူလိုင် ၆ ရက်နေ့အထိ ၄၆ ရက်ကြာမျှ ကျင်းပသည်။ အဘိဓဇ မဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်က သဘာပတိအဖြစ် ဆောင်ရွက်တော်မူသည်။ ပထမသန္နိပါတ၌ ဝိနယ ပိဋကကို သင်္ဂါယနာတင်သည်။

ဒုတိယသန္နိပါတကို ၁၉၅၄ ခု၊ နိုဝင်ဘာလ ၁၅ ရက်နေ့မှစ၍ ၁၉၅၅ ခု၊ ဇန်နဝါရီ ၂၉ ရက်အထိ ၆၅ ရက် ကျင်းပသည်။ ဒုတိယ သန္နိပါတ၏ ပထမပိုင်းပြီးဆုံးသွားသောအခါ သဘာပတိ ညောင်ရမ်း ဆရာတော်ကြီး ရောင်တခင် ပျံလွန်တော်မူသွားသောကြောင့် ညောင်ရမ်း ဆရာတော်ကြီး၏နေရာ၌ အဘိဓဇ မဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ကြီးက သဘာပတိအဖြစ် ဆောင်ရွက်သည်။ ဒုတိယသန္နိပါတ၌ ဒီဃနိကာယ်နှင့် သံယုတ်နိကာယ်ကို သင်္ဂါယနာတင်သည်။

တတိယသန္နိပါတသည် ၁၉၅၅ ခု၊ ဧပြီလ ၂၈ ရက်မှ ၁၉၅၅ ခု၊ မေ ၂၈ ရက်အထိ ရက်ပေါင်း ၃၀ ကြာသည်။ တတိယသန္နိပါတ၏ ပထမပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံမှ သာသနာပိုင်ဆရာတော်က သဘာပတိအဖြစ် ဆောင် ရွက်ပြီး ဒုတိယပိုင်း၌ လာအိုနိုင်ငံမှ သာသနာပိုင်ဆရာတော်က သဘာပတိ အဖြစ် ဆောင်ရွက်သည်။ တတိယသန္နိပါတ၌ အင်္ဂုတ္တရနိကာယ်ကို သင်္ဂါယနာတင်သည်။

စတုတ္ထသန္နိပါတကို ၁၉၅၅ ခု၊ ဒီဇင်ဘာ ၁၆ မှ ၁၉၅၆ ခု၊ ဖေဖော်ဝါရီ ၁၆ အထိ ၆၃ ရက် ကျင်းပသည်။ ထိုင်းနိုင်ငံ သန္နိပါတဟု အမည်ပေးထား သော စတုတ္ထသန္နိပါတကို ထိုင်းနိုင်ငံ ဝန်ကြီးချုပ်က ဖွင့်လှစ်ပေးပြီး ထိုင်းနိုင်ငံ

http://www.dhammadownload.com



သာသနာပိုင်ဆရာတော်က ဆင်္ဃသင်္ဂတိမဟာနာယက (သဘာပတိ)အဖြစ် ဆောင်ရွက်တော်မူသည်။ စတုတ္ထသန္နိပါတ၌ အဘိဓမ္မာပိဋကတ် ပဋ္ဌာန်းကျမ်းနှင့် ခုဒ္ဒကနိကာယ် ၁၅ ကျမ်းကို သင်္ဂါယနာတင်သည်။

နောက်ဆုံး သန္နိပါတဖြစ်သော ပဉ္စမသန္နိပါတကို ၁၉၅၆ ခု၊ ဧပြီ ၂၃ မှ ၁၉၅၆ ခု၊ မေ ၂၄ ရက်အထိ ၃၁ ရက် ကျင်းပသည်။ ပဉ္စမသန္နိပါတကို 'သီဟိုဠ်သန္နိပါတ' ဟူ၍ အမည်ပေးထားသည်။ သီဟိုဠ် သန္နိပါတဟု အမည်ပေးထားသော ပဉ္စမသန္နိပါတကို သီရိလင်္ကာနိုင်ငံ သာသနာရေးနှင့် ယဉ်ကျေးမှုဌာနဝန်ကြီး ဂျယဝီရကုရုပ္ပုက ဖွင့်လှစ်ပေးပြီး သီရိလင်္ကာနိုင်ငံ သျှမ်း မဟာနာယကဆရာတော် ဝေလိ ဝိတ ဓမ္မကိတ္တိ အသရဏ သရဏ သီရိသရဏင်္ကရ မဟာနာယကထေရ် The Most Ven. Weli Wita Dharmakirti A Sarana Sarana Sri Saranakara Mahanayaka Thero က သဘာပတိအဖြစ် ဆောင်ရွက်တော်မူသည်။ ပဉ္စမသန္နိပါတ၌ ကျန် အဘိဓမ္မာ ၆ ကျမ်းကို သင်္ဂါယနာတင်လေသည်။

❖

ပါရဂူ